# ကြေးမုံ

**The Mirror Daily**


၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


## ကပ်ငြိတွယ်တာမှုမရှိ

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ တနင်္လာနေ့။ Monday, 17 May 2021 ၁၀၃၇၆

# ရန်ကုန်မြို့ ဂေဟာစနစ်ကို ထိန်းညှိပေးနေသော အင်းလျားကန်နှင့် ကန်တော်ကြီးတို့ကို ရေရှည်ထိန်းသိမ်းသင့်

ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်ကို တွေ့ရစဉ်။

**ရန်ကုန် မေ ၁၆**

ကန်တော်ကြီး ရေလှောင်ကန်သည် တစ်ချိန်က ရန်ကုန်မြို့နေလူထုအတွက် ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများကို ကာလကြာမြင့်စွာ ဖြန့်ဝေပေးရာမှ မြို့တော်လူဦးရေတိုးပွားလာချိန်တွင် သောက်သုံးရေများ ပိုမိုဖူလုံပြည့်ဝစွာ ပေးနိုင်ရန်အတွက် အင်းလျားကန်မှရေကို ကန်တော်ကြီးထဲသို့ လက်မ ၃၀ ပိုက်များဖြင့်သွယ်တန်းကာ သောက်သုံးရေများ ဆက်လက်ဖြန့်ဝေပေးနိုင်ခဲ့သည်။

ကန်တော်ကြီးနှင့် အင်းလျားရှေးဟောင်းသမိုင်းဝင် ရေလှောင်ကန်ကြီးများ၏ ကန်ရေပြင် အစဉ်ကြည်လင်စေရေးနှင့် ဝန်းကျင်သစ်တောများ စိမ်းလန်းစိုပြည်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လွတ်လပ်ရေးရရှိချိန်မှစ၍ ယနေ့တိုင် စနစ်တကျ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪

## ကြေးမုံ ယနေ့ ဖတ်စရာ


**ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၃

---

“CDM” **မလုပ်ခဲ့သော နိုင်ငံ့ဝန်ထမ်းများနှင့်** “Social Punishment” **ခံနေရသူများအတွက်** …

စာမျက်နှာ » ၈

---

**စာပေမြတ်နိုး၊ ပြည့်အကျိုး၊ သယ်ပိုးဆောင်တည်၊ ကြည်အောင် (ကေတုမတီ) သို့မဟုတ် (ဣန္ဒာဆွေ)**

စာမျက်နှာ » ၁၀


## အချပ်ပို ၁၆ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၁၆ မျက်နှာ ဖော်ပြပါရှိပါသည်။


မြန်မာပြည်၏ အကြီးဆုံး ဆောက်လုပ်ရေးသုံးပစ္စည်းများ တနေရာထဲမှာရရှိနိုင်မည်

5 Mile

ရန်ကုန်၊ မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၅)လမ်းမပေါ်တွင်တည်ရှိသော

Construction Material Park & Logistic Hub

■ ဝရန်(၅၀)'x ကျန်(၅၀)'x ကို(၂.၅)'x X လ (၂၀)ပေးသွင်းရမည်။Bank Transfer လက်ခံသည်

(၁) ဧက 2500 သိန်းခန့်

Sale Agent E-House Tel: 09 777 999 111 / 222 Discount 20% Off

Promotion

Developed By: 5 Mile Industrial Park & Logistic Hub 24 ~ 31 May-2021



ကြေးမုံ

# အရည်အသွေးနှင့် ဘဝအဆင့်မြှင့် ပညာဖြင့် အနာဂတ်ကိုပျိုးထောင်

လူသည် အသိဉာဏ်ပညာတို့ကို မပြတ်ဆည်းပူးမှ အောင်မြင်တိုးတက်သောဘဝကို ပိုင်ဆိုင်နိုင်သည်။ ထို့ကြောင့် ကလေးသူငယ်အရွယ်မှစ၍ ဘဝဆုံးတိုင်အောင် အသိဉာဏ်ပညာတို့ကို လေ့လာဆည်းပူးနေရသည်။ အသိဉာဏ်ပညာတို့ကို စတင်ပျိုးထောင်ရာသည် စာသင်ကျောင်းဖြစ်သည်။ လူတစ်ယောက်၏ ကောင်းမွန်သည့် အရည်အသွေးနှင့် ဗီဇအကျင့်ကို တတ်မြောက်လွယ်သည့် ကလေးသူငယ် လူငယ်ဘဝမှ စတင်ပြုစုပျိုးထောင်ကြသည်။

ကလေးသူငယ်လူရွယ်များ၏ အဓိကအလုပ်မှာ ပညာဖြစ်သည်။ စာသင်ကြားရေးဖြစ်သည်။ အချိန်တန် အရွယ်ရောက် ပညာရည်နို့မသောက်စို့ပါက ကြီးသော်နောင်တပူပန်အဖြစ်သို့ မျက်နှာငယ်ရသည့်အဖြစ်သို့ ရောက်တတ်သည်။ ငယ်ရွယ်စဉ်တွင် ဖြစ်မြောက်အောင် မသင်ကြားခဲ့ပါက ဘဝခရီးလမ်းတွင် အောင်မြင်အောင် အသုံးချနိုင်မည့် အဆင့်မြင့်ပညာနယ်ပယ်သို့ပင် ရောက်မည်မဟုတ်ပေ။ ထို့ကြောင့် အချိန်ရှိခိုက်လုံ့လစိုက်၍ ဘဝအဆင့်ဆင့်ကို တက်လှမ်းနိုင်ရန်အတွက် ပညာအဆင့်ဆင့် မြင့်သထက်မြင့်အောင် ကြိုးပမ်းအားထုတ်ကြရသည်။

ယခုအခါ အခြေအနေအရပ်ရပ်ကြောင့် ကလေးသူငယ်၊ လူငယ်လူရွယ်များ ပညာနှင့် အလှမ်းဝေးနေကြသည်။ ပြီးခဲ့သည့်စာသင်နှစ်က ကိုဗစ်-၁၉ ရောဂါကြောင့် စာသင်ကျောင်းများပိတ်ထားခဲ့ရာ ကျောင်းသား ကျောင်းသူများ နစ်နာခဲ့ရသည်။ ယခုမေလ ၅ ရက်နေ့တွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ နောက်ဆုံးနှစ်သင်တန်းများနှင့် အထက်သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ သို့သော် ကျောင်းသားအားလုံး ကျောင်းမတက်ခဲ့ကြပေ။ ကျောင်းသားအချို့သာ ကျောင်းတက်ခဲ့ကြသည်။ ဆက်လက်၍ ဇွန်လ ၁ ရက်နေ့တွင် အခြေခံပညာကျောင်းများ ပုံမှန်ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိပြီး မေလ ၂၄ ရက်မှ ၃၁ ရက်နေ့အထိ ကျောင်းအပ်နှံကြရတော့မည် ဖြစ်သည်။

ယမန်နှစ်က ကိုဗစ်-၁၉ ရောဂါကြောင့် စာသင်နှစ်တစ်နှစ် ရပ်ဆိုင်းခဲ့သည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ နစ်နာခဲ့ကြရသည့်အပြင် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ တုံ့ဆိုင်းသွားခဲ့သည်။ ထို့ကြောင့် အခက်အခဲအနှောင့်အယှက်များကြားမှ နိုင်ငံတော်က ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းအားထုတ်နေသော်လည်း မသမာသူများ၊ အတွေးအခေါ်လွဲမှား၍ ပညာအဆုံးခံလိုသူများက ကျောင်းမတက်ခြင်း၊ ကျောင်းများမဖွင့်နိုင်အောင် လှုံ့ဆော်ခြင်း၊ ဖျက်ဆီးခြင်း၊ ကလေးငယ်များ ပညာသင်ကြားရေးအတွက် ခြိမ်းခြောက်နှောင့်ယှက်ခြင်း၊ သွေးထိုးလှုံ့ဆော်ဟန့်တားခြင်းများ ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် အမျိုးသားပညာရေးစနစ်ဖြစ်သည်။ ထိုပညာရေးစနစ်သည် ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေအရ ဖြစ်ပေါ်လာသော ပညာရေးစနစ်ဖြစ်သည်။ ယခင်အစိုးရနှစ်ဆက်တိုင် ကျင့်သုံးအကောင်အထည်ဖော်ခဲ့သောပညာရေးစနစ်ဖြစ်သည်။ ထိုပညာရေးစနစ်ကို စစ်ကျွန်ပညာရေးဟု ပုတ်ခတ်နေသည်မှာ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား စော်ကားခြင်းသာဖြစ်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်ကိုဖျက်ဆီးသည့် အဖျက်အမှောင့်လုပ်ရပ်သာဖြစ်သည်။ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားစေခြင်းသည် အစိုးရတစ်ရပ်အကျိုးအတွက် လုပ်ဆောင်ခြင်းမဟုတ်ပေ။ အစိုးရတစ်ရပ်ဆိုသည်မှာ ကာလတစ်ရပ်သာ တာဝန်ယူဆောင်ရွက်ရသောအဖွဲ့အစည်းဖြစ်ပြီး ပညာသင်ကြားခြင်းဆိုသည်မှာ ကျောင်းသား ကျောင်းသူများ၏ ဘဝတစ်ခုလုံးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

ကမ္ဘာတွင် ပညာခေတ်ဟုကြွေးကြော်နေပြီး ပညာမြင့်မားတိုးတက်ရေးကို ဆောင်ရွက်နေသောအချိန်တွင် ပညာရေးစနစ်ပျက်စီးအောင် ဒီမိုကရေစီအမည်ခံ အကြမ်းဖက်သမားများက ဖျက်ဆီးနေကြသည်မှာ အထူးစိုးရိမ်စရာ၊ စိတ်မကောင်းစရာဖြစ်သည်။ အစွန်းရောက်နိုင်ငံရေးသမားများက ပညာသင်ကြားရေးသာမက အခြားကဏ္ဍအားလုံးတို့ကို ဟန့်တားပိတ်ဆို့နေသည်မှာ အစိုးရတစ်ရပ် ပျက်စီးရေးကို ဦးတည်သော်လည်း နိုင်ငံအလုံးစုံပျက်စီးရေးကို ဖန်တီးနေသည်ကို သတိမမူကြပေ။ ပညာမလိုလားသော အဖျက်သမားများက ဖျက်ဆီးနေသော်ငြားလည်း ပန်းပျိုးသောလက် ဆရာ ဆရာမများက မိမိစိုက်သောပန်းကို မိမိကိုယ်တိုင်ဖျက်ဆီးခြင်းအဖြစ်ကို မရောက်စေအောင် ရှောင်ရှားသင့်ပေသည်။

ပညာဖြင့် သားကောင်းရတနာများကို မွေးထုတ်ပေးရသည့်အလုပ်မှာ အလွန်မွန်မြတ်သောအလုပ်ဖြစ်ပေသည်။ ပညာမလိုလား နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ အသုံးချခံမဖြစ်စေရေး သတိမူရမည်ဖြစ်သည်။ အပြစ်ကင်းစင်သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ ပညာသင်ကြားခွင့်မရအောင် ဖျက်ဆီးနှောင့်ယှက်သူများကိုလည်း ဝိုင်းဝန်းတားဆီးဖယ်ရှားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကလေးသူငယ်၊ လူငယ်လူရွယ်များ အရည်အသွေးနှင့်ဘဝမြင့်မားတိုးတက်ရေးအတွက် ဖြောင့်တန်းစွာ ပညာသင်ကြားနိုင်အောင် ဝိုင်းဝန်းကြိုးပမ်း လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (c)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG) တို့သည် "Civil Disobedience Movement–CDM" တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အစဉ်တစိုက်လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိနေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ "CRPH" နှင့် "NUG" အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် "NUG"အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ "NUG" နှင့် "PDF"တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့်လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့များ၏ "CDM" ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ "CDM" မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃) ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကိုဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ(National Unity Government–NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၁-၂၀၂၂ ပညာသင်နှစ်"
## အသိပေးကြေညာချက်

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade-1)သို့ အပ်နှံရန်။

## ကျောင်းအပ်နှံရာတွင်

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။
- ❖ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ ထောက်ပံ့ပါသည်။


ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန် စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦး၊ ဦးစည်သူလွင် |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာ့အားကစား ပြန်လည်မြှင့်တင်

မြန်မာ့အားကစား ပြန်လည်မြှင့်တင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းများ တည်ဆောက်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မိုးလုံလေလုံအားကစားရုံများ၊ ဒိုင်ဗင်ထိုးစင်ပါ ရေကူးကန်များ တည်ဆောက်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း မြင့်မားလာစေရန် အားကစားသမားများအတွက် ကြံ့ခိုင်ရေးနည်းပြများနှင့် အားကစားစနစ်နည်းပြများ ခန့်အပ်ပြီး လေ့ကျင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူလူထု ကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်များအလိုက် လမ်းလျှောက်နိုင်သည့် ဧရိယာများ သတ်မှတ်ပြုလုပ်ပေးရန် လိုအပ်ကြောင်း၊ စာသင်ကျောင်းများတွင် အားကစားနည်းပြ ကာယဆရာများ ခန့်အပ်နိုင်ရေးအတွက် သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များတွင် ကာယဆရာများ ပိုမိုလေ့ကျင့် မွေးထုတ်ပေးရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် မေ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အလင်္ကာကျော်စွာ ထပ်ဆင့်အကယ်ဒမီ ပန်းချီစိုးမိုး၊ လုပ်ငန်းကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာသမိုင်းပညာရှင်များ၊ ရုပ်ရှင်ဆိုင်ရာ အတတ်ပညာရှင်၊ အသိပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရုပ်ရှင်ရိုက်ကူးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ကာ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်တွင် ရိုက်ကူးမှုကို စတင်နိုင်ခဲ့သည်ကို သိရှိရကြောင်း၊ ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကိုဗစ်-၁၉ ပထမလှိုင်းနှင့် စက်တင်ဘာလတွင် ဒုတိယလှိုင်းများ ဖြစ်ပေါ်လာမှုကြောင့် ရိုက်ကူးမှုကို မူလရည်မှန်းထားသည့် အချိန်ကာလ သတ်မှတ်ချက်အတိုင်း တစ်ဆက်တည်း ရိုက်ကူးနိုင်ခြင်း မရှိခဲ့ကြောင်း၊ အခက်အခဲကြားထဲမှ ရိုက်ကူးရေးလုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရှိရကြောင်း၊ ယခုအခါတွင် ရိုက်ကူးရေးလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍တည်းဖြတ်မှု၊ ကွန်ပျူတာနည်းပညာဖြင့် အထူးပြုလုပ်မှု၊ အသံအထူးပြုလုပ်မှု၊ Colour ချိန်ညှိမှု၊ Music/ Dubbing တီးခတ်မှုစသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ကျန်နေသေးကြောင်း။

**ဆက်လက်ဆောင်ရွက်ရမည်**

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားကို အပြီးသတ်ထုတ်လုပ်ပြသရန်အတွက် မိမိတို့အားလုံး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အပြီးသတ်လုပ်ငန်းများ အများကြီးကျန်ရှိနေသေးကြောင်းကို သိရှိရကြောင်း၊ ၎င်းလုပ်ငန်းများမှာ ကွန်ပျူတာနည်းပညာဖြင့် ပုံရိပ်ဖန်တီးမှုလုပ်ငန်း၊ တည်းဖြတ်မှုလုပ်ငန်း၊ Sound Effect များကို Yangon Post မှ မလေးရှားတွင် ဆောင်ရွက်မည့်လုပ်ငန်း၊ Final တည်းဖြတ်မှုလုပ်ငန်း၊ Colour ချိန်ညှိမှုလုပ်ငန်း၊ Music/ Dubbing တီးခတ်မှုလုပ်ငန်းတို့ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို ကြည့်ခြင်းအားဖြင့် လက်ကျန်ရန်ပုံငွေဖြင့် လုံလောက်မှုမရှိသည်ကို သုံးသပ်နိုင်ကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေရရှိအောင် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

**အသေးစိတ်တင်ပြ**

ယင်းနောက် ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့် အလင်္ကာကျော်စွာ ထပ်ဆင့်အကယ်ဒမီ ပန်းချီစိုးမိုးတို့က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အသေးစိတ်တင်ပြကြသည်။

ဆက်လက်၍ Red Radiance Co., Ltd မှ ဦးမျိုးမင်း၊ Yangon Post Co., Ltd မှ ဦးရဲဝင်း၊ အကယ်ဒမီခီရာမိုရ်နှင့် သမိုင်းပညာရှင်များက ရုပ်ရှင်ဇာတ်ကားပြီးစီးအောင်မြင်ရေးဆိုင်ရာ ကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

**သတင်းစဉ်**

## မိုးညှင်းမြို့နယ်၌ သောက်သုံးရေ ဖြန့်ဝေပေး

**နေပြည်တော် မေ ၁၆။** ။ကချင်ပြည်နယ်အတွင်း သောက်သုံးရေရှားပါးသည့်ကာလများတွင် မြို့နယ်များရှိ သောက်သုံးရေလိုအပ်လျက်ရှိသော သာသနိကကျောင်းများနှင့် ရပ်ကွက်/ ကျေးရွာများအတွက် သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်းရာ၌ မေ ၁၄ ရက် နံနက်ပိုင်းတွင် မိုးညှင်းမြို့နယ် ဟိုပင်နယ်မြေမီးသတ်စခန်းမှ ဒုမီးသတ်ဦးစီးမှူး ဦးသိန်းကျော်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် ဟိုပင်မြို့ မြို့မမြောက်ရပ်ကွက် “စေတီယပါလ”ကျောင်းတိုက်အတွင်းရှိ နဂါးရုံဘုရားရေကန်သို့ ရေဂါလန် ၄၈၀၀ ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မျိုး**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်  မေ ၁၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၅ ရက်နှင့် မေ ၁၆ ရက် တို့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရတနာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းစနစ်များနှင့်အညီ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေး စီမံကိန်းညွှန်ကြားရေးမှူးများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ ဓာတ်အားပေးစက်ရုံမှူးများ၊ ရန်ကုန်နှင့် မန္တလေးလျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းတို့မှ ခေတ္တဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးဦးအောင်သန်းဦးက ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာထုတ်လုပ် ပို့လွှတ်/ဖြန့်ဖြူးပေးနိုင်ရန် တက်ညီလက်ညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြီးခဲ့သောကာလများ၌ မည်သို့သောအခြေအနေဖြစ်နေစေကာမူ ပြည်သူလူထုအတွက် လျှပ်စစ်မီးမပြတ်တောက်စေရေး အကောင်းဆုံး ဝန်ဆောင်မှုပေးခဲ့ခြင်းအပေါ် ပြည်သူလူထုမှ အသိအမှတ်ပြုပြီးဖြစ်၍ ၎င်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့အပြင် ယခုကာလတွင် ပြည်သူလိုအပ်နေသော ဓာတ်အား လိုအပ်ချက်ကို ပြည့်စုံလုံလောက်အောင် စီစဉ်နေသကဲ့သို့ လာမည့်နှစ်များတွင် လိုအပ်လာမည့် ဓာတ်အားလိုအပ်ချက်များကိုလည်း အချိန်မီ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ကြီးဌာနအနေဖြင့် လုံခြုံစိတ်ချ၍ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့နှင့် အပူစွမ်းအင်သုံးစက်ရုံ၊ LNG သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများစသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံအသီးသီးမှ Generation Mix တွင် အရင်းအမြစ်မျိုးစုံ ပါဝင်ထုတ်လုပ်နိုင်ရေးတို့ကို ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ်ထပ်မံ လိုအပ်လာမည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း သဘာဝအရင်းအမြစ်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများနှင့် ပြန်ပြည့်မြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းများမှ အသီးသီးထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြောကြား**

မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး ရည်မှန်းချက်နှင့်အညီ စီမံဆောင်ရွက်လျက်ရှိသော စီမံကိန်းများအပြင် နှစ်စဉ်တိုးတက်သုံးစွဲနေသော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနကြီးမှူးများ၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ စီမံကိန်းညွှန်ကြားရေးမှူးများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဓာတ်အားပေးစက်ရုံမှူးများက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ ဒုတိယသုံးလပတ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် တတိယနှင့် စတုတ္ထသုံးလပတ်တို့တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၏ အစီအစဉ်များအား အသီးသီးရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးသန့်စင်က တင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။ ထို့နောက် ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖန်ခါးမြေကုန်သွယ်မှုဇုန်ဟိုဌာနအား ကွင်းဆင်းကြည့်ရှု



**နေပြည်တော်  မေ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ယနေ့ နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး အတွင်းရှိ ဖန်ခါးမြေကုန်သွယ်မှု ဇုန်ဟိုဌာနအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တာဝန်ရှိသူများက ဖန်ခါးမြေကုန်သွယ်မှုဇုန်ဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် မကွေးတိုင်းဒေသကြီးအတွင်း ထွက်ရှိသည့် ဒေသထုတ်ကုန်များကို အသေးစိတ် လိုက်လံရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုဇုန်ဟိုဌာနကိုအခြေပြု၍ ဒေသတွင်း ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ ပြည်ပဈေးကွက် ဝယ်လက်များနှင့် ချိတ်ဆက်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရုံးလုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လုပ်ငန်းညွှန်ကြားမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်သူ့ဆေးရုံ အောင်လံမြို့နှင့် ပြည်သူ့ဆေးရုံကြီး ပြည်မြို့တို့ကို ကွင်းဆင်းစစ်ဆေး

**နေပြည်တော်  မေ ၁၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မေ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံ အောင်လံမြို့နှင့် ပဲခူးတိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံကြီး ပြည်မြို့တို့ကို ကွင်းဆင်းစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံ အောင်လံမြို့ လူနာဆောင်သစ်ရှိ အရေးပေါ်လူနာဌာန၌ တာဝန်ကျဝန်ထမ်းများတာဝန်ထမ်းဆောင်နေမှု၊ အတွင်းလူနာခန်းများတွင် လူနာများတက်ရောက် ကုသမှုခံယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံဝန်ထမ်းများ၊ ဆေးရုံအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ မြွေဆိပ်ဖြေဆေးအပါအဝင် လိုအပ်သည့် ဆေးဝါးများ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများမှ ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး ဝင်ရောက်မလာနိုင်စေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့ဆေးရုံကြီး ပြည်မြို့ အရေးပေါ်ဌာန၊ ခွဲစိတ်နှင့်အရိုးလူနာဆောင်၊ သားဖွားမီးယပ်ဆောင်နှင့် နိုင်ငံတော်ခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တိုးချဲ့အထူးကြပ်မတ်ကုသဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ပြောကြား**

ဆက်လက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ထမ်းများအတွက် ပညာရှင်ဘွဲ့ချီးမြှင့်ငွေနှင့် ညတာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား ထောက်ပံ့ပေးသည့် ညစာစားစရိတ်များ ပေးအပ်မည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ ကူးစက်နိုင်သော ရောဂါအန္တရာယ်၊ ဓာတ်ရောင်ခြည်အန္တရာယ် စသည်တို့အတွက် risk allowance ချီးမြှင့်နိုင်ရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနက် ကိုဗစ်-၁၉ ရောဂါ ပထမအကြိမ် ကာကွယ်ဆေး မထိုးနှံရသေးသူများနှင့် ဒုတိယအကြိမ် ကာကွယ်ဆေး မထိုးနှံရသေးသူများကို အမြန်ဆုံးထိုးနှံပေးမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး နေပြည်တော်ကောင်စီနယ်မြေရှိ ပြည်သူ့အငှားအိမ်ရာစီမံကိန်းနှင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအငှားအိမ်ရာ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့တို့ပူးပေါင်းပြီး ပြည်သူ့အငှားအိမ်ရာစီမံကိန်းနှင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအငှားအိမ်ရာစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ပြကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ နေထိုင်ရေး အဆင်ပြေစေရန် အိမ်ရာစီမံကိန်းများ ဖြည့်ဆည်းပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပြလူဦးရေများပြားသည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် အိမ်ရာလိုအပ်ချက် မြင့်မားလာသည့်အတွက် အရောင်းအိမ်ရာ၊ အငှားအိမ်ရာများကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးနေခြင်းဖြစ်ပါကြောင်း၊ နေပြည်တော်တွင် တိုက် ၂၈ လုံး၊ အခန်း ၄၄၈ ခန်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ပြီးစီးမှုများကို ယနေ့ လာရောက်ကြည့်ရှုခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းကြီးကြပ်ဆောက်ရွက်နေသည့် Project Management Unit မှ တာဝန်ရှိသူများ၊ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် စီမံကိန်းအချိန်မီပြီးစီးရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နေပြည်တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေး၊ သန့်ရှင်းသာယာလှပရေးနှင့် အိမ်ရာစီမံကိန်းများတွင် နေထိုင်သည့် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ နေထိုင်ရေးအဆင်ပြေစေရေးအတွက် နေပြည်တော်ကောင်စီအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမင်းထိန်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အိမ်ရာစီမံကိန်းများတွင် ကြီးကြပ်သည့် အဆောက်အဦ ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြည်သူ့အငှားအိမ်ရာတစ်ခန်းလျှင် ၆၁၄ စတုရန်းပေ အကျယ်ရှိ လေးခန်းတွဲ ငါးထပ်တည်ဆောက်နေမှုနှင့် အခန်းဖွဲ့စည်းထားရှိမှုကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအရာထမ်းများအတွက် အငှားအိမ်ရာတစ်ခန်းလျှင် စတုရန်းပေ ၆၅၀ အကျယ်ရှိ လေးခန်းတွဲ ငါးထပ် တည်ဆောက်ရေးလုပ်ငန်းများနှင့် အခန်းဖွဲ့စည်းထားရှိမှုကိုလည်းကောင်း၊ တည်ဆောက်ပြီးစီးနေသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအငှားအိမ်ရာတွင် နေထိုင်သည့် ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်ဒေသအတွင်းရှိ ကျွန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၆**

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျေးရွာအုပ်စုရှိ TZK Co; Ltd မှ ဟိုတယ်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ညောင်ဦးဖီးကျွန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



### လာရောက်လည်ပတ်

အဆိုပါကျွန်းသည် ကမ်းခြေမှ ပေ ၅၀ ခန့် အကွာတွင် လှပသောရေအောက်သန္တာကျောက်တန်းများရှိသဖြင့် Snorkeling ပြုလုပ်နိုင်သော Snorkeling Site ခြောက်ခုရှိပြီး ကျွန်းပေါ်တွင် Trekking၊ Hiking ပြုလုပ်နိုင်ခြင်းနှင့် ပင်လယ်ပြင်၏ နေဝင်ဆည်းဆာ အလှကို ကြည့်ရှုခံစားနိုင်သဖြင့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည် အမြောက်အမြား လာရောက်လည်ပတ်သည့် ကျွန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခက်ရင်းခွကျွန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကျွန်းပေါ်တွင် ဟိုတယ်လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ အဆိုပါကျွန်းသည် ကမ္ဘာလှည့် အပျော်စီးသင်္ဘောနှင့် စက်တပ်ရွက်လှေများ နားခိုသောကျွန်းဖြစ်ခြင်းနှင့် ခရီးသွားဧည့်သည်များ ကျွန်းပေါ်တွင် Hiking ပြုလုပ်နိုင်ခြင်း၊ အောက်ချင်းငှက်များကြည့်ရှုနိုင်သည့်အပြင် ကျွန်း၏ ပတ်လည်တွင် Scuba diving ပြုလုပ်နိုင်သည့် Diving ဆိုက်များရှိသောကြောင့် ရေအောက်သဘာဝ အလှအပများကို ကြည့်ရှုလေ့လာနိုင်သော ခရီးစဉ်များဆောင်ရွက်နိုင်သည့် နေရာတစ်ခုဖြစ်သည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လည်ရွဲလေးလုံးကျွန်းအနီးရှိ Snorkeling Site များ တည်ရှိသောနေရာများအား အမြန်ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၂မိုင်ခန့်အကွာတွင် တည်ရှိသော သူဌေးကျွန်းဟိုတယ်ကို ကြည့်ရှုခဲ့ပြီး ကော့သောင်းမြို့ရှိ ဘုရင့်အငူ၊ ဘုရင့်နောင်ကုန်း၊ ၅၅၅ တောင်ကုန်းသို့ သွားရောက်ကြည့်ရှုခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုလုံးတုံးတုံးတံတားနှင့် ကမ်းခြေအား ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး Victoria Cliff Hotel ၌ ဟိုတယ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ဟိုတယ်ဝင်းအတွင်းရှိ သီးပင်စားပင်များ စိုက်ပျိုးထားသော Organic Farm အား ကြည့်ရှုလေ့လာသည်။

### စီစဉ်ဆောင်ရွက်လျက်ရှိ

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် မြိတ်ကျွန်းစုဒေသ မြန်မာ့ပင်လယ်ရေပြင်တွင် Snorkeling ပြုလုပ်နိုင်ခြင်း၊ Scuba Diving ပြုလုပ်နိုင်ခြင်း၊ ဒီရေတောများအတွင်း လေ့လာအပန်းဖြေနိုင်ခြင်းနှင့် ကျွန်းပေါ်ကမ်းခြေများ၌ အနားယူအပန်းဖြေခြင်းစသည့် အဏ္ဏဝါခရီးသွားလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့်အပြင် ခရီးသွားဧည့်သည်များအတွက် ရွေးချယ်လည်ပတ်နိုင်စရာ ခရီးစဉ်ဒေသအသစ်များကိုလည်း ရှာဖွေဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အမြော်အမြင်

ဇော်လေး

“အမြော်အမြင်မပါတဲ့ အလုပ်ဟာ အချိန်ကုန်ရုံပါပဲ။ အလုပ်မပါတဲ့ အမြော်အမြင်ဟာ စိတ်ကူးယဉ်ရုံမျှပါပဲ။

အလုပ်နဲ့အမြော်အမြင် ပေါင်းစည်းလိုက်တဲ့အခါမှာတော့ ကမ္ဘာကြီးကို ပြောင်းလဲပစ်နိုင်ပါတယ်။”

**နယ်လ်ဆင် မင်ဒဲလား**
**(တောင်အာဖရိကနိုင်ငံ၏ ပထမဦးဆုံးသော လူမည်းသမ္မတ)**
**(NELSON MANDELA)**

**နိဒါန်း**

ရှေးမြန်မာလူကြီးသူမများဆိုရိုးစကားတစ်ခု ရှိထားခဲ့ပါတယ်။ လက်တွေ့မပါတဲ့ သဘောတရားဆိုတာ ဆွံ့အနားမကြားသူရဲ့ အိပ်မက်မျှသာပဲ။ အကောင်အထည်မပြနိုင်ဘူး။ ဘာမှအရာမရောက်ဘူး။ လေထဲမှာပဲ ပျောက်ကွယ်သွားတာမျိုးပေါ့။ စိတ်ကူးစိတ်သန်း ဘယ်လောက်ကောင်းကောင်း လူက တကယ့်လက်တွေ့ ထမလုပ်ရင် အချည်းနှီးပဲ၊ ပြီးဆုံးပျောက်ကွယ်သွားတာပဲ။ လက်တွေ့ပါဖို့ လိုတယ်။

လက်တွေ့တော့လုပ်ပါရဲ့။ လက်တွေ့လည်း လုပ်ဆောင်နေတာပါပဲ။ သို့ပေမယ့် သဘောတရားတော့ လုံးဝမပါဘူး။ ဒါဆိုရင် မအောင်မြင်နိုင်ဘူး။ ခရီးမရောက်ဘူး။ သဘောတရားမပါတဲ့ လက်တွေ့ဟာ ယောင်ဝါးဝါးနဲ့ အမြင်မပါဘဲ ထင်ရာလျှောက်သွားနေတဲ့ မျက်ကန်းလမ်းလျှောက်ပါပဲ။ ချောက်ထဲ၊ ကျင်းထဲကျလိုကျ၊ ငုတ် စူးလိုစူး။ နံရံနဲ့တိုးမိတိုက်မိ။ မျက်စိကန်းနေတဲ့လူ။ မျက်လုံးကို အသုံးမချနိုင်ဘူး။ ကဲ... ဘယ်လိုလုပ် ခရီးရောက်မလဲ။ အခြေအမြစ်မရှိတဲ့လေထဲက စကားတွေကိုပဲ ယုံစားနေလေရဲ့။

သဘောတရားလည်း အရေးကြီးတယ်။ မှန်ကန်တိကျတဲ့ စိတ်ကူးစိတ်သန်းက မရှိမဖြစ်လိုအပ်တယ်။

လက်တွေ့လုပ်ဖို့ကလည်း အဓိကလိုအပ်တယ်။ လက်တွေ့အလုပ်မပါဘဲ ဘာမှမပြီးဘူး။

**နှစ်ခုပေါင်း**

ဒီကမ္ဘာကြီးကို ပြောင်းလဲအောင် ဖန်တီးလုပ်ဆောင်ခဲ့တာဟာ လူတွေရဲ့စိတ်ကူးဉာဏ်နဲ့ လက်တွေ့လုပ်ဆောင်မှု အလုပ်တွေကြောင့် သဘောတရားနဲ့လက်တွေ့ကို ပေါင်းစပ်ခဲ့ကြလို့သာပေါ့။ တစ်ခုတည်းနဲ့ဆို ဘာမှ မထူးခြားဘူး။ မထိရောက်ဘူး။ အသုံးမဝင်လှပါဘူး။ သဘောတရားကို အလုပ်နဲ့ သက်သေပြမှသာ အကျိုးဆက်အောင်မြင်မှုက ရရှိနိုင်ပါတယ်။

သဘောတရားအသိအမြင်ဆိုတာဟာ ဘဝရှေ့ဆောင်မီးရှူးရောင်ဖြစ်ပါတယ်။ အမြော်အမြင်ရှိအောင် ဘဝတစ်သက်တာလုံး လူတွေဟာ အနည်းနဲ့အများ သင်ယူလေ့လာမှတ်သားနေကြရတာလေ။

လေးလေးစားစား သင်ယူမှတ်သားနေရတဲ့ အသိပညာနိယာမတွေဟာ ကျောင်းသင်ဘာသာရပ်တွေမှာလည်း ရှိတယ်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ပထဝီဝင်၊ သိပ္ပံ စတဲ့ဘာသာတွေပေါ့။ ကွန်ပျူတာနဲ့ စက်မှု၊ ဆေးဝါး၊ အဏုဇီဝ၊ အာကာသသိပ္ပံ စသဖြင့် အဆင့်မြင့်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ဘာသာတွေလည်း အများကြီးပါပဲ။

**နားလည်တတ်ကျွမ်းမှုကို**
**အမြဲမပြတ် လေ့လာမှတ်သား**

ကျောင်းသင်ပညာနဲ့တင် လူတစ်ယောက်ဟာ လုံလောက်တဲ့အသိအမြင် ဗဟုသုတ ကုန်စင်အောင် မရပါ။ ပတ်ဝန်းကျင်က သင်ယူလေ့လာရတာတွေလည်း အများကြီးရှိသေးတယ်။ ဘာသာ၊ အယူဝါဒ၊ လောကအမြင်၊ လူမှုကျင့်ဝတ်၊ ပြည်သူ့နီတိ၊ ယဉ်ကျေးမှု၊ ကိုယ်ကျင့်တရား၊ ပေါင်းသင်းဆက်ဆံရေး စတဲ့ အကြောင်းအရာတွေဟာ ငယ်စဉ်ကလေးဘဝမှ စတင်ပြီး အမိအဘ၊ အဘိုးအဘွား၊ ဆွေးမျိုးသားချင်းတွေနဲ့ ဆရာသမား၊ ရဟန်းသံဃာတော်တွေရဲ့ ဆုံးမသွန်သင်ဩဝါဒစကားတွေလည်း လိုအပ်တယ်။ ခံယူအပ်ပါတယ်။

**ပညာလိုချင်စိတ်**

လေ့လာမှတ်သားစိတ်ဝင်တစားသင်ယူသွားတဲ့ လူတွေဟာ သာမန်ဘာသိဘာသာ တော်သလိုနေတတ်သူတွေနဲ့ ကွဲပြားခြားနားသွားပါတယ်။ သူက အသိအမြင်ဗဟုသုတ အတွေးအခေါ် ပိုမြင့်တယ်ပေါ့။

**အံ့ဩစရာကောင်းအောင် စွမ်းအင်စွမ်းအားကြီးမားတဲ့ စာပေစွမ်းအားကို စာပေမြတ်နိုးသူ၊ စာဖတ်ဝါသနာပါသူ၊ စာပေဖတ်ရှုလေ့ရှိသူတွေသာ ရရှိနိုင်ကြပါတယ်။ စာပေထဲမှာ အတတ်အသိအလိမ္မာတွေ ရှိနေတယ်။ ဘဏ္ဍာတိုက်ကြီးလိုပါပဲ။ သင့်လက်ထဲမှာ သော့လည်းအဆင်သင့်ရှိတယ် ဆိုပါစို့။ ရတနာသိုက်ဘဏ္ဍာတိုက် စာအုပ်စာပေတွေကို ဖွင့်ပါ။ ဖတ်ပါ၊ မှတ်ပါ၊ ပညာဆိုတာ အမှန်အမှား၊ အကြောင်းအကျိုး၊ အဆိုးအကောင်း၊ အဖြူအမည်း၊ အရင်းအဖျား၊ အဓိကနဲ့သာမည အနှစ်သာရနဲ့ အသွင်သဏ္ဍာန်စတဲ့ အရာတွေကို ဉာဏ်မျက်စိနဲ့ဝေဖန်ခွဲခြမ်း၊ “ရွေးချယ်ဆုံးဖြတ်နိုင်စွမ်းရှိခြင်း” ဖြစ်ပါတယ်။ ပညာဆိုတာ ရာဇကြောင်း၊ ဓမ္မကြောင်းနဲ့လောကကြောင်းတွေ အကုန်အစင် ပါဝင်။**

ဘာကြောင့်လဲဆိုတော့ သူက အသိအမြင်ဗဟုသုတ အတတ်ပညာဟူသမျှဟာ သုံးချင်သုံး၊ မသုံးချင်နေ သိရအောင် လေ့လာထားရင် အမြင်ကျယ်တယ်။ ဆင်ခြင်သုံးသပ် ရွေးချယ်ဆုံးဖြတ်ရတဲ့အခါ အကောင်းဆုံး အမှန်ဆုံးကိုရအောင် စွမ်းဆောင်နိုင်တယ်ဆိုတာကို သူနားလည်ခံယူလို့ပါပဲ။ သင်ယူလိုစိတ်ဟာ အခြေခံကျတဲ့ လိုအပ်ချက်ဖြစ်ပါတယ်။

**သာဓက**

ဆင်းရဲသားဘဝမှ ရုန်းကန်တိုးတက်ပြီး မိမိဘဝကို ကမ္ဘာကျော်ထင်ရှားတဲ့ စာရေးဆရာကြီးများဖြစ်လာအောင် စွမ်းဆောင်နိုင်သူတွေကို လေ့လာကြည့်တဲ့အခါ သူဌေးသူကြွယ်သားသမီးလည်း မဟုတ်ဘူး။ သာသာယာယာ ပျော်ပျော်ရွှင်ရွှင် ပညာသင်ခွင့်ရခဲ့ကြတဲ့သူတွေလည်း မဟုတ်ဘူး။ ဆင်းရဲသားအလွှာက။

ဖိနပ်ချုပ်သမား၊ အထွေထွေလုပ်သား၊ လှေထိုးသား( သင်္ဘောပေါ်က အလုပ်ကြမ်းသမား)၊ ဆိပ်ကမ်းကုန်ထမ်းသမား၊ ကြံ့ရာကျပန်းမှ စစ်သတင်းထောက် စသဖြင့် ဆင်းဆင်းရဲရဲ ကြမ်းကြမ်းတမ်းတမ်းကိုယ်တွေ့ဘဝမျိုးတွေကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း အတန်းပညာဘာမှ မတတ်ခဲ့ကြဘဲ ကမ္ဘာ့ကျော်စာပေအနုပညာရှင်ကြီးတွေအဖြစ် ကမ္ဘာ့ပြည်သူများကို အသိဉာဏ်ပညာ၊ ရသပညာပေးဝေနိုင်ခဲ့ကြတယ်။

ဆိုဗီယက်ရုရှားနိုင်ငံမှ မက္ကဇင်ဂေါ်ကီ၊ အင်္ဂလန်နိုင်ငံမှ ဂျော့ဘားနတ်ရှော၊ အမေရိကန်ပြည်ထောင်စုမှ မတ်တွိန်း၊ ဂျက်လန်ဒန်၊ အားနက်စ်ဟယ်မင်ဝေးတို့ ဖြစ်ကြပါတယ်။ သူတို့စာပေနဲ့ သူတို့ဘဝဖြတ်သန်းပုံတွေကို ကြုံကြိုက်တဲ့အခါ ဖတ်ရှုလေ့လာကြည့်လိုက်ပါ။ စိတ်ဝင်စားစရာ ကောင်းပါတယ်။

**စွမ်းအား**

သူတို့ဟာ ကျောက်တောင်၊ ကျောက်သား၊ ကျောက်စရစ်ခဲမြေမာမာထဲက ထိုးထွက်လာခဲ့ကြတဲ့ (စားလို့ရတဲ့) နူးညံ့အိစက်တဲ့ မှိုပွင့်တွေလိုပဲ လောကကို ချိုမြိန်တဲ့ ဂန္ထဝင်စာကောင်းပေကောင်းတွေ ထွက်ပေါ်စေခဲ့တယ်။ အံ့ဩစရာကောင်းတဲ့ ဇော်ဂျီလို၊ ဝိဇ္ဇာလို အဆန်းတကြယ်ဖန်တီးနိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ (သူတို့ဟာ ဘာဘွဲ့မှ မရခဲ့ကြရှာပါဘူး)

တကယ်တော့ သူတို့ဟာ လူထဲက လူတွေပါ။ သာမန်ထက်တောင် အသိဉာဏ်မဲ့တဲ့ ဆင်းရဲသားမိဘနဲ့အသိုက်အဝန်းထဲက ထိုးဖောက်တိုးတက်ခဲ့ကြရတာပဲ ဖြစ်တယ်။ နိုင်ငံကို ဂုဏ်တင့်မြင့်မားစေတဲ့ ကလေးလူငယ်များ အပါအဝင် စာဖတ်သူ ပရိသတ်ကို ရယ်အောင်၊ လွမ်းအောင်၊ မျက်ရည်ဝဲအောင်၊ မြော်ခေါ်ဆင်ခြင်တတ်အောင်၊ လူသားအချင်းချင်း စာနာစိတ်ထား၊ မေတ္တာပွားနိုင်အောင် မှော်ဆရာလို သူတို့စွမ်းအားတွေ ကြီးမားခဲ့ရခြင်းရဲ့ အရင်းမူလအကြောင်းခြင်းရာကတော့(တကယ်တမ်း သဘောတရားအနေနဲ့ စာဖတ်သူလည်းသိပြီးသားပါပဲ) “စွဲစွဲမြဲမြဲစာဖတ်ခြင်း” အလေ့အထရှိခဲ့ကြလို့ပါပဲ။

**အလေ့အထ**

သူတို့ကို ဘယ်ဘိုးဘိုးအောင်ကမှ မ,စ,တာလည်း မဟုတ်ဘူး။ ဘယ်ကဘယ်က ဝိဇ္ဇာ၊ တပသီ၊ ဇော်ဂျီတွေက တောင်ဝှေးနဲ့တို့ပြီး ကမ္ဘာကျော်စာပေအနုပညာရှင်ကြီးတွေ ဖြစ်လာအောင် “ဖြစ်စေ” လို့ ဖန်တီးပေးလိုက်တာလည်း မဟုတ်ဘူး။

သူတို့အဆက်မပြတ်ဖတ်ရှုလေ့လာဆည်းပူးပြီး မှတ်သားခဲ့တဲ့ စာကောင်းပေကောင်းတွေကြောင့် ဖိနပ်ချုပ်သမားဘဝမှ တိုင်းပြုပြည်ပြုနိုင်ငံရေးသမား နိုင်ငံ့ခေါင်းဆောင်တွေက လေးစားဦးညွှတ်ရတဲ့ “အမေ” ဝတ္ထုရှည်ကြီးကို ဖန်တီးရေးဖွဲ့သူ မက္ကဇင်ဂေါ်ကီရယ်လို့ ဖြစ်လာတာပဲ။

မွဲတေစုတ်ပြတ်နေတဲ့ အလုပ်သမားတွေကြားထဲမှာပဲ ဖိနပ်ချုပ်သမားလေးဟာ သူမြင်ရတွေ့ရတဲ့ အတွေ့အကြုံဟူသမျှ မှတ်သားခဲ့တယ်။ စာအုပ်စာပေတွေ လေ့လာဖတ်ရှုပြီး စာကောင်းပေကောင်းတွေ ရေးသားတတ်အောင် လေ့ကျင့်ဆည်းပူးခဲ့တယ်။ ဂေါ်ကီရဲ့ ကိုယ်တွေ့ဘဝမှတ်တမ်း၊ မတ်တွိန်းရဲ့ ကိုယ်တွေ့ဘဝမှတ်တမ်းတွေကို ဖတ်ကြည့်ရင်း ကျွန်တော်တို့ ဆရာကြီး ရွှေဥဒေါင်းရဲ့ “တစ်သက်တာမှတ်တမ်းနဲ့ အတွေးအခေါ်များ”၊ စစ်ကိုင်းဦးဖိုးသင်းရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ”၊ သော်တာဆွေရဲ့ “ကျွန်တော့်ဘဝဇာတ်ကြောင်း” အစရှိတဲ့ ရသအနုပညာကော၊ မှတ်သားစရာဗဟုသုတတွေကော ဖတ်ချင်စဖွယ်အလွန်ကောင်းတဲ့ စာကောင်းပေကောင်းတွေဟာ စာဖတ်သူပေါင်းများစွာကို လူကောင်း လူတော်တွေဖြစ်အောင် မြှင့်တင်ပျိုးထောင်ပေးနိုင်ကြပါတယ်။ အတ္ထုပ္ပတ္တိစာပေတွေကို ဖတ်သင့်ပါတယ်။

**ဉာဏ်ပညာ**

အံ့ဩစရာကောင်းအောင် စွမ်းအင်စွမ်းအားကြီးမားတဲ့ စာပေစွမ်းအားကို စာပေမြတ်နိုးသူ၊ စာဖတ်ဝါသနာပါသူ၊ စာပေဖတ်ရှုလေ့ရှိသူတွေသာ ရရှိနိုင်ကြပါတယ်။ စာပေထဲမှာ အတတ်အသိအလိမ္မာတွေ ရှိနေတယ်။ ဘဏ္ဍာတိုက်ကြီးလိုပါပဲ။ သင့်လက်ထဲမှာ သော့လည်းအဆင်သင့်ရှိတယ် ဆိုပါစို့။ ရတနာသိုက်ဘဏ္ဍာတိုက် စာအုပ်စာပေတွေကို ဖွင့်ပါ။ ဖတ်ပါ၊ မှတ်ပါ၊ ပညာဆိုတာ အမှန်အမှား၊ အကြောင်းအကျိုး၊ အဆိုးအကောင်း၊ အဖြူအမည်း၊ အရင်းအဖျား၊ အဓိကနဲ့သာမည၊ အနှစ်သာရနဲ့ အသွင်သဏ္ဍာန်စတဲ့ အရာတွေကို ဉာဏ်မျက်စိနဲ့ဝေဖန်ခွဲခြမ်း၊ “ရွေးချယ်ဆုံးဖြတ်နိုင်စွမ်းရှိခြင်း” ဖြစ်ပါတယ်။ ပညာဆိုတာ ရာဇကြောင်း၊ ဓမ္မကြောင်းနဲ့လောကကြောင်းတွေ အကုန်အစင် ပါဝင်တယ်။

ပညာကင်းမဲ့တော့ ဘာဖြစ်သလဲ။
အားလုံးပဲ မြင်ကြတဲ့အတိုင်းပဲ။
ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနည်းကြပုံများ။
မသိမှုရဲ့နောက်မှာ ဆုံးရှုံးမှုတွေ ဆက်လိုက်လာနေပြီ။

**သိစရာသိပါ**

စာမဖတ်ရင် အမြော်အမြင်နည်းတယ်။

အမြော်အမြင်မရှိတော့ ပညာမဲ့ကြတယ်။ သတင်းစာလေးတော့ ကြည့်မှပေါ့။ ပညာအမြော်အမြင်ကင်းမဲ့လေတော့ ဘုမသိ၊ ဘမသိဖြစ်ကြပါလေရော။ သံပုံးခေါက်ရုံနဲ့ မပြီးဘူး။

“ဘုမသိ၊ ဘမသိ”ဆိုတာ အရင်းအစစ်မသိသူတွေက အသံထွက်နီးစပ်လို့ အရပ်စကားပြောကြတာ။ အမှန်အနက်အဓိပ္ပာယ်က ပုနဲ့ပ ကို ဆိုလိုပါတယ်။ လောက၊ ဓမ္မ၊ ပကတိအမှန်တရားကိုကြည့်ပါ။

(ဘု)ပုဆိုတာ ပုညရဲ့ အတိုကောက်၊ ပုညဆိုတာ ပါဠိဝေါဟာရ၊ အဓိပ္ပာယ်က ကောင်းခြင်း၊ ကောင်းမှု၊ (ဘ) ပ ဆိုတာ ပါပ ကို အတိုကောက်ယူထားတာ။ ပါပ ဆိုတာ ပါဠိစကားပါပဲ။ ဆိုးခြင်း၊ မကောင်းခြင်း။ ကိုယ်တိုင်ခွဲခြားပါ။ ကိုယ်တွေးတဲ့အတွေး၊ ကိုယ်စွဲမှတ်တဲ့အယူအဆ ထင်မြင်ချက်၊ စိတ်ကူးဟာ ပုညလား၊ ပါပလား။ ကိုယ်ပြောတဲ့ စကားက ကောင်းမှုပုညလား၊ ဆိုးတဲ့ ပါပ၊ မကောင်းခြင်းလား။ သုံးသပ်တတ်ပါစေ။

**နိဂုံး**

ကိုယ်လုပ်နေတဲ့ အပြုအမူ၊ လုပ်ဆောင်မှုဟာ အကောင်းလား အဆိုးလား။ ပုမသိ ပမသိ မဖြစ်စေရပါ။ ဘုမသိ ဘမသိနဲ့ စိတ်ထင်ရာ စိုင်းနေသူတွေကို စာဖတ်သူလည်း တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူးမှာပေါ့။ အမြော်အမြင် အသိပညာနည်းရင် ဘယ်မှာအောင်မြင်ပါမလဲ။

စာဖတ်တဲ့အလေ့အထလေး မွေးမြူကြပါ။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက် အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများ အနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



## မြဝတီမြို့၌ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြား

မြဝတီ မေ ၁၆

ကရင်ပြည်နယ် မြဝတီမြို့ရှိ ကျောင်းသား ကျောင်းသူ ကလေးသူငယ်များအား ယဉ်ကျေးလိမ္မာစေရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းများကို မေ ၁၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါယဉ်ကျေးလိမ္မာ သင်တန်းများကို မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ တောင်တန်းသာသနာပြုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ရှင်သာမဏေ ၁၂ ပါး၊သင်တန်းသူ ၅၀ နှင့် သင်တန်းသား ၇၀ တို့ကို သင်တန်းနည်းပြ ဆရာတော်၊ ဆရာ ဆရာမများက သင်ကြားပို့ချနေခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် ယဉ်ကျေးလိမ္မာသင်ခန်းစာအဖြစ် ဗုဒ္ဓဝင်အကျဉ်း၊ ရတနာမြတ်သုံးပါး ဂုဏ်တော်ပါဠိအနက်၊ ယဉ်ကျေးခြင်း၊ ယဉ်ကျေးလိမ္မာ ဆုံးမစာအစရှိသည်တို့ကို မေ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီအထိ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

✪ ရွှေဖုံးမှ

ထို့နောက် ၁၉၀၄ ခုနှစ်တွင် မင်္ဂလာဒုံမြို့နယ် လှော်ကားရေလှောင်ကန်တည်ဆောက်မှုလုပ်ငန်းများ ပြီးစီး၍ နေ့စဉ် ရေဂါလန်သန်း ၂၀ကို စတင်ဖြန့်ဝေပေးနိုင်ခဲ့ပြီဖြစ်၍ ကန်တော်ကြီးရေလှောင်ကန်မှ သောက်သုံးရေဖြန့်ဝေရေးလုပ်ငန်းကို ရပ်ဆိုင်းခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သည် ၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်မြို့တော်ကို ဥယျာဉ်မြို့တော်အဖြစ် ဖန်တီးတည်ဆောက်ချိန်၌ ကန်တော်ကြီးရေလှောင်ကန်ကို အများပြည်သူများ အနားယူအပန်းဖြေစရာ နေရာအသစ်တစ်ခုအဖြစ် ဖန်တီးတည်ဆောက်ပြုစုခဲ့သဖြင့် ကန်တော်ကြီးသည် ယခုအခါ သဘာဝဥယျာဉ်ကြီးအဖြစ် အသင့်ရှိကာ ပြည်သူများသာမက နိုင်ငံတကာမှ ဧည့်သည်များလည်း နေ့စဉ်လာရောက်ကာ အပန်းဖြေလေ့လာလျက်ရှိကြသည်။

**ဂေဟစနစ်ကိုထိန်းညှိပေးနေ**

ရန်ကုန်မြို့ လူဦးရေသည် ၁၉၉၅ ခုနှစ်နောက်ပိုင်း အဆမတန်တိုးပွားလာမှုကြောင့် ကန်တော်ကြီးနှင့် စိမ်းလန်းသော သစ်ပင်ပန်းမန်များ ထိခိုက်ပျက်စီးမှုမရှိစေရန် တားမြစ်စည်းကမ်းချက် ဆိုင်းဘုတ်များဖြင့် အသိပညာပေးခြင်း၊ စည်းရုံးခြင်း၊ ပြည်သူများ ပါဝင်ပူးပေါင်းလာအောင် ပိုစတာများ၊ ကြော်ငြာများဖြင့် နှိုးဆော်ထိန်းသိမ်းလျက်ရှိသည်။ ယခုအခါ ပြည်သူများအတွက် နွေရာသီအပန်းဖြေရာ "အိုအေစစ်" တစ်ခုအသွင် တည်ရှိပြီး ရပ်ရှင်ဗီဒီရို အနုပညာရှင်များအတွက်လည်း ရန်ကုန်ဟောလီးဝုဒ်သဖွယ် တည်ရှိနေသည်သာမက ရန်ကုန်မြို့၏ ဂေဟစနစ်ကိုထိန်းညှိပေးနေသော နေရာလည်းဖြစ်သည်။

မြို့တော်စည်ပင်သည် ကန်တော်ကြီး သဘာဝပတ်ဝန်းကျင် အစဉ်စိမ်းလန်းစိုပြည်စေရေးအတွက် ကန်ရေပြင်အတွင်းသို့ ရေဆိုးများ အလွန့်အကျွံမဝင်ရောက်စေရန်၊ အနံ့ဆိုးများမထွက်ရှိစေရန်၊ ရေဆိုးဝင်ပေါက်နေရာများ၌ ရေထိန်းတံခါးများ၊ သဲစစ်ကန်များ ကန်ပတ်လည် ရေလွှဲမြောင်းကြီးများ တည်ဆောက်ကာ ကန်ရေပြင် ကြည်လင်သန့်ရှင်းစေရန်နှင့် ရေညှိရေမှော်များ ထပ်မံတိုးပွားမလာစေရန် ဂျပန်နိုင်ငံပညာရှင်များနှင့် ပူးပေါင်းကာ ရေပန်း ( Glorious Water Fountain)၁၁ ခုကို ကန်ရေပြင်အတွင်း တပ်ဆင်ခြင်း၊ ဒိုက်များ၊ ဗေဒါများ၊ စွန့်ပစ်အမှိုက်များကို လူအား၊ စက်ယန္တရားအားဖြင့် စဉ်ဆက်မပြတ် သန့်စင်ပေးလျက်ရှိသည်။ တပ်ဆင်ထားသောရေပန်း ၁၁ ခုမှာ နုန်းများကြောင့် ကန်ရေပြင် အစိမ်းရောင်ထနေအောင် ဖြစ်ပေါ်သည့်ရေမှော်၊ ရေညှိဖြစ်ထွန်းမှုကို လျှော့ချခြင်းနှင့် ရေတွင် အနံ့ဆိုးမဖြစ်စေရန်အတွက် ထားရှိထားရာ အချို့သည်ချို့ယွင်းနေကြောင်း သိရသည်။

"မန္တလေးကျုံးရေပြင် အခြေအနေများနဲ့ အလားတူသော ရန်ကုန်မြို့ကန်တော်ကြီးကို ပြုပြင်သင့်တယ်။ မန္တလေးကျုံးရေ အဟောင်းထုတ်ပြီး ရေအသစ်ပြန်သွင်းတဲ့ လုပ်ငန်းက မခက်ဘူး၊ ဘာခက်လည်းဆိုတော့ နှစ် (၁၅၀) ကျော်ရှိတဲ့ နုန်းနဲ့ ရေမှော်၊ ရေညှိတွေ ဆယ်ထုတ်တာက စိန်ခေါ်မှုရှိတယ်။ ကျုံးရေကုန်ပြီးချိန်တွင် စက်ယန္တရားကြီးဆင်းပြီး နုန်းတွေ၊ နွံတွေကိုဆယ်တဲ့အခါ အစိုဓာတ်မကုန်တာကြောင့် ဒိုဇာစက်ကြီးတွေ နုန်းထဲမှာနစ်သွားတော့ ရန်ကုန်မြို့တော်ဝန်ဟောင်း ဦးပန်းအောင်ရဲ့အကူအညီ၊ အကြံဉာဏ်တွေတောင်းခဲ့ရတယ်။ ဦးပန်းအောင်ရဲ့ အကြံဉာဏ်အတိုင်း နေပူရှိန်ကြောင့် ခြောက်သွားတော့မှ လူအင်အားနဲ့ နုန်းတွေကို သယ်ထုတ်ကာ စက်ယန္တရားကြီးတွေဝင်နိုင်တော့မှ လုပ်ငန်းတွင်ကျယ်လာတယ်။ အနက် ပေ ၂၀ ကျော်ရတော့မှ ကျုံးကြမ်းပြင်နဲ့ နံရံကျောက်စီတဲ့ လုပ်ငန်းကို ဆည်များတည်ဆောက်မှုအတွေ့အကြုံရှိတဲ့ မြင်းခြံက ပညာရှင်နဲ့ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့တယ်။ တကယ်လုပ်မယ်ဆိုရင် ကန်တော်ကြီး အကျယ်က မန္တလေးကျုံးရဲ့ ရှစ်ပုံတစ်ပုံလောက်ပဲရှိတော့ အခက်အခဲမရှိနိုင်ပါဘူး" ဟုလွန်ခဲ့သော နှစ် ၃၀ ခန့်က မန္တလေးကျုံးတူးဖော်မှုလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ခဲ့သည့် ဗိုလ်မှူးချုပ် သန်းထွန်း(ငြိမ်း)က အတွေ့အကြုံကို ရှင်းပြသည်။

နှစ်(၁၄၀)ကျော်ကြာ ကန်တော်ကြီးနှင့် အင်းလျား ရေလှောင်ကန်များသည် နုန်းများ၊ ရေမှော်၊ ရေညှိများဖြစ်ထွန်းနေမှုကို ပြန်လည်သန့်ရှင်းကြည်လင်စေရန်၊ မန္တလေးကျုံးတော်အတွင်းမှ ရေများစုပ်၍ ကျုံးအတွင်းသို့ ပြန်သွင်းသည့် ပုံစံကဲ့သို့ ဆောင်ရွက်ရန် အစီအစဉ်ရှိခဲ့သော်လည်း မြို့ရေပေးဝေရေးကို ဦးစားပေးဆောင်ရွက်နေရ၍ နောင်တွင် ဆောင်ရွက်နိုင်သည့်အချိန်၌ ယင်းလုပ်ငန်းပေါ်ထွန်းလာရန်ရှိကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ - စောသိန်းဝင်း**



## မိုင်းရယ်မြို့နယ်အတွင်း ကျေးရွာချင်းဆက် ကျောက်ချောလမ်း ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

မိုင်းရယ် မေ ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၇၇ ဒသမ ၅၅၉ သန်းဖြင့် မိုင်းရယ်မြို့နယ် စလန်း - ပုန်းထွန်ကျေးရွာအုပ်စုအတွင်းရှိ နားယ - နားစောက် - ပိန်းကွေ့ကျေးရွာချင်းဆက် မြေသားလမ်း ၁၀ မိုင်အနက် ကျောက်ချောလမ်း နှစ်မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (လားရှိုး) မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက် ကျောက်ချောလမ်းလုပ်ငန်းမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက မိုင်းရယ်မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

# “CDM” မလုပ်ခဲ့သော နိုင်ငံ့ဝန်ထမ်းများနှင့် “Social Punishment” ခံနေရသူများအတွက် ...

ဒေါက်တာရင်ရင်နွယ်

ဤဆောင်းပါးကို ရေးရခြင်းအကြောင်းမှာ “CDM” မလုပ်ခဲ့သော နိုင်ငံ့ဝန်ထမ်းများနှင့် “Social Punishment” ခံနေရသူများအတွက် ဖြစ်ပါသည်။

သူတို့သည် အမှားနှင့်အမှန်ကို ခွဲခြားသိသော်လည်း ဘေးပတ်ဝန်းကျင်မှပြောသော စကားများနှင့် Facebook ပို့စ်များကြောင့် သူတို့၏ စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်ကောင်းဖြစ်နေနိုင်သည်။ သိမ်ငယ်ညှိုးနွမ်းနေသော ခံစားချက်များ၊ မိမိအလုပ်ကြောင့်ဖြစ်စေ၊ မိမိ၏ မိဘများကြောင့်ဖြစ်စေ ရှက်သောခံစားချက်များလည်း ဖြစ်ပေါ်နိုင်သည်။

**အနောက်နိုင်ငံမှလာသော သဘောတရားတစ်ရပ်**

“CDM” မှာ အနောက်နိုင်ငံမှလာသော သဘောတရားတစ်ရပ်ဖြစ်၍ အင်္ဂလိပ်စကားလုံးများဖြစ်သည့်အတွက် “CDM” မလုပ်လျှင် မိမိကပဲ ခေတ်မဆန်သလို ခံစားကောင်း ခံစားနိုင်သည်။ CDM နှင့် Social Punishment တို့အကြောင်း ရေးသားရာတွင် ကျွန်မ၏ ကိုယ်ပိုင်အတွေ့အကြုံများကိုပါ အကျိုးသင့် အကြောင်းသင့် သုံးသပ်ထားပါသည်။ သို့မှသာလျှင် လူငယ်များအတွက် အသုံးဝင်မည်ဟု ခန့်မှန်းပါသည်။

**ဆရာမတစ်ယောက်အနေဖြင့် ကျွန်မ၏ ကိုယ်ပိုင်ရပ်တည်ချက်မှာ ရှင်းသည်။** ကျွန်မသည် မတူကွဲပြားမှုကို အပြည့်အဝလက်ခံ၍ ဒီမိုကရေစီသဘောတရားကို ယုံကြည်ကျင့်သုံးသူဖြစ်သည်။ ရင်းနှီးသောတပည့်များက သိကြပါသည်။ ကျွန်မသည် ငယ်ဘဝကပင် တပည့်များကိုဆက်ဆံရာ၌ ဆင်းရဲ ချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး မျှတစွာဆက်ဆံခဲ့သည်။ ယခုကျွန်မကို ဝေဖန်ပြောဆိုနေသော ရန်ကုန်တက္ကသိုလ်မှ လုပ်ဖော်ကိုင်ဖက်အချို့ကဲ့သို့ မည်သည့်တပည့်သည် ချမ်းသာသည်၊ မည်သူသည် ဆင်းရဲသည်၊ မည်သူသည် DG သမီးဖြစ်သည်၊ မည်သူသည် ဗိုလ်ချုပ်သားဖြစ်သည်ဟူ၍ ဂရုမစိုက်ခဲ့ပါ။ တပည့်များအနက် NLD ထောက်ခံအားပေးသူများ ရှိသလို တပ်မတော်နှင့် ပြည်ခိုင်ဖြိုးမှ တပည့်များလည်း ရှိသည်။ တပည့်များ၏ ကွဲပြားသော နိုင်ငံရေးအမြင်များကို နားထောင်၍ နားလည်ပေးခဲ့သည်။ ထို့ကြောင့်လည်း ဤဆောင်းပါးကို ရေးရဲသည်။

**မြန်မာပြည်တွင် Facebook ကို မှီဝဲအသုံးပြုသူအများစုမှာ အပေါ်ယံလောက်သာ စဉ်းစားကြသည်။** ထို့အပြင် မြန်မာအများစုမှာ အင်္ဂလိပ်စကား ညှပ်သုံးလျှင် သို့မဟုတ် လူတစ်ဦးသည် အင်္ဂလိပ်စကား သွက်သွက်လက်လက် ပြောတတ်လျှင် အခြားအရည်အချင်းများကို မကြည့်ဘဲ ထိုသူကို အထင်ကြီးတတ်ကြသည်။ ကျွန်မကိုယ်တိုင်မှာ အင်္ဂလိပ်စာနှင့် စကား ကျွမ်းကျင်ပါသည်။ နိုင်ငံတကာအလုပ်ခွင်၌ အနောက်တိုင်းသားများ၏ အင်္ဂလိပ်စာအရေးအသားကိုပင်လျှင် ပြင်ရေးပိုင်ခွင့်ရှိသော အဆင့်တွင် လုပ်ရသည်။ “CDM” နှင့် “Social Punishment” လုပ်သည်ဟု ဂုဏ်ယူနေသူများသည် ဤအင်္ဂလိပ် အသုံးအနှုန်းများ၏ အဓိပ္ပာယ်ကို နားလည်ရန်လိုအပ်မည်ဟု မြင်ပါသည်။

**မူရင်းအဓိပ္ပာယ်မှ တလွဲတချော်ဖြစ်နေ**

**CDM နှင့် Social Punishment လုပ်နေသူအများစုမှာ နဂို အင်္ဂလိပ်အသုံးအနှုန်း၏ မူရင်းအဓိပ္ပာယ်မှ တလွဲတချော် ဖြစ်နေသည်ကိုတွေ့ရသည်။** CDM အသုံးအနှုန်းမှ “Civil Disobedience” ကိုဆန်းစစ်ပါက နိုင်ငံတကာမှလက်ခံသော အဓိပ္ပာယ်သတ်မှတ်ချက်မှာ အမေရိကန် ဒဿနိကဗေဒပညာရှင် Rawls ၏ သတ်မှတ်ချက်ဖြစ်သည် (အညွှန်း ၁)။ “Civil Disobedience” မှာ (က) နိုင်ငံရေးပေါ်အခြေခံသည်။ (ခ) လူသိရှင်ကြား လုပ်ပြကြသည်။ (ဂ) အကြမ်းဖက်မှုမပါစေရ။ (ဃ) ဥပဒေ သို့မဟုတ် အစိုးရပေါ်လစီများကို ပြောင်းလဲစေရန် ဥပဒေတစ်ရပ်ကို တမင်သက်သက် ချိုးဖောက်ခြင်းဟူသော အဓိပ္ပာယ်သက်ရောက်မှု ရှိသည်။

Civil Disobedience ကို အသုံးပြုခဲ့သော နာမည်ကြီးအာဖရိက–အမေရိကန် သိက္ခာတော်ရဆရာ ဒေါက်တာကင်းဂ် (Reverend Dr. Martin Luther King Junior, ၁၉၂၉–၁၉၆၈) ၏ ထွက်ဆိုချက်မှာ Civil Disobedience ကို ပိုမိုရှင်းလင်းစေသည် (အညွှန်း ၂)။ ဒေါက်တာကင်းဂ်သည် “တရားမျှတမှုမရှိသော ဥပဒေတစ်ရပ်ဟု မြင်သောသူသည် ထိုဥပဒေကို တမင်သက်သက် ချိုးဖောက်သည်။ ထိုဥပဒေချိုးဖောက်မှုအတွက်လည်း လိုလိုချင်ချင်ထောင်ဒဏ်ချခံသည်” ဟုဆိုသည်။

ဒဿနိကဗေဒပညာရှင် ဆိုကရိတ်တီးစ် (Socrates, 470–399 BC) သည်လည်း Civil Disobedience လုပ်ခဲ့သည်ဟု ဆိုကြသည်။ သူသည် “ဂရိစ် နိုင်ငံ၌ ယုံကြည်ကိုးကွယ်သော ဘုရားများကို မယုံကြည်ရေးတရားများ သင်ကြားဟောပြောသည့်အတွက်”သေဒဏ်ချခြင်းခံရသည်။ ဆိုကရိတ်တီးစ်သည် သင်ကြားဟောပြောခြင်းများကို မရပ်ဘဲ အဖမ်းခံခဲ့သည်။ အိမ်နီးချင်းနိုင်ငံသို့ ထွက်ပြေးနိုင်ပါလျက်နှင့် ထွက်မပြေးဘဲ ထိုခေတ်က သေဒဏ်ဖြစ်သည့် Hemlock အဆိပ်ရည်ကို မဆိုင်းမတွ သောက်သေခဲ့သည်။ မြန်မာပြည်မှ ဝန်ထမ်းများ CDM လုပ်ခြင်းသည် သူတစ်ပါးအပေါ် အကျပ်ကိုင်မှု (coercion) ပါနေသည်။ CDM အစစ်ဆိုသည်မှာ ဆိုကရိတ်တီးစ်ကဲ့သို့ မိမိ၏ယုံကြည်ချက်အပေါ် ခိုင်မာစွာရပ်တည်သော ကိုယ်ပိုင်ဆုံးဖြတ်ချက်သာဖြစ်သင့်သည်။

**ဒီမိုကရေစီသဘောတရားများကို ချိုးဖောက်**

**နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အစိုးရကိုဆန့်ကျင်လိုသောကြောင့် CDM လုပ်ရန် ဆုံးဖြတ်ပါက ဒီမိုကရေစီသဘောတရားများအရ ထိုဝန်ထမ်းမှာ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။** တစ်ချိန်တည်းတွင် ထိုဝန်ထမ်းသည် ဖြစ်လာမည့်ပြစ်ဒဏ်နှင့် အကျိုးဆက်အားလုံးကိုလည်း ဒေါက်တာကင်းဂ်နှင့် ဆိုကရိတ်တီးစ်ကဲ့သို့ ရဲရဲဝံ့ဝံ့ရင်ဆိုင်ရန် ဆုံးဖြတ်ပြီးသား ဖြစ်သင့်သည်။ ဤကဲ့သို့ မဟုတ်ဘဲ CDM မလုပ်သော အခြားဝန်ထမ်းများ၊ အထူးသဖြင့် မိမိ၏ လက်အောက်ငယ်ဝန်ထမ်းများအား အတင်းအကျပ် CDM လုပ်ရန် ဖိအားပေးနေသော CDM ပါမောက္ခများ၊ CDM ကျောင်းဆရာများ၊ CDM ဆရာဝန်များသည် သူတို့ကိုယ်တိုင် ဒီမိုကရေစီသဘောတရားများကို ချိုးဖောက်နေသည်ဟု ဆိုရပေမည်။

**မြန်မာနိုင်ငံတွင် CDM အားပေးနေသူများသည် ကလေးများနှင့် လူငယ်များ၏ ပညာရေးအခွင့်အရေးများကို ချိုးဖောက်လာကြောင်း တွေ့ရသည်။** “ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ သဘောတူစာချုပ်” (Convention on the Rights of the Child) တွင် ကလေးတိုင်းကျောင်းတက်ရန် အခွင့်အရေးပေးရမည်ဟု တိုက်တွန်းထားသည် (အညွှန်း ၃)။ CDM လုပ်သော ပါမောက္ခအချို့သည် နိုင်ငံတော်က ပေးထားသောအိမ်နှင့် ပေးမည့်ပင်စင်တို့ကို အဆုံးရှုံးမခံနိုင်သောကြောင့် အလုပ်ပြန်ဝင်ပြီး အလုပ်ခွင်ထဲမှပင် ကျောင်းသားများကို ကျောင်းမတက်ရန် တိုက်တွန်းနေသည်ဟု ကြားသိရသည်။ ထိုကဲ့သို့သော ဆရာ ဆရာမများမှာ မိမိတို့၏ သားသမီးများကို လက်ရှိစနစ်နှင့်ပင် ဆုံးခန်းတိုင်အောင် ပညာသင်အခွင့်အရေး ရရှိခဲ့သော်လည်း အခြားလူငယ်များ၏ အခွင့်အရေးကို ပိတ်ပင်ရန် ကြိုးစားနေသည်မှာ ရှက်ဖွယ်ကောင်းသည်။

နိုင်ငံခြားတွင်နေသော မြန်မာများသည်လည်း “စစ်ကျွန်ပညာရေးကိုအားမပေး” ဟူ၍ ကလေးများကို ကျောင်းမတက်စေရန် ဆော်ဩကြသည်။ ထိုမြန်မာများသည် မိမိတို့၏ကလေးများကို နိုင်ငံခြားတွင် ကျောင်းထားပြီး မြန်မာပြည်တွင် စာသင်ကျောင်းများနှင့် တက္ကသိုလ်များပျက်အောင် တိုက်တွန်းနေသည်။ အစိုးရကျောင်းများကို မသုံးလျှင် ကလေးများကို မည်ကဲ့သို့ ပညာတတ်အောင်သင်မည်ကို အဖြေမပေးနိုင်။ အခြေအနေအမှန် (reality) ကို မေ့နေသူများဖြစ်ကြသည်။ မိမိတို့ ကြိုက်နှစ်သက်သော အစိုးရ မတက်မချင်း နိုင်ငံ၏စနစ်များအားလုံးကို ပျက်သုဉ်းရန် တွန်းအားပေးနေသောသူများ ဖြစ်သည်။

**ဆရာဝန်တို့၏ ကိုယ်ကျင့်သိက္ခာနှင့် ကျင့်ဝတ်တို့ကို ဖောက်ဖျက်**

**ဆရာဝန်များ CDM ပြုလုပ်ခြင်းသည် နိုင်ငံတကာမှလက်ခံထားသော ဆရာဝန်တို့၏ ကိုယ်ကျင့်သိက္ခာနှင့်ကျင့်ဝတ်တို့ကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။** နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ (ICRC) (အညွှန်း ၄) သည် ထိုကျင့်ဝတ်ကို ရှင်းလင်းစွာ ဖော်ပြထားသည်။ စစ်မြေပြင်၌ပင်လျှင် ဆရာဝန်များသည် ဘက်မလိုက်ဘဲ ရန်သူစစ်သည်များအပါအဝင် ဒဏ်ရာရလူနာများနှင့် ရောဂါဝေဒနာရှင်များ အားလုံးကို ကုသအသက်ကယ်ရန် တာဝန်ရှိသည်။ နိုင်ငံတိုင်းနီးပါးတွင် ဤကျင့်ဝတ်ကို ဖောက်ဖျက်သောဆရာဝန်များကို ရှုတ်ချကြသည်။ ဖေဖော်ဝါရီလ အကြမ်းဖက်မှုများစသောအခါ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုမှ အကြီးတန်းအရာရှိတစ်ဦးသည် ကျွန်မအတွက် စိတ်ပူ၍ နိုင်ငံခြားမှ ဖုန်းဆက်လာသည်။ ထိုအမျိုးသမီးက မြန်မာဆရာဝန်များ CDM လုပ်ခြင်းကို ကျွန်မအထက်တွင် ဖော်ပြထားသော အကြောင်းများကြောင့် ရှုတ်ချခဲ့သည်။

**မြန်မာပြည်မှ Social Punishment သည် လူမှုရေးစည်းကမ်းများကို ဖောက်ဖျက်နေ၍ အခြားသူများ၏ လူ့အခွင့်အရေးများကိုပါ ချိုးဖောက်နေကြောင်း တွေ့ရသည်။** အမေရိကန်စိတ်ပညာအသင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ Social Punishment ဆိုသည်မှာ “လူတစ်ဦး၏အပြုအမူကို မကြိုက်သဖြင့် ထိုသူနှင့်မဆက်ဆံခြင်း၊ ထိုသူကို ရှုတ်ချခြင်း အစရှိသည့် အကျပ်ကိုင်အပြစ်ဒဏ်ပေးခြင်း” ဖြစ်သည်။ ကျွန်မတစ်ဦးတည်းသာလျှင် ဆုံးဖြတ်ရမည့် ကျွန်မ၏ အလုပ်ကိစ္စကို ဘူမိဗေဒတပည့်များက မနှစ်သက်ရုံသာမက ရှုတ်ချကြသည်။ သူတို့ကို ငယ်စဉ်က ပညာသင်ကြားပေးခဲ့သော ဆရာမကို ပက်စက်စွာ ဆိုရှယ်မီဒီယာပေါ်မှာ သူ့ထက်ငါ လုယက်ပြီး အပြိုင် ရိုင်းစိုင်းကြသည်။

ကျွန်မ၏ ကျေးဇူးမကင်းသော တပည့်များ ပါဝင်နေသလို တပ်မတော်နှင့် ကျေးဇူးမကင်းသူများ၊ တပ်မတော်နှင့် ပတ်သက်နေသူများလည်း ပါဝင်ကြသည်။ အံ့သြဖွယ်ရာမှာ ကျွန်မလောက် ပညာမပြည့်စုံ၊ နိုင်ငံ့အဆင့် အတွေ့အကြုံမရှိသော တပည့်များနှင့် မိတ်ဆွေများသည် ကျွန်မ၏ဘဝနှင့်ပတ်သက်၍ သူတို့သာမှန်ကန်သည်ဟု ယူဆကြသည်။

“ဆရာမက ဒီလောက် ပြောနေတဲ့ကြားထဲက ဆက်လုပ်နေတာကိုး” ဟူ၍ မိုက်ရိုင်းစွာ ဆဲဆိုနေသူများ၏ စကားကိုပဲ နားထောင်ရမလို ဖြစ်နေသည်။ အထက်ပါတို့ကို ဖော်ပြခြင်းမှာ ကျွန်မ စိတ်ထိခိုက်သောကြောင့်မဟုတ်။ Social Punishment ခံနေရသော လူငယ်များကို အားပေးလိုသောကြောင့်ဖြစ်သည်။ ကျွန်မအတွက် Social Punishment ၏ ကောင်းသော အကျိုးဆက်မှာ မည်သူက စေတနာစစ်မှန်သည်ကို သိလာသည်။ ကျွန်မသည် ကံကံ၏အကျိုးပေးကို ယုံကြည်သူဖြစ်သည့်အတွက် ကျန်တပည့်များနှင့်အကောင်းမမြင်နိုင်သူများကို ဥပေက္ခာထားနိုင်သည်။ **စာမျက်နှာ ၉ သို့** ■

> **မြန်မာပြည်တွင် Facebook ကို မှီဝဲ အသုံးပြုသူအများစုမှာ အပေါ်ယံလောက်သာ စဉ်းစားကြသည်။ ထို့အပြင် မြန်မာအများစုမှာ အင်္ဂလိပ်စကား ညှပ်သုံးလျှင် သို့မဟုတ် လူတစ်ဦးသည် အင်္ဂလိပ်စကား သွက်သွက်လက်လက် ပြောတတ်လျှင် အခြားအရည်အချင်းများကိုမကြည့်ဘဲ ထိုသူကို အထင်ကြီးတတ်ကြသည်။ ကျွန်မကိုယ်တိုင်မှာ အင်္ဂလိပ်စာနှင့်စကား ကျွမ်းကျင်ပါသည်။ နိုင်ငံတကာအလုပ်ခွင်၌ အနောက်တိုင်းသားများ၏ အင်္ဂလိပ်စာအရေးအသားကိုပင်လျှင် ပြင်ရေးပိုင်ခွင့်ရှိသော အဆင့်တွင် လုပ်ရသည်။ “CDM” နှင့် “Social Punishment” လုပ်သည်ဟု ဂုဏ်ယူနေသူများသည် ဤအင်္ဂလိပ်အသုံး အနှုန်းများ၏ အဓိပ္ပာယ်ကို နားလည်ရန်လိုအပ်မည်ဟု မြင်။**

# အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများအနက် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံခဲ့ရသူများရှိသကဲ့သို့ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ဥပဒေကြောင်းအရ အရေးယူခံခဲ့ရသူများလည်းရှိပါသည်။

၂။ အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနက်မှ အချို့သည် CDM လှုပ်ရှားမှုများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သူများရှိသကဲ့သို့ အချို့သော ဝန်ထမ်းများမှာ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့် အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသူများလည်း ရှိကြပါသည်။

၃။ CDM လှုပ်ရှားမှုတွင်ပါဝင်မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှုမရှိခဲ့သည့်အပြင် အထက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်သာ ပါဝင်ခဲ့ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက အောက်ဖော်ပြပါအချက်များကိုအခြေခံ၍ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားမှုများအား ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ပါသည်–

(က) ယင်းဝန်ထမ်း၏ ယခင်တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် ကျေနပ်ဖွယ်ရှိကြောင်းနှင့် ဆက်လက်တာဝန်ပေးအပ်ရန်သင့်တော်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးမှ ထောက်ခံခြင်း၊

( ခ) လူမှုကွန်ရက်များတွင် ရေးသားဖော်ပြဆောင်ရွက်ခဲ့မှုများသည် ပညာပေး၊ သတိပေးခြင်းဖြင့် ဆက်လက်ထိန်းသိမ်းနိုင်မည့်အခြေအနေ ရှိ၊ မရှိ၊ ကိုယ်တိုင်ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း ရှိ၊ မရှိတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစွဲအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်၊ ထောက်ခံချက်၊

(ဂ) ကာယကံရှင်ဝန်ထမ်း၏ ကတိဝန်ခံချက်။

၄။ ဝန်ထမ်းများအပေါ် အရေးယူဆောင်ရွက်ထားမှုအား ပြန်လည်သုံးသပ်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်–

(က) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရ ဌာနဆိုင်ရာအရေးယူခံရသော ဝန်ထမ်းများသည် ၆ လအတွင်း အယူခံခွင့်ရှိသည်ဖြစ်ရာ ထပ်မံစိစစ်တွေ့ရှိချက်များအပေါ်မူတည်၍ နိုင်ငံတော်တည်ဆောက်ရေးတွင် ဆက်လက်အထောက်အကူဖြစ်စေနိုင်သဖြင့် ချမှတ်ထားသည့် ပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း၊

( ခ) ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က) သို့မဟုတ် ၅၀၅–က ဖြင့်တရားစွဲဆိုခံထားရသူများကို အမှုပြန်လည်ရုပ်သိမ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရသာ လျှော့ပေါ့သည့် ပြစ်ဒဏ်ပြောင်းလဲချမှတ်ကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း။

၅။ သို့ပါ၍ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကိုစိုးရိမ်ပူပန်ခြင်း စသည့် အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် နိုင်ငံ့တာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး စဉ်းစားသုံးသပ် ဆောင်ရွက်နိုင်ရန်အတွက် အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများနှင့်ခရိုင်များအလိုက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**တောင်ကြီး မေ ၁၆**

၂၀၂၁ ခုနှစ် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ယခင်နှစ်တွင် မြို့နယ်အလိုက်၊ ခရိုင်အလိုက် ပြိုင်ပွဲများသာ ကျင်းပခဲ့သော်လည်း ပြည်နယ်တွင်း နေထိုင်ကြသည့် တိုင်းရင်းသားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရေး၊ အားကစားဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်နယ်ကိုယ်စားပြုထူးချွန်အားကစားသမားများ ပိုမိုရှာဖွေရရှိနိုင်ရေးတို့ကို ရည်ရွယ်ပြီး ယခုနှစ်မှစ၍ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုးကန့်၊ ပအိုဝ်း၊ ဓနု၊ ပလောင် အစရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါ ခရိုင်အလိုက် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ဖိတ်ကြားထားသည်။ ကိုးကန့်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် လတ်တလောကိုဗစ်–၁၉ရောဂါ အခြေအနေကြောင့် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိသော်လည်း ကျန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများပါဝင်လာသည်ကို တွေ့ရသည့်အတွက် များစွာဂုဏ်ယူပြီး အနာဂတ် ရှမ်းပြည်နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားတက်ကျေနပ်မိပါကြောင်း၊ ယခုယှဉ်ပြိုင်ကစားကြမည့် ဘောလုံးပြိုင်ပွဲတွင် အားကစားသမားများ အနေဖြင့် အားကစားစိတ်ဓာတ်ကို အရင်းခံပြီး ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များကို နာခံကြကာ ပြိုင်ပွဲကြီးကြပ်မည့် ဒိုင်လူကြီးများအနေဖြင့် ဘက်လိုက်မှုကင်းရှင်းပြီး ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများအတိုင်း တရားမျှတမှန်ကန်စွာ တိတိကျကျ ဆုံးဖြတ်ဆောင်ရွက်ပေးကြရန်၊ သတ်မှတ်ထားသော ဥပဒေ စည်းမျဉ်းများအရ သန့်ရှင်းစွာ ယှဉ်ပြိုင် ကစားသွားကြရန်နှင့် ခရိုင်အဆင့်မှ ပြည်နယ်၊ ပြည်နယ်အဆင့်မှ နိုင်ငံ့လက်ရွေးစင်အဖြစ် တက်လှမ်းနိုင်ရေး ရည်မှန်းချက်ထားပြီး အားသွန်ခွန်စိုက် ယှဉ်ပြိုင်ကစားကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင် အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆို၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် ပြိုင်ပွဲပထမနေ့ပွဲစဉ်အဖြစ် လားရှိုးခရိုင်အသင်းနှင့် မူဆယ်ခရိုင်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင်အလိုက် အသက် (၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မူဆယ်ခရိုင်၊ မိုးမိတ်ခရိုင်၊ ကျိုင်းတုံခရိုင်၊ တာချီလိတ်ခရိုင်၊ မိုင်းဆတ်ခရိုင်၊ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပအိုဝ်း/ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မေ ၁၆ ရက်မှ ၃၀ ရက်ထိနှင့် တစ်ရက်ကို နှစ်ပွဲနှုန်းဖြင့် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

■ စာမျက်နှာ ၈ မှ

**စိတ်ဓာတ်ကျဆင်း**

**စိတ်ဓာတ်ခိုင်မာသောသူများသည် Social Punishment ကိုဂရုမစိုက်။** ထိုကဲ့သို့ စိတ်ဓာတ်ခိုင်မာရန်လည်း လူငယ်များက ကြိုးစားသင့်ပါသည်။ မိမိဘဝအတွက် မိမိ၏ဆုံးဖြတ်ချက်သာလျှင် အဓိက ဖြစ်သည်။ Facebook နှင့် အပေါင်းအသင်းများကို အားမကိုးဟု ခံယူသင့်ပါသည်။ အပေါင်းအသင်းကို အားကိုးသော လူငယ်များသည် ထိုအပေါင်းအသင်းများနှင့် မတွေ့ရလျှင် စိတ်ဓာတ်ကျဆင်းခြင်းရောဂါ (depression) ပိုမိုဖြစ်လွယ်သည်ဟု ကိုဗစ်လော့ခ်ဒေါင်းကာလတွင် တွေ့ခဲ့ရသည် (အညွှန်း ၅)။

Social Punishment သက်သက်ဟူသည် ပြစ်မှုမဟုတ်သော်လည်း Social Punishment မှတစ်ဆင့်တက်လာ၍ အလုပ်မသွားရဲအောင် အကြီးအကဲက မိမိကို အနှောင့်အယှက်ပေး အနိုင်ကျင့်နေပါက (harassment and bullying) တရားဥပဒေအရ အရေးယူနိုင်ရန် တိုင်ကြားသင့်ပါသည်။ ။

**အညွှန်းများ**

(၁) Rawls, J. (1971). A Theory of Justice. Cambridge, MA: Harvard University Press.
(၂) King, Jr. M.L. (1963) Letter from a Birmingham Jail
(၃) United Nations (1989). Convention on the Rights of the Child.
(၄) International Committee of the Red Cross, International Humanitarian Law Database. Geneva Convention Protocol Additional to the Geneva Conventions of 12 August 1949, and relating to the Protection of Victims of International Armed Conflicts (Protocol I), of 8 June 1977.
(၅) Abbott, A. (2021) COVID's mental–health toll: how scientists are tracking a surge in depression. Nature, Vol 590. 11 February 2021.

# စာပေမြတ်နိုး၊ ပြည့်အကျိုး၊ သယ်ပိုးဆောင်တည်၊ ကြည်အောင် (ကေတုမတီ) သို့မဟုတ် (ဣန္ဒာဆွေ)

## မြင်းမူမောင်နိုင်မိုး

ကဗျာဆရာ ကြည်အောင် (ကေတုမတီ) ကို ၁၉၉၈ ခုနှစ် နှစ်လယ်ပိုင်းလောက်က စတင်တွေ့မြင်ခဲ့ဖူးသည်။ တကယ်တော့ ဆရာကြည်အောင် (ကေတုမတီ) သည်မြင်းမူမြို့ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သောကြောင့် ကျွန်တော်နှင့် တစ်ကျောင်းတည်း ထွက်သူများဟု ဆိုနိုင်ပါသည်။ သို့သော် သူက ကျွန်တော့်ထက် တက္ကသိုလ်ဝင်တန်းအောင်တာ ၁၁ နှစ်စောပြီး အသက်လည်း ၁၁ နှစ်ခန့် ကြီးပါသည်။ ထို့ပြင် သူသည် စစ်ကိုင်းတိုင်း မြောင်မြို့နယ် သောင်ကြီးကျေးရွာသားဖြစ်သလို ကျွန်တော်ကလည်း မြောင်မြို့အလယ်ရပ်မှာ မွေးဖွားသော မြောင်မြို့သားဖြစ်သည်။

ကျွန်တော်နှင့် စတင်တွေ့ဆုံတော့ သူက ဗိုလ်ချုပ်အဆင့် ပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်၏။ ဝန်ကြီးက ကျွန်တော့်ကို တွေ့ဆုံလိုကြောင်း အကြောင်းကြားပေးသူမှာ ထိုစဉ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (စာရေးဆရာ–ချစ်နိုင် (စိတ်ပညာ)) ယခု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပင် ဖြစ်လေသည်။

ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေမည့်မဂ္ဂဇင်းတွင် အယ်ဒီတာချုပ်တာဝန်ပေးအပ်ရန် ဆန္ဒရှိသဖြင့် ကျွန်တော့်သဘောထားကို ခေါ်ယူမေးမြန်းခြင်းဖြစ်သည်။ ကျွန်တော်က လုပ်လိုပါသည်ဟု သဘောတူပြီးသည်နှင့် မဂ္ဂဇင်းထုတ်ဝေရေးအတွက် လိုအပ်သည်များကို အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ရပါတော့သည်။ ၁၉၉၈ ခုနှစ် ဩဂုတ်လခန့်က စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၉ ခုနှစ် မတ်လတွင် မဂ္ဂဇင်း စတင်ထုတ်ဝေနိုင်ခဲ့သည်။ မဂ္ဂဇင်းအမည်ရွေးချယ်သည်ကိုက လေးလခန့် ကြာပါသည်။ အကြိမ်ကြိမ်အထပ်ထပ် အမည်အမျိုးမျိုး စဉ်းစားရှာဖွေတင်ပြပြီးမှ နောက်ဆုံးတွင် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းဟူသည့်အမည်ကို အတည်ပြုပေးခဲ့ပါတော့သည်။



ဗိုလ်ချုပ်ကြည်အောင်၊ ဆရာဦးလှမြိုင်(ကိုဆောင်း)၊ ဦးမျိုးသန့်(မောင်ဆုရှင်)တို့နှင့်အတူ ပင်းတယဒေသသို့ သွားရောက်ခဲ့စဉ်။

### စာပေဂီတမြတ်နိုးလှသူ

ဝန်ကြီးသည် တပ်မတော်တွင် တိုင်းမှူးရာထူးအထိ တာဝန်ထမ်းဆောင်ခဲ့ပြီးမှ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးတာဝန် ထမ်းဆောင်ရခြင်းဖြစ်၏။ သူသည် ငယ်စဉ်ကတည်းက စာပေဂီတ အနုပညာလုပ်ငန်းများတွင် အထူးစိတ်ဝင်စား၏။ အသက် ၁၇ နှစ်အရွယ်တွင် ကျောင်းမဂ္ဂဇင်းတစ်အုပ်ကို အောင်မြင်စွာ ထွက်ပေါ်နိုင်ရေး သူတစ်ယောက်တည်းက အယ်ဒီတာအလုပ်ရော၊ စာရေးဆရာအလုပ်ရော၊ စာပြင်ဆရာ အလုပ်ပါ လုပ်ခဲ့၏။ ငယ်စဉ်ကပင် မယ်ဒလင်တီး သီချင်းဆိုခြင်း၌ အလွန်ဝါသနာထုံခဲ့၏။ သူငယ်စဉ်က ကျောင်းသားဘဝ သီချင်းဆိုကြသောအခါ တေးသံရှင်အမည်မှာ ပွင့်သစ်စ ကြည်အောင်ဖြစ်ကြောင်း သိရပါသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် စာတည်းမှူးချုပ်တာဝန် ထမ်းဆောင်ရင်း မြင်းမူမြို့က သူ့သူငယ်ချင်းမိတ်ဆွေများအကြောင်း၊ မြောင်မြို့၊ နဘက်မြို့များအကြောင်း မကြာခဏပြောဆိုဖြစ်ကြပါသည်။ ရပ်ရွာဒေသ မွေးဇာတိမြေအား သံယောဇဉ်ကြီးမားသူဖြစ်ပါ၏။ နှစ်စဉ်ကျောင်းဖွင့်ချိန်များရောက်တိုင်း မြောင်မြို့၊ နဘက်မြို့၊ မြင်းမူမြို့များသို့ ကျောင်းသုံးစာအုပ်များ သွားရောက်လှူဒါန်းလေ့ရှိသည်။ ထိုသို့ သွားရောက်လှူဒါန်းတိုင်းလည်း ကျွန်တော်လိုက်ပါခဲ့ရသည်။ သူနှင့်အတူ ဆယ်တန်းအောင်မြင်ခဲ့ကြသည့် သူ့သူငယ်ချင်းများ (ဦးမောင်မောင်၊ ဒေါ်ကြည်ကြည်၊ ဒေါ်တင်ရီညွှန့်၊ ကိုကံညွှန့်) တို့ကိုလည်း စာအုပ်လှူဒါန်းပွဲများတွင် တရင်းတနှီးပြောဆိုနေကြသည်ကိုတွေ့ရသည်။ တစ်ခါမှာတော့ မြင်းမူအထက်တန်းကျောင်းမှ ကျောင်းသားလေးတစ်ဦးက စာအုပ်လှူဒါန်းပွဲတွင် သီချင်းလေးတစ်ပုဒ်ကို မယ်ဒလင်ဖြင့် တီးခတ်ပြ၏။ ထိုသီချင်းမှာ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က ကျောင်းတွင်း သီချင်းဆိုပြိုင်ပွဲတွင် ပွင့်သစ်စ ကြည်အောင် သီဆိုဆုရခဲ့သည့် သီချင်းလေးဖြစ်ပါကြောင်း အခမ်းအနားမှူးက ကြေညာသည်။

ဝန်ကြီး၏မျက်နှာကို ကျွန်တော်လှမ်း၍ကြည့်မိစဉ် ကြည်နူးပီတိဖြင့် ပြုံးရွှင်နေသည်ကို မြင်လိုက်ရ၏။ မှတ်မိနေပါသေးသည်။ ထိုနေ့က မယ်ဒလင်လေးတီးပြခဲ့သူသည် ဝန်ကြီး၏သူငယ်ချင်း ဦးကံညွှန့်၏သား မောင်အောင်သက်ထွန်း ဖြစ်ပါ၏။ ဝန်ကြီးက ..

“အဲဒီသီချင်းက ငါတို့မြင်းမူကျောင်းအုပ်ဆရာကြီး ဦးသန်းဖေ ရုရှားနိုင်ငံကို ပညာတော်သင်သွားပြီး ပြန်အလာမှာ ကျင်းပတဲ့ဆရာကြီးကို ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲကွ။ ငါ့ကို သီချင်းရေးပေးသူက ကိုဝင်းကိုလေ”

ကိုဝင်းကိုဆိုသူမှာ ကျွန်တော်တို့ ပဥ္စမတန်းနှစ်က ကျွန်တော်တို့၏ အတန်းပိုင်ဆရာ ဦးဝင်းကို ဖြစ်၏။

### နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အသက်သွင်းသူ

စာပေဂီတကို အလွန်ဝါသနာကြီးလှသော ဦးကြည်အောင်သည် ပြန်ကြားရေးဝန်ကြီးဖြစ်လာသောအခါ စာပေပညာရှင်များ၊ ဂီတပညာရှင်များနှင့် ပိုမိုနီးကပ်စွာဆက်ဆံပြီး စာပေဂီတအကျိုးကို ပိုမို၍ သယ်ပိုးဆောင်ရွက်ခဲ့၏။

၁၉၉၇၊ ၁၉၉၈ ခုနှစ်ခန့်က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ယခု မြန်မာနိုင်ငံ စာရေးဆရာအသင်း) မှာ အမည်နာမသာ ခံ့ညားမှုရှိသော်လည်း ထိုအမည်နာမနှင့် လိုက်ဖက်သည့်ရုံးခန်း မရှိသေးပေ။ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်၏ဒုတိယထပ်တွင် ကျယ်ဝန်းသောနေရာ တစ်နေရာကို စီစဉ်ပေးခဲ့လေသည်။ ထို့အပြင် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း တည်ထောင်ပေးရခြင်းမှာလည်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ စာပေများရေးသားနိုင်ကြစေရန် နေရာတစ်နေရာ၊ စင်မြင့်တစ်ခုအဖြစ် ဖန်တီးစီစဉ်ပေးခြင်းဖြစ်သည်ဟု မကြာခဏပြောဆိုပါသည်။ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁) မှစ၍ မဂ္ဂဇင်း၏ နာယကများအဖြစ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တစ်ဖွဲ့လုံးကို အမည်နှင့်တကွ သတ်မှတ်ဖော်ပြပေးရပါသည်။



ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၏ တာဝန်ပေးအပ်ချက်အရ အမေဒေါ်မေရှင်ထံသို့ စာရေးသူက ငွေကျပ်တစ်သိန်း သွားရောက်ကန်တော့စဉ်။

**ဝန်ကြီးသည် စာပေပညာရှင်များကို အထူးလေးစားတန်ဖိုးထားသည်။ ထိုစဉ်က ဆရာပါရဂူ၊ ဆရာမောင်ဆုရှင်၊ ဆရာတက်တိုး၊ ဆရာကျော်အောင်၊ ဆရာဦးလှမြိုင် (ကိုဆောင်း)၊ ဆရာဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာမကြီး ဒေါ်စောမုံညင်း၊ ဒေါ်နုယဉ်၊ ကထိကဒေါ်မြင့်သန်းတို့ထံမှ စာမူများ မဂ္ဂဇင်းတွင် မကြာခဏဖော်ပြနိုင်ရန် ဆောင်ရွက်ဖို့ နှိုးဆော်လေ့ရှိပါသည်။ ဝန်ကြီး၏ဆန္ဒမှာ ကလောင်ဟောင်း ဆရာကြီး၊ ဆရာမကြီးများ၏ စာမူများကို အလေးထားသင့်သလို ကလောင်သစ်များကိုလည်း နေရာပေးမြေတောင်မြှောက်ပေးရေးပင် ဖြစ်၏။**

ဝန်ကြီးသည် စာပေပညာရှင်များကို အထူးလေးစားတန်ဖိုးထားသည်။ ထိုစဉ်က ဆရာပါရဂူ၊ ဆရာမောင်ဆုရှင်၊ ဆရာတက်တိုး၊ ဆရာကျော်အောင်၊ ဆရာဦးလှမြိုင် (ကိုဆောင်း)၊ ဆရာဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာမကြီး ဒေါ်စောမုံညင်း၊ ဒေါ်နုယဉ်၊ ကထိက ဒေါ်မြင့်သန်းတို့ထံမှ စာမူများ မဂ္ဂဇင်းတွင် မကြာခဏဖော်ပြနိုင်ရန် ဆောင်ရွက်ဖို့ နှိုးဆော်လေ့ရှိပါသည်။ ဝန်ကြီး၏ဆန္ဒမှာ ကလောင်ဟောင်းဆရာကြီး၊ ဆရာမကြီးများ၏ စာမူများကို အလေးထားသင့်သလို ကလောင်သစ်များကိုလည်း နေရာပေး မြေတောင်မြှောက်ပေးရေးပင် ဖြစ်၏။

စာမျက်နှာ ၁၁ သို့ ✻

❋ စာမျက်နှာ ၁၀ မှ

သူကိုယ်တိုင်လည်း ကဗျာများ၊ စာများ ရေးသည်။ ဝန်ကြီးသည် မန်းတက္ကသိုလ်တွင် ကျောင်းတက်စဉ်က ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)၏ သင်ကြားပို့ချချက်များကို ခံယူခဲ့ရသည်ဖြစ်၍ မြန်မာစာပေကို အလွန်တရာ အလေးထား၏။ ပါဠိဘာသာကို အလွန်မြတ်နိုး၏။ အကြောင်းကိစ္စတစ်ရပ်ရပ်ဖြင့် စကားပြောဆိုလေတိုင်း ဝန်ကြီးထံမှ သူအလွတ်ရကျက်မှတ်ထားသည့် ပါဠိပါဒ်သားများကို ကြားနာရ၏။

သူရေးဖွဲ့ခဲ့သည့် ကဗျာအများစုမှာ မြတ်ဗုဒ္ဓ၏ တရားဓမ္မ အရိပ်အငွေ့များ လွှမ်းခြုံလျက်ရှိ၏။ ပါဠိဘာသာ၊ ပါဠိစကားလုံးများဖြင့် ထုံမွမ်းအလှဆင်လျက်ရှိ၏။ အောက်ပါကဗျာကို ဖတ်ရှုကြည့်စေချင်သည်။

**အကန်းနှစ်မျိုး**

☆ ဖြူနီညိုပြာ၊ ဆင်းရောင်ဝါနှင့်
ဘယ်ဟာ အလင်း၊ ဘယ်သင်း အမှောင်
ဘယ်တောင် ဘယ်တော၊ ဩကာသနှင့်
သတ္တလောက၊ မမြင်ရလျှင်
မံသစက္ခု အကန်းဟု။
ဆိုမှု ထိုက်လှစွာ။

☆ ဖြစ်ပျက် ဖောက်ပြန်၊ ရုပ်နှင့် နာမ်ကို
ကေန်မလွဲ၊ တလွဲတချော်
မလျော်မကန်၊ အမှန်မသိ
အရှိကို မရှိ၊ မရှိကို အရှိ
မှားယွင်းသိက
ခေါ်ဘိ အဝိဇ္ဇာ၊ လူ့မိစ္ဆာကို
ဉာဏစက္ခု အကန်းဟု။
ဆိုမှုထိုက်သည်သာ။

☆ အကန်းကမ္ဘာ၊ ဤလူ့ရွာမှာ
ကန်းတာ နှစ်မျိုး၊ အဖြစ်ဆိုးမို့
ကိုယ်ကျိုးနည်းရ၊ ယခုဘဝ။
သံသရာခရီး မှောင်ကြီးကျ။
အဝိဇ္ဇာတိုက် မိုက်လွန်းစွ။

ကြည်အောင် (ကေတုမတီ)
နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၉၅)
၂၀၀၇ ခုနှစ်၊ မတ်လ။

**အမျိုးသားစာပေတစ်သက်တာဆု**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးတာဝန် ထမ်းဆောင်စဉ်အတွင်း စာပေလောကအတွက် ဝန်ကြီး၏ထင်ရှားသော ဆောင်ရွက်ချက်တစ်ရပ်မှာ အမျိုးသားစာပေတစ်သက်တာဆုကို တီထွင်ချီးမြှင့်ပေးခဲ့ခြင်းပင်ဖြစ်၏။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင်လတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာ၏။ ထိုအခါ ထိုင်းနိုင်ငံက ဦးဆောင်ကျင်းပသော အာဆီယံစာပေဆုချီးမြှင့်ပွဲသို့ တက်ရောက်ကာ နှစ်စဉ်နှစ်တိုင်း စာပေပညာရှင် တစ်ဦးကျ အဆိုပါဆုကို ရယူခွင့် ပေါ်ပေါက်ခဲ့ပါ၏။ ၁၉၉၈ ခုနှစ်တွင် ဆရာ ဆင်ဖြူကျွန်းအောင်သိန်း၊ ၁၉၉၉ ခုနှစ်တွင် ဆရာကျော်အောင်၊ ၂၀၀၀ ပြည့်နှစ်တွင် ဆရာမကြီး ဒေါ်စောမုံညင်း၊ ၂၀၀၁ ခုနှစ်တွင် ဆရာတက္ကသိုလ် ထင်ကြီးတို့ ဆုများအသီးသီး ရယူခဲ့ကြ၏။

၂၀၀၂ ခုနှစ်တွင် ဆရာပါရဂူကို သွားရောက်ဆုယူရန် အဖွဲ့က ရွေးချယ်ထားပြီးဖြစ်သော်လည်း ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပေါ်ပေါက်လာသည့် နိုင်ငံရေးအခြေအနေအရ ဆရာပါရဂူ သွားရောက်ဆုယူခွင့် မရခဲ့ချေ။ ထိုအခါ ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က သက်ဆိုင်ရာ ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးကာ အာဆီယံစာပေဆုကဲ့သို့သော ဆုမျိုးနှင့်အပြိုင် ဆုတစ်မျိုးကို တီထွင်ချီးမြှင့်ခဲ့လေသည်။ ထိုဆုအမည်မှာ အမျိုးသားစာပေတစ်သက်တာဆုဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် ဆရာပါရဂူက ဦးစွာပထမ ဆွတ်ခူးရယူနိုင်ခဲ့ပေသည်။ ယခုအခါ အမျိုးသားစာပေတစ်သက်တာဆွတ်ခူးရရှိသူ စာပေပညာရှင် စုစုပေါင်း ၂၀၀၂ မှ ၂၀၁၉ အထိ ၂၉ ဦး ရှိခဲ့ပေပြီ။ ဆုရရှိသူ ဆရာကြီး၊ ဆရာမကြီးများမှာလည်း မိမိတို့၏ဘဝတစ်သက်တာလုံး စာပေဌာ်သာ မြုပ်နှံထားရှိခဲ့သည်ကို အသိအမှတ်ပြုသောအားဖြင့် ချီးမြှင့်ခြင်းခံရသည်ဖြစ်၍ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ကြရပေသည်။ သို့ရာတွင် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ထိုဆုကို မည်သူက တီထွင်ချီးမြှင့်ခဲ့သည်ဆိုသည်ကိုတော့ သိရှိမှတ်မိသူ နည်းပါးပေလိမ့်မည်ဟု ထင်မြင်မိပါသည်။



ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၏တာဝန်ပေးအပ်ချက်အရ ရေတာရှည်အရှေ့ခြမ်းဒေသသို့ ကျေးလက်ဓလေ့များ သွားရောက်လေ့လာစဉ်။ (ဂီတစာဆိုဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်ဦးကိုကို၊ မြင်းမူမောင်နိုင်မိုး၊ ညွန့်ဟံ (ကြူတော)၊ အဆိုတော်ခိုင်ဝါ)

**စာပေဂီတအနုပညာရှင်များကို ချစ်မြတ်နိုးသူ**

ဗိုလ်ချုပ်ကြည်အောင် ပြန်ကြားရေးဝန်ကြီး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကျွန်တော်နှင့် ဆရာမောင်ဆုရှင်ကို မန္တလေးမြို့ရှိ အဆိုတော်ကြီး ဒေါ်မေရှင်ထံသို့ သွားရောက်ကာ ငွေကျပ်တစ်သိန်း ကန်တော့စေခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ဖြစ်ပါသည်။ ထိုစဉ်က အမေဒေါ်မေရှင်က ဆုများတသီကြီးပေးပြီး ကျွန်တော်တို့အပြန်တွင် သူ့အိမ်ပေါက်ဝမှ လက်ကလေးပြကာ အမေ့ဘဝက ဆည်းဆာချိန်ရောက်နေပြီ သားတို့ရယ်ဟု နှုတ်ဆက်ပြောဆိုခဲ့သည်ကို ယနေ့တိုင် မမေ့နိုင်ပါပြီ။

ဗိုလ်ချုပ်ကြည်အောင်သည် ဝန်ကြီးတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း တာဝန်ဖြင့် ခရီးသွားလာသည့်အခါ စာပေပညာရှင်၊ ဂီတပညာရှင်များကို ဒေသန္တရ ဗဟုသုတရစေခြင်းအလို့ငှာ သူနှင့်အတူ ခေါ်ယူသွားလေ့ရှိသည်။ သူနှင့်အတူ ခရီးသွားရသည့်အခါတိုင်း သီတဂူဆရာတော်ဘုရားကြီးနှင့် ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးတို့ ဟောကြားခဲ့သော တရားတော်များကို ခရီးဖော်များသို့ မကြာခဏပြန်လည်မျှဝေပေးပါသည်။ မူရင်းဟောကြားသူ မဟုတ်စေကာမူ ဗိုလ်ချုပ်၏ အာဝဇ္ဇန်းရွှင်လန်းမှု၊ ယုံကြည်မှု၊ သဒ္ဓါထက်သန်မှုတို့ကြောင့် နာကြားရသူတို့မှာ ကုသိုလ်ဖြစ်အကျိုးများလှသည်။

**ဆရာဦးလှမြိုင် (ကိုဆောင်း)၊ ဆရာမောင်ဆုရှင်တို့နှင့်အတူ**

၂၀၀၂ ခုနှစ် မတ်လ ၂၀ ရက်နေ့ခန့်က ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့သို့ ဝန်ကြီး ခရီးစဉ်ဖြင့် သွားရောက်ရင်း ဝန်ကြီးမိသားစု၏ အလှူသဘင်ပွဲတစ်ခုသို့ တက်ရောက်ခဲ့ရသည်။ ထိုစဉ်က စာပေစာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်)နှင့် ကျွန်တော်ပါ လိုက်ပါခဲ့ရပါသည်။ ဆရာကြီး ဦးလှမြိုင်က စကားပြောလျှင် "ကျွန်တော်တို့က အသက်ကြီးပါပြီ" ဟု သူ့နှုတ်ခမ်းကို လက်ကလေး တကာကာဖြင့် ပြောတတ်သည်။ ထိုအခါ ဝန်ကြီးက ဘယ်ကလာ အသက်ကြီးရမှာလဲ ဆရာဆောင်းက သွားတောင်မပေါက်သေးဘူးဟု ရယ်ရယ်မောမော ပြောလေလျှင် ဆရာဦးလှမြိုင်က သွားမရှိသော သွားဖုံးလေးဖြင့် မျက်စိလေးများ မှေးနေအောင် ရယ်ပြုံးနေသည်ကို မြင်ယောင်မိသေးတော့သည်။

ထိုခရီးစဉ်တွင် သီတဂူဆရာတော်ကြီး လိုက်ပါတော်မူခဲ့သည်။ တည်းခိုရာဟိုတယ်တွင် ကျွန်တော်က နံနက်စောစောထကာ ဆရာတော်ကြီး သုံးဆောင်ဘုဉ်းပေးရန် သဘော်သီးမှည့်နှင့် သံပရာသီးခြမ်းလေးကို ဆက်ကပ်ကုသိုလ်ယူရသည်။ ထို့ကြောင့် ထိုခရီးစဉ်လေးကို တွေးကြည့်တိုင်း ပီတိဖြစ်ရသည်။ ပင်းတယမြို့တွင် ဝန်ကြီးတို့မိသားစု ပြုလုပ်သည့် အလှူမှာ "ကောယန ဝိဟာရ" အမည်ရှိ တစ်ပါးထိုင် ကျောင်းသင်္ခမ်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။ နံနက်ပိုင်းအလှူပြီးသည့်နောက် ညချမ်းအချိန်တွင် ပုန်းတလုတ်ကန်နံဘေးရှိ ပင်းတယမြို့ ဓမ္မာရုံတွင် သီတဂူဆရာတော်ကြီးက ကောယန မြတ်ဓမ္မတရားတော်ကို ဟောကြားချီးမြှင့်တော်မူသည်။ ၂၀၀၂ ခုနှစ် မတ်လ ၂၂ ရက်နေ့ ဖြစ်လေသည်။

**လောကနီတိစာအုပ်ပြုစုခြင်း**

၂၀၀၀ ပြည့်နှစ် နှစ်ဦးပိုင်းကာလ ဖြစ်ပါသည်။ ဝန်ကြီး၏လမ်းညွှန်ချက်အရ ဝန်ကြီးဦးဆောင်သည့် ပြန်ကြားရေးဝန်ကြီးဌာန စာပြုအဖွဲ့ကို ဖွဲ့စည်းကာ လောကနီတိစာအုပ် ပြုစုထုတ်ဝေရေး စီစဉ်ဆောင်ရွက်ပါသည်။ ထိုအဖွဲ့တွင် ကျွန်တော်၊ ဦးကျော်မင်း (မင်းကျော်မင်း)၊ ဦးစိုးမြင့် (New Light of Myanmar)၊ ဦးမြလှိုင် (မြတ်မင်းလှိုင်)တို့ ပါဝင်သည်။ ကျွန်တော်နှင့် ဦးမြလှိုင်က မြန်မာလို စာတိုင်တည်ကာ ရေးသားပြီး ဦးကျော်မင်းနှင့် ဦးစိုးမြင့်က အင်္ဂလိပ်လို ပြန်ဆိုသည်။ ကျွန်တော်တို့ တင်ပြသော စာသားကို ဝန်ကြီးက အထပ်ထပ်စိစစ်တည်းဖြတ်ပြီးမှ နေ့စဉ်ထုတ်သတင်းစာများသို့ ပေးပို့သည်။ နေ့စဉ်ထုတ်သတင်းစာများ၏ ကျောဘက်တွင် "ပညာရှိစကား မှတ်သားနာယူ" ဟူသောခေါင်းစဉ်ကြီးအောက်တွင် လောကနီတိဟူ၍ ထပ်မံဖော်ပြသည်။ အလွန်လူကြိုက်များလှပါ၏။ ထိုစာပုဒ်များကို တစ်ပေါင်းတစ်စည်းတည်းပြုလျက် လောကနီတိပေါင်းချုပ်စာအုပ်ထုတ်ဝေသည်။ ဝယ်ယူသူ များပြားလှသဖြင့် အကြိမ်ကြိမ်အထပ်ထပ် ရိုက်နှိပ်ရသည်ဖြစ်ရာ သိန်းဂဏန်းချီ၍ ရိုက်နှိပ်ခဲ့ရလေသည်။

**ကျေးလက်ဂီတ မြတ်နိုးလှသူ**

ဝန်ကြီးသည် မြန်မာ့ရိုးရာ ကျေးလက်တေးဂီတများကို လွန်စွာမြတ်နိုး၏။တိမ်မြုပ်နေသော ကျေးလက်တေးများကို အများပြည်သူ ပြန်လည် နားဆင်ရလေအောင် ဖော်ထုတ်ပေး၏။ ၂၀၀၀ ပြည့်နှစ်အတွင်းကပင် စစ်ကိုင်းတိုင်းဒေသကြီး ဆင်တပ်ကျေးရွာမှ ဆင်တပ်ဗြော၊ မိုးဇာဗြောတို့ကို ပြန်လည်ထွန်းသစ်လာစေရန် ရည်ရွယ်ချက်ဖြင့် စစ်ကိုင်းမြို့၊ မြင်းမူမြို့နှင့် ငါန်းဇွန်မြို့နယ် ဆင်တပ်ကျေးရွာအထိ အနုပညာရှင်ကြီးများ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းကာ သွားရောက်လေ့လာစေပါသည်။

ထိုအဖွဲ့တွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်၊ ကျွန်တော်၊ ဂီတစာဆို ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ စာရေးဆရာညွန့်ဟံ (ကြူတော)၊ တေးသံရှင်ခိုင်ဝါတို့ ပါဝင်လေသည်။

စစ်ကိုင်းတိုင်းအတွင်း ကျေးလက်ဒေသများအထိ ကွင်းဆင်းလေ့လာ၊ မေးမြန်း၊ ရိုက်ကူးမှုများ ပြုလုပ်ပြီးတော့ ပဲခူးတိုင်းဒေသကြီး ရေတာရှည်အရှေ့ခြမ်း၊ ကျိုပ္ပတီးခင်တန်း၊ ပိတောက်ကုန်း၊ စည်ပိုင်း အစရှိသော ကျေးရွာများမှ ကောက်စိုက်မများ၏ ထူးထူးခြားခြား လုပ်ငန်းခွင်ဝင်ပုံများကို သွားရောက်လေ့လာမေးမြန်း ရိုက်ကူးရပြန်သည်။ ထိုဒေသ ထိုကျေးရွာများတွင် ကောက်စိုက်လုပ်ငန်းခွင် ဝင်ပုံမှာ ထူးခြားလှ၏။ နံနက်စောစော လုပ်ငန်းခွင်ဝင်ရန် အမျိုးသမီးကောက်စိုက် ခေါင်းဆောင်က တစ်ရွာလုံးကို လှည့်လည်နှိုးဆော်၏။ လူစုံပြီဆိုလျှင် အတီးအမှုတ် အကအခုန်များ၊ ဗုံများ လင်းကွင်းနှင့် ကောက်စိုက်ဆင်းကြ၏။ ထိုရှုခင်း မြင်ကွင်းများကို ရှုမြင်ရသည်မှာ ကြည်နူးစရာ၊ ပျော်ရွှင်စရာ၊ အားတက်စရာကောင်းလှ၏။ ဝန်ကြီးသည် အရာရှိငယ်ဘဝက ထိုဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် ထိုရိုးရာဓလေ့များကို လွန်စွာနှစ်သက်သဘောကျ၏။ ယခု သူပြန်ကြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ရသောအခါ ကျေးလက်ဒေသ၏ ချစ်စရာရိုးရာဟန် ရိုးရာဓလေ့များကို တစ်နိုင်ငံလုံးမှ ပြည်သူများ လေ့လာသိရှိနိုင်စေရန် ယခုကဲ့သို့ စာပေအနုပညာရှင်များကို စေလွှတ်ကာ ကွင်းဆင်းရိုက်ကူးစေပြီး မြန်မာ့ရုပ်သံမှတစ်ဆင့် ထုတ်လွှင့်ပြသစေခြင်း ဖြစ်ပါ၏။

ကျိုပ္ပတီးခင်တန်း ရေတာရှည် အရှေ့ခြမ်းရှိ ကျေးလက်ဒေသများ၏ ချစ်စဖွယ်လုပ်ငန်းခွင်ဝင်ဟန်ကို ဝန်ကြီးက ကြည်အောင် (ကေတုမတီ) ကလောင်အမည်ဖြင့် ကဗျာတစ်ပုဒ်ရေးဖွဲ့ခဲ့၏။ ထိုကဗျာကို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၂၀၀၁ ခုနှစ် ဇွန်လ) ထုတ်တွင် ဖော်ပြခဲ့ပါသည်။

**ဗုံရကွင်းနှင့် ကောက်စိုက်ခင်**

ပုံချမ် ပုံချမ် ဗုံရကွင်းနဲ့
လုံမေတစ်သင်း ကောက်ငန်းဝင်။
သူတို့ရပ်ရွာ သူတို့တေးမို့
နားဝင်ချိုအေး မြူးပျော်ရွှင်။
လယ်ကွက်တစ်ခို ကောက်ပင်စိမ်းနဲ့
မြရောင်လိမ့်လျက် ရေဘောင်ဘင်။
ဟိုတောင်ဆီမှာ မိုးညိုဝိုင်းပေါ့
ရှစ်ခွင်ရပ်တိုင်း အုံ့မှိုင်းဆင်။
မိုးသက်လေနှင့် ဝေ့ကာဖျန်းတော့
မေ့မှာချမ်းလို့ လွမ်းရော့ထင်။
မမှုအားပေါင် သည်အချမ်းဖြင့်
ဂရုမထားပေါင် သည်အလွမ်းဖြင့်
ကောက်ငန်းပြီးဖို့ အားစိုက်နှင်။
သူနိုင် ကိုယ်နိုင် အပြိုင်ကြဲမှ
သည်လယ်တစ်ပွဲ အောင်ပွဲဆင်။
အားတက်စရာ ဗုံသံအလိုက်က
ကောက်စိုက်ခင်အတွက် အားဆေးပင်။
တီးကွက်တွင် --- စည်းချက်ဝင်
ဗုံရကွင်းနဲ့ ကောက်စိုက်ခင်။

(ဤကဗျာဖြင့် ရေတာရှည် အရှေ့ခြမ်း ဆွာ၊ ကျိုပ္ပတီးခင်တန်း၊ ပိတောက်ကုန်း၊ စည်ပိုင်းဒေသမှ ကောက်စိုက်အဖွဲ့အား ရည်ညွှန်းပါသည်)

ကြည်အောင် (ကေတုမတီ)
နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း–၂၀၀၁ ခုနှစ် ဇွန်လ

ကြည်အောင် (ကေတုမတီ) ရေးဖွဲ့သော ရသစုံကဗျာများကို စုပေါင်းကာ နိုင်ငံ့ဂုဏ်ရည် ကဗျာများဟူသောအမည်ဖြင့် ၂၀၁၅ ခုနှစ်က ကဗျာပေါင်းချုပ်စာအုပ်အဖြစ် နိုင်ငံ့ဂုဏ်ရည် စာပေတိုက်က ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ။

ကြေးမုံ
မေ ၁၇၊ ၂၀၂၁

# တရုတ်နိုင်ငံရဲ့ အာကာသဆိုင်ရာ ဖွံ့ဖြိုးမှုတွေနဲ့အတူ အင်္ဂါဂြိုဟ်ပေါ် ခြေချနိုင်ခဲ့ပြီ

**အောင်ကျော်ကျော်(ကြေးမုံ)**

တရုတ်နိုင်ငံက အင်္ဂါဂြိုဟ်ပေါ်သို့ ပထမဆုံးအကြိမ် ခြေချနိုင်ခဲ့ပြီဖြစ်ပါတယ်။ တရုတ်အာကာသယာဉ် Tianwen-1 ဟာ မေ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၈ မိနစ်မှာ အင်္ဂါဂြိုဟ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီလို အင်္ဂါဂြိုဟ်ပေါ်ကို အောင်မြင်စွာ ခြေချ ဆင်းသက်နိုင်တာ ကမ္ဘာ့နိုင်ငံတွေထဲမှာ အမေရိကန်နဲ့ တရုတ်နိုင်ငံ နှစ်နိုင်ငံတည်းသာ ရှိပါသေးတယ်။

တရုတ်နိုင်ငံက အာကာသစခန်းသစ်တည်ဆောက်ရေးအတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေပါရှိတဲ့ အာကာသယာဉ်ကို အာကာသအတွင်းသို့ လွှန်ခဲ့တဲ့လက အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလကလည်း လကမ္ဘာပေါ်မှာရှိတဲ့ မြေကြီးနဲ့ကျောက်တုံး အလေးချိန် လေးပေါင်နီးပါးကို သုတေသနလုပ်ဖို့ အောင်မြင်စွာ ယူဆောင်လာနိုင်ခဲ့ပါတယ်။ ဒီလို အာကာသဆိုင်ရာ အောင်မြင်မှုတွေ ရရှိပြီးတဲ့နောက်မှာ အခုလို အင်္ဂါဂြိုဟ်ပေါ် အောင်မြင်စွာ ခြေချနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ကမ္ဘာ့ပတ်လမ်းထဲမှာ တရုတ်နိုင်ငံရဲ့စွမ်းဆောင်မှုတွေ ပုံမှန်ရှိနေစေဖို့ အာကာသယာဉ်မှူး သုံးယောက်ကို လာမယ့်လမှာ အာကာသအတွင်းသို့ စေလွှတ်မှာလည်း ဖြစ်ပါတယ်။

အင်္ဂါဂြိုဟ်ပေါ်သို့ တရုတ်အာကာသယာဉ် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့တဲ့အပေါ် ဝမ်းမြောက်ပါကြောင်းနဲ့ အာကာသသိပ္ပံပညာရှင်တွေနဲ့ တာဝန်ရှိသူတွေကို ချီးကျူးထောပနာပြုကြောင်း ရေးသားထားတဲ့ ပေးစာတစ်စောင်ကို တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်အာကာသအေဂျင်စီထံသို့ ပေးပို့ခဲ့ပါတယ်။

အင်္ဂါဂြိုဟ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခြင်းဟာ တရုတ်နိုင်ငံရဲ့ အာကာသဆိုင်ရာ နောက်ထပ် အောင်မြင်မှု သမိုင်းမှတ်တိုင်တစ်ခုပဲဖြစ်ပါတယ်။ စိန်ခေါ်မှုတိုင်းကို ရင်ဆိုင်ဖို့ ရဲစွမ်းသတ္တိနဲ့ ထူးချွန်မှုရရှိစေဖို့ကြိုးစားအားထုတ်မှုတွေနဲ့အတူ တရုတ်နိုင်ငံဟာ နိုင်ငံတကာရဲ့ ရှေ့မျက်နှာစာမှာ အောင်မြင်မှုတွေ ထပ်ဆင့်ရရှိလို့နေပါတယ်လို့ သမ္မတ ရှီကျင့်ဖျင်ရဲ့ ပေးစာမှာ ဖော်ပြထားပါတယ်။

### အင်္ဂါဂြိုဟ်ပေါ်သို့ စူးစမ်းလေ့လာမှုစတင်

Tianwen-1 အာကာသယာဉ်ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လက Long March 5 ဒုံးပျံနဲ့ လွှတ်တင်ခဲ့တာဖြစ်ပြီး ယခုနှစ် ဖေဖော်ဝါရီလမှာ အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းထဲကို ရောက်ရှိခဲ့ပါတယ်။ အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းထဲမှာ သုံးလကြာ လည်ပတ်ပြီးတော့ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ Tianwen-1 အာကာသယာဉ်ရဲ့ ဆင်းသက်ရေးယာဉ်ကို ဆင်းသက်စေခဲ့ပါတယ်။

ကမ္ဘာမြေနဲ့ အင်္ဂါဂြိုဟ်တို့ဟာ နေကိုလှည့်ပတ်ရာမှာ နှစ်နှစ်တစ်ကြိမ် နီးကပ်လေ့ရှိပါတယ်။ ဒီလို အခွင့်အခါကောင်းကို ရယူအသုံးချပြီး အင်္ဂါဂြိုဟ်ကို လေ့လာစူးစမ်းဖို့အတွက် The Tianwen- 1 အာကာသယာဉ်ကို အာကာသအတွင်း ပို့လွှတ်ထားခြင်းဖြစ်ပါတယ်။

The Tianwen-1 အာကာသယာဉ်မှာ အာကာသ လမ်းကြောင်းအတွင်း လှည့်ပတ်ရေးယာဉ် (orbiter)၊ အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်ရေးယာဉ် (lander) နဲ့ စူးစမ်းလေ့လာရေးယာဉ် (rover) တို့ ပါဝင်ပါတယ်။

ဖေဖော်ဝါရီ ၁၀ ရက်မှာ The Tianwen-1 အာကာသယာဉ်ဟာ အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်ခဲ့ပြီး ဘေးကင်းလုံခြုံရတဲ့ အကွာအဝေးကနေ ပတ်လမ်းအတိုင်း လှည့်ပတ်ကာ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ ဆင်းသက်ဖို့ ပြင်ဆင်နေခဲ့ပါတယ်။

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့တဲ့ ဆင်းသက်ရေးယာဉ်ဟာ



Zhurong အမည်ရှိ စူးစမ်းလေ့လာရေးယာဉ်ကို အင်္ဂါဂြိုဟ်ရဲ့ မျက်နှာပြင်ပေါ်သို့ ဆင်းသက်စေခဲ့ပါတယ်။ Zhurong အမည်ဟာ တရုတ်မီးနတ်ဘုရားကို အစွဲပြုပြီး နာမည်ပေးထားခြင်းဖြစ်ပါတယ်။

Zhurong စူးစမ်းလေ့လာရေးယာဉ်ဟာ အလေးချိန်အားဖြင့် ၂၄၀ ကီလိုဂရမ်ခန့်ရှိပြီး ပေါင် ၅၃၀ နီးပါး ရှိပါတယ်။ Zhurong စူးစမ်းလေ့လာရေးယာဉ်ဟာ ၂၀၀၄ ခုနှစ်က နာဆာအာကာသအေဂျင်စီက အင်္ဂါဂြိုဟ်ပေါ်သို့ ပို့လွှတ်ခဲ့တဲ့ the Spirit နဲ့ Opportunity စူးစမ်းလေ့လာရေးယာဉ်တို့ထက် အနည်းငယ် ပိုမိုကြီးမားပါတယ်။ ဒါပေမယ့် အင်္ဂါဂြိုဟ်ပေါ်မှာ နာဆာအေဂျင်စီက စေလွှတ်ထားတဲ့ Curiosity နဲ့ Perseverance စူးစမ်းလေ့လာရေးယာဉ်နှစ်စင်းရဲ့ စုစုပေါင်း အလေးချိန်ထက် လေးပုံတစ်ပုံခန့်သာ ရှိပါတယ်။

အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်ပြီး ရက်အနည်းငယ်အကြာမှာ စူးစမ်းလေ့လာရေးယာဉ် Zhurong ဟာ သူ့ရဲ့စူးစမ်းလေ့လာရေးမစ်ရှင်တွေကို စတင်တော့မှာဖြစ်ပါတယ်။ နာဆာအေဂျင်စီရဲ့ Spirit နဲ့ Opportunity စူးစမ်းလေ့လာရေးယာဉ်တွေလိုပဲ Zhurong စူးစမ်းလေ့လာရေးယာဉ်ကိုလည်း နေစွမ်းအင်နဲ့ လည်ပတ်စေမှာဖြစ်ပါတယ်။ နေစွမ်းအင်နဲ့လည်ပတ်မှသာ စူးစမ်းလေ့လာရေးယာဉ်အပေါ် တင်ကျန်ရစ်နိုင်တဲ့ ဖုန်မှုန့်တွေကို လှူပ်ခါချနိုင်မှာ ဖြစ်ပါတယ်။ နာဆာအေဂျင်စီက အင်္ဂါဂြိုဟ်ပေါ် အခုလွှတ်တင်ထားတဲ့ Perseverance နဲ့ Curiosity စူးစမ်းလေ့လာရေးယာဉ်တွေကိုတော့ နျူကလီးယားစွမ်းအင်သုံး ဘက်ထရီတွေနဲ့ လည်ပတ်လျက်ရှိပါတယ်။

Zhurong စူးစမ်းလေ့လာရေးယာဉ်မှာ ကင်မရာ၊ မြေပြင်ကိုထိုးဖောက်ကြည့်ရှုနိုင်တဲ့ ရေဒါ၊ သံလိုက်စက်ကွင်းရှာဖွေရေးကိရိယာနဲ့ မိုးလေဝသခန့်မှန်းကိရိယာတို့ပါဝင်ပါတယ်။

တရုတ်နိုင်ငံက အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်ဖို့ ကြိုးစားအားထုတ်ခဲ့ခြင်းမှာ အခုတစ်ကြိမ်တည်း မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၁၀ နှစ်က Yinghuo-1 အာကာသယာဉ်ကို ရုရှားနိုင်ငံရဲ့ ဒုံးပျံနဲ့အတူ ပို့လွှတ်ခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာမြေရဲ့ လေထုအတွင်းမှာပဲ မီးလောင်ကျွမ်းသွားခဲ့ပါတယ်။

### အင်္ဂါဂြိုဟ်ရဲ့ ဘယ်နေရာမှာ ဆင်းသက်ခဲ့တာလဲ

Zhurong စူးစမ်းလေ့လာရေးယာဉ်ဟာ အင်္ဂါဂြိုဟ်ရဲ့ မြောက်ဘက်ပိုင်းမှာ တည်ရှိတဲ့ Utopia Planitia မြေလွှတ်လွင်ပြင်အတွင်းမှာ ဆင်းသက်ခဲ့တာ ဖြစ်ပါတယ်။ ၁၉၇၆ ခုနှစ်ကလည်း နာဆာအေဂျင်စီရဲ့ Viking 2 ဆင်းသက်ရေးယာဉ်က အဆိုပါ မြေလွှတ်လွင်ပြင်ရဲ့ မျက်နှာပြင်ကို စူးစမ်းလေ့လာမှုပြုခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ လွင်ပြင်ဟာ အင်္ဂါဂြိုဟ်ရဲ့ မြောက်ပိုင်း မြေနိမ့်ဒေသမှာ တည်ရှိပါတယ်။ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ထောင်ပေါင်းများစွာက အင်္ဂါဂြိုဟ်ပေါ်မှာ ရေတွေသာ ရှိခဲ့မယ်ဆိုရင် အဲဒီလွင်ပြင်နေရာဟာ ရေတွေဖုံးလွှမ်းနေမယ့် နေရာတစ်ခုပဲ ဖြစ်ပါတယ်။ အင်္ဂါဂြိုဟ်ပေါ်မှာ ရေတွေရှိခဲ့တယ်ဆိုတဲ့ အယူအဆဟာ မှန်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုရင် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်မှာ ရှိတယ်လို့ ယူဆရတဲ့ ရေတွေဟာ မြေအောက်တွင်းနက်ကြီးတွေထဲကို စိမ့်ဝင်သွားပြီး အခုအချိန်အထိ အဲဒီနေရာတွေဟာ ရေခဲကဲ့သို့ အေးခဲလို့နေနိုင်ပါတယ်။ ဒီယူဆချက်မှန်ကန်တယ်ဆိုတာကို သာဓကတစ်ခုအနေနဲ့ပြရမယ်ဆိုရင် ၂၀၁၆ ခုနှစ်မှာ နာဆာအေဂျင်စီရဲ့ သိပ္ပံပညာရှင်တွေက ရေဒါကို အသုံးပြုပြီး အင်္ဂါဂြိုဟ်ပတ်လမ်းပေါ်ကနေ စူးစမ်းလေ့လာမှုတစ်ခု ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် အင်္ဂါဂြိုဟ်ရဲ့ မျက်နှာပြင်ပေါ်မှာ ရေခဲလို အေးခဲနေတဲ့အတွက်ကြောင့် သူတို့ရဲ့မစ်ရှင်ကို ရပ်တန့်ခဲ့ရပါတယ်။

ယခုလွှတ်တင်လိုက်တဲ့ the Tianwen-1 အာကာသယာဉ်ဟာ အင်္ဂါဂြိုဟ်ပေါ်က ရေခဲလို အေးခဲနေတဲ့ အခြေအနေကို သိရှိနားလည်ထားပြီးဖြစ်ပါတယ်။ ဥရောပအာကာသအေဂျင်စီ၊ အာဂျင်တီးနား၊ ပြင်သစ်နဲ့ ဩစတြီးယားနိုင်ငံတွေရဲ့ ပံ့ပိုးမှုတွေအပါအဝင် the Tianwen-1 မစ်ရှင်းကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ခြင်းဟာ တရုတ်အာကာသအေဂျင်စီအနေနဲ့ နိုင်ငံတကာရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို မီးမောင်းထိုးပြလိုက်ခြင်းပဲဖြစ်ပါတယ်။

### အင်္ဂါဂြိုဟ်ပေါ် ဘယ်လိုဆင်းသက်ခဲ့တာလဲ

အင်္ဂါဂြိုဟ်ပေါ် အာကာသယာဉ်တွေ ဆင်းသက်ဖို့ဆိုတာ အလွန်အန္တရာယ်များလှပါတယ်။ နာဆာအေဂျင်စီရဲ့ Perseverance စူးစမ်းလေ့လာရေးယာဉ်ဆင်းခဲ့စဉ်က အခက်အခဲတွေရှိခဲ့ပြီး မျက်နှာပြင်ပေါ်ဆင်းသက်နိုင်ဖို့ အချိန်အားဖြင့် ခုနစ်မိနစ်နီးပါးကြာမြင့်တယ်လို့ နာဆာအင်ဂျင်နီယာတွေက ဆိုပါတယ်။

Zhurong စူးစမ်းလေ့လာရေးယာဉ်ဟာ အင်္ဂါဂြိုဟ်ရဲ့ ပတ်လမ်းကြောင်းထဲကို ရောက်ရှိနေပြီး အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ် ဆင်းသက်ဖို့ ပြင်ဆင်နေခဲ့ရပါတယ်။ Zhurong ဟာ Perseverance စူးစမ်းလေ့လာရေးယာဉ်လောက် မြန်ဆန်မှုမရှိတဲ့အတွက် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ် ဆင်းသက်ဖို့ အချိန်အားဖြင့် ကိုးမိနစ်ခန့် ကြာမြင့်ခဲ့ပါတယ်။

Zhurong ဟာ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ အရှိန်ပြင်းပြင်းနဲ့ ဆင်းသက်သွားခဲ့ချိန်မှာ အင်္ဂါဂြိုဟ်ရဲ့ ပါးလွှာတဲ့လေထုဟာလည်း Zhurong ရဲ့ အဟုန်ကို ဟန့်တားမှုမဖြစ်စေခဲ့ပါဘူး။ ဒီလို ဆင်းသက်တဲ့အချိန်မှာ အရှိန်ပြင်းလွန်းတဲ့အတွက် စူးစမ်းလေ့လာရေးယာဉ်ကနေ ထုတ်လွှတ်လိုက်တဲ့ အပူချိန်ဟာ အလွန်မြင့်မားခဲ့ပါတယ်။ ဒါကြောင့် ဆိုဗီယက်ပြည်ထောင်စု၊ နာဆာနဲ့ ဥရောပတို့ရဲ့ အင်္ဂါဂြိုဟ်ပေါ် ဆင်းသက်ရေးယာဉ်တွေဟာ အပူချိန်မြင့်မားမှုကြောင့် ပေါက်ကွဲပျက်စီးခဲ့ပြီး မစ်ရှင်တွေဟာ အောင်မြင်မှုမရရှိခဲ့ဘဲဖြစ်ခဲ့ရပါတယ်။

နာဆာအေဂျင်စီတစ်ခုတည်းကသာ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ တစ်ကြိမ်ထက်မက ရောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ နာဆာရဲ့ ဆင်းသက်ရေးယာဉ်တွေဖြစ်တဲ့ Curiosity နဲ့ Perseverance တွေဟာ အရှိန်ကို နှေးကွေးစေဖို့ လေထီးတွေ၊ လေထုပွတ်တိုက်မှုနဲ့ အပူလျှော့ချစေတဲ့ ကိရိယာတွေကို အသုံးပြုပြီး မျက်နှာပြင်ပေါ် ဆင်းသက်ရတာဖြစ်ပါတယ်။ ဒီဆင်းသက်ရေးယာဉ်တွေကို ဒုံးကျည်စွမ်းအင်သုံး ဂျက်လေယာဉ်တွေအတိုင်း ဆောက်လုပ်ထားတာဖြစ်ပါတယ်။

### တရုတ်နိုင်ငံရဲ့ အာကာသဖွံ့ဖြိုးမှုအစီအစဉ်

တရုတ်နိုင်ငံရဲ့ စူးစမ်းလေ့လာရေးယာဉ်တစ်စင်းဟာ လကမ္ဘာပေါ်မှာ သုတေသနပြုလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းမှာ အာကာသစခန်းသစ်တစ်ခုတည်ဆောက်ဖို့အတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေကို မကြာသေးမီက ပို့လွှတ်ပေးခဲ့ပါတယ်။ အာကာသယာဉ်မှူးတွေ ရေရှည်နေထိုင်နိုင်မယ့် နေရာတွေလည်း ပါရှိတယ်လို့ သိရပါတယ်။ အာကာသစခန်းသစ်ကို ၂၀၂၂ ခုနှစ်မှာ စတင်လုပ်ငန်းလည်ပတ်မယ်လို့ သိရပါတယ်။

### အင်္ဂါဂြိုဟ်ပေါ်မှာ ဘာတွေဖြစ်နေလဲ

ဧပြီ ၁၉ ရက်က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်မှာ နာဆာရဲ့ Ingenuity အမည်ရှိတဲ့ ရဟတ်ယာဉ်တစ်စင်းဟာ ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းနိုင်ခဲ့ပါတယ်။ အမြင့်ပေ ၁၀ ပေခန့်မှာ စက္ကန့် ၃၀ ကြာ ပျံသန်းနိုင်ခဲ့ပါတယ်။ ဒီလို ပျံသန်းနိုင်ခြင်းဟာ အင်္ဂါဂြိုဟ်ရဲ့ ပါးလွှာတဲ့ လေထုထဲမှာ ရဟတ်ယာဉ် ဒါမှမဟုတ် လေယာဉ်ပျံတွေ ပျံသန်းနိုင်တယ်ဆိုတာကို ပြသလိုက်ခြင်းပဲဖြစ်ပါတယ်။

အင်္ဂါဂြိုဟ်ကို စူးစမ်းလေ့လာမှုလုပ်နေတာဟာ နာဆာနဲ့ တရုတ်နိုင်ငံ နှစ်ခုတည်းသာ မဟုတ်ပါဘူး။ အာရပ်စော်ဘွားများ ပြည်ထောင်စုကလည်း ဖေဖော်ဝါရီ ၉ ရက်က Hope အမည်ရှိတဲ့ အာကာသယာဉ်တစ်စင်းကို အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ပို့လွှတ်ခဲ့ပါတယ်။ ဒီအာကာသယာဉ်ဟာ အင်္ဂါဂြိုဟ်ရဲ့ လေထုနဲ့ ရာသီဥတုအခြေအနေတွေကို သိပ္ပံနည်းကျလက်တွေ့စမ်းသပ်မှုတွေ ပြုလုပ်လျက်ရှိပါတယ်။

ယခုရက်သတ္တပတ်အစောပိုင်းက Hope အာကာသယာဉ်က အင်္ဂါဂြိုဟ်ရဲ့ ဘေးပတ်ဝန်းကျင်မှာ ဝန်းရံထားတဲ့ ဟိုက်ဒရိုဂျင်အမှုန်အမွှားတွေကို ရိုက်ကူးထားတဲ့ မှတ်တမ်းတင်ဓာတ်ပုံတွေကို ကမ္ဘာမြေပြင်သို့ ပြန်လည်ပေးပို့ခဲ့ပါတယ်။ ဒီလေ့လာတွေ့ရှိမှုတွေဟာ အင်္ဂါဂြိုဟ်နဲ့ပတ်သတ်ပြီး သုတေသနပြုနေတဲ့ သိပ္ပံပညာရှင်တွေအတွက် အလွန်အသုံးဝင်မှာဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ အာကာသဆိုင်ရာ နည်းပညာဖွံ့ဖြိုးမှုတွေဟာ နေ့စဉ်ရက်ဆက် တိုးတက်မြင့်မားလာတာကို တွေ့မြင်ရပါတယ်။ နောင်လာမယ့် အနာဂတ်နေ့ရက်တွေမှာလည်း အာကာသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေ မည်သို့မည်ပုံ ဆက်လက်ရှိနေဦးမလဲဆိုတာ ဆက်လက်စောင့်ကြည့်ရင်း တရုတ်နိုင်ငံရဲ့ အင်္ဂါဂြိုဟ်ပေါ် ပထမဆုံးအကြိမ် အောင်မြင်စွာ ခြေချနိုင်မှုအပေါ် ဂုဏ်ပြုရေးသားလိုက်ရပါတယ်။

ကိုးကား- ဘီဘီစီ



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁၈၂ သန်းကျော် ရှိသွားပြီဖြစ်

**နယူးဒေလီ မေ ၁၆**

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ရာ ကာကွယ်ဆေးထိုးနှံမှုစတင်ခဲ့ချိန်မှစ၍ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁၈၂ သန်းကျော်ရှိသွားပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု တတိယကာလကို မေ ၁ ရက်တွင် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်းလည်း သိရသည်။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု တတိယကာလကို မေ ၁ ရက်တွင် စတင်ခဲ့သော်လည်း ကာကွယ်ဆေးပြတ်တောက်မှုကြုံခဲ့ရသည့်အတွက် နေရာဒေသအများအပြားတွင် အဆိုပါကာကွယ်ဆေးထိုးနှံမှု တတိယကာလကို မစတင်နိုင်သေးကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လျက်ရှိပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၁၁၇၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၄၆၈၄၀၀၇ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀၇၇ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၇၀၂၈၄ ဦးအထိရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၂၀၇၉၅၃၃၅ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၃၆၁၈၄၅၈ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၃၄၀၀၀ ကျော်ရှိလာ

**ဆောပေါ်လို မေ ၁၆**

ဘရာဇီးနိုင်ငံ၌ မေ ၁၅ ရက် တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၀၈၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၃၄၇၁၅ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၇၀၀၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၅၅၈၆၅၃၄ ဦးရှိလာကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးပါက ကမ္ဘာပေါ်တွင် သေဆုံးမှုဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၅၇ ဒသမ ၃ သန်းရှိပြီး ယင်းအရေအတွက်အနက် ၁၈ ဒသမ ၉ သန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးသူများဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၄၇၂ ဦးရှိ

**အန်ကာရာ မေ ၁၆**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၄၇၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၁၀၆၈၆၂ ဦးရှိလာကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၆ ဦးထပ်မံတွေ့ရှိသဖြင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၄၅၃၇ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၈၈၁၄ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၉၃၂၈၃၈ ဦးအထိရှိလာကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ပြည်သူ ၂၀၄၆၃၇ ဦးအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု စမ်းသပ်စစ်ဆေးပြီးသူ စုစုပေါင်း ၅၀၆၆၇၆၅၃ ဦးရှိလာကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ရာ လက်ရှိတွင် ပြည်သူ ၁၄၉၂၄၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄ ဒသမ ၉၄ သန်းကျော်ရှိလာ

**မော်စကို မေ ၁၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၅၅၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၉၄၀၂၄၅ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၉၁ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၅၈၇၁ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှဆင်းခွင့်ရရှိသူ ၈၅၇၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၅၅၆၀၇၃ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၉၈ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၁၃၇၀၉၇ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးသူ စုစုပေါင်း ၁၃၃ ဒသမ ၅ သန်းကျော်ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းကျော်ရှိလာ

**ဗန်ကောက် မေ ၁၆**

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၀၂ ဦး ယနေ့ တွေ့ရှိခြင်းကြောင့် လက်ရှိအချိန်အထိ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၀၁၄၄၇ ဦးရှိလာကြောင်း ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးဗဟိုဌာနက ပြောကြားသည်။

ထို့အပြင် ထိုင်းနိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့်လူနာ ၂၄ ဦး ထပ်မံသေဆုံးခြင်းကြောင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၅၈၅ ဦးရှိလာကြောင်း သိရသည်။

မြို့တော်ဗန်ကောက်၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ရောဂါ ခံတ်ခွဲအတည်ပြုလူနာ ၁၂၁၈ ဦး ထပ်မံတွေ့ရှိခြင်းနှင့်အတူ ဗန်ကောက်မြို့သည် နိုင်ငံအတွင်းရှိ အခြားပြည်နယ်နှင့် ဒေသများနှင့် နှိုင်းယှဉ်ကြည့်ပါက ပြည်တွင်းရောဂါကူးစက်မှုအများဆုံးဒေသဖြစ်သည်။

လတ်တလောအချိန်တွင် မြို့တော်ဗန်ကောက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော လူနာ ၃၅၀၅၅ ဦးရှိပြီး ယင်းတို့အနက် ၁၂၂၈ ဦးသည် အရေးပေါ်အနေအထားတွင်ရှိကြောင်း သိရသည်။

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု တိုက်ဖျက်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး မေ ၁၅ ရက်အထိ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၂၄ သန်းခန့် သုံးစွဲပြီးဖြစ်ကြောင်း သိရသည်။ ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၆၃၂၅၈၉၅၃ | ဦး |
| သေဆုံးသူ | ၃၃၈၅၅၄၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၄၁၅၉၅၃၁၃ | ဦး |



# ကုန်ဈေးတန်းလမ်း(အလယ်ဘလောက်)မီးလောင်မှု Level 3 ယာဉ်အုပ်စုများ ထွက်ခွာမီးငြှိမ်းသတ်ခဲ့ရ

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်း(အလယ်ဘလောက်)၌ ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုအား Level 3 ယာဉ်အုပ်စုများ ထွက်ခွာမီးငြှိမ်းသတ်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်က ပန်းဘဲတန်းမြို့နယ် အမှတ်(၂၄၄) အမှတ်(၄)ရပ်ကွက် ကုန်ဈေးတန်းလမ်း (အလယ်ဘလောက်) ရှိပိုင်ရှင်ဦးမောင်မောင်လေး၏ လေးခန်းတွဲ သုံးထပ်မြေညီထပ် Myanmar Supply Co.,Ltd ရေမွှေးဆီရောင်းဝယ်ရေးလုပ်ငန်းမှတစ်ဆင့် မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် သုံးထပ်မှ အခန်း ၁၀ ခန်းနှင့် အတွင်းပစ္စည်းများ မီးလောင်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်မီးလောင်ရာနေရာ၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အသီးသီးရှိ မီးသတ်စခန်းများမှ မီးငြှိမ်းသတ်ယာဉ် ၄၅ စီး၊ မီးသတ်ရေသယ်ယာဉ် ၁၂ စီး၊ တရုတ်မနှစ်စီး၊ အထောက်အကူပြုယာဉ် ရှစ်စီး၊ ကွပ်ကဲမှုယာဉ်ခုနစ်စီးတို့ဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၄၇၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၉ ဦးတို့က မီးငြှိမ်းသတ်ခဲ့ကြရာ မွန်းလွဲ ၁၂ နာရီခွဲတွင် မီးထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၅၂ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မီးလောင်မှုအကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**

■

# KIA အဖွဲ့မှ ထောင်ထားသည့် နင်းမိုင်း နင်းမိပေါက်ကွဲသဖြင့် ဒေသခံပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၆**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကွမ်ဘန်ကျေးရွာအုပ်စု ဝဝမ်ကျေးရွာနေ ဦးတူးမိုင်(ဘ) ဦးခန့်ဂျယ်လရစ်နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခေါန်ရာတို့သည် ယမန်နေ့ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် တောင်ယာသို့သွားရောက်စဉ် ကျေးရွာ၏ အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာသို့အရောက်၌ KIA အဖွဲ့မှ ထောင်ထားသည့် နင်းမိုင်းနှစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ မိုင်းထိလူနာအား ဗန်းမော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဝိုင်းမော်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ပင်လောင်း မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဝိုင်းမော်မြို့နယ် နောင်တာလောကျေးရွာအနီးတွင် မောင်ပေါင်း (ခ) မောင်လေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၀၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂၀ တို့ကို လည်းကောင်း။

ထို့နောက် ယမန်နေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၄၂) ရပ်ကွက် ဦးဝိစာရလမ်းနှင့် ဇော်ဂျီလမ်းထိပ်ရှိ ကွမ်းယာဆိုင်သို့ ဝင်ရောက်ရှာဖွေရာ ထက်ဝေယံ(ခ) ဖက်တီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ၎င်းငှားရမ်းနေထိုင်သည့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၄၂)ရပ်ကွက် ဇော်ဂျီလမ်းရှိ အိမ်အမှတ် ၂၁၂ သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် ပင်လောင်းမြို့နယ် နေပြည်တော်-ပင်လောင်းသွားကားလမ်း ထိန်ပင်ကျေးရွာအုပ်စု လိန်းလီကြိုးတံတားအနီး၌ ထွန်းလင်းသန့်(ခ)ရွှေလင်း မောင်းနှင်ပြီး အောင်ဆန်းလင်း (ခ) ဖိုးဖြူ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီခွဲတွင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်း-ပူနားကို-ပုံတပ်သွားကားလမ်း ပူနားကိုရေအားလျှပ်စစ်စက်ရုံအနီး၌ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်နေစဉ် ပုံတပ်မှ ပူနားကိုသို့ မောင်းနှင်လာသည့် ယာဉ်သည် စစ်ဆေးသည့်နေရာသို့မရောက်မီ နောက်လှည့်မောင်းနှင် ထွက်ပြေးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်တန့်ရန် သတိပေးပစ်ခတ်တားဆီးသော်လည်း ဆက်လက်မောင်းနှင်ထွက်ပြေး၍ လိုက်လံပိတ်ဆို့ဖမ်းဆီးခဲ့ရာ ပူနားကို ရေအားလျှပ်စစ်စက်ရုံ၏ တောင်ဘက်တစ်မိုင်ခန့်အကွာတောစပ်၌ ယာဉ်အားရပ်တန့်၍ ယာဉ်ပေါ်ပါသူများမှာ လျှိုအတွင်းသို့ ထွက်ပြေးသွားသဖြင့် ယာဉ်အားရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၉၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

# မီးဘေးအမှု. . . အစဉ်သတိပြုကြပါ

စံလွင်(ငါးဦးစီး)

နွေရာသီရောက်လာသည့်အခါ နွေကာလ၏ ပူပြင်းမှုနှင့်အတူ ယူဆောင်လာတတ်သည်က ထိတ်လန့်ဖွယ်ရာ မီးသတ်ဥဩသံစူးစူး ဖြစ်လေသည်။ ၂၀၂၀ ပြည့်နှစ် အစပိုင်းတွင်လည်း မီးသတ်ကား၏ ဥဩဆွဲသံကို ဟိုမှ၊ သည်မှ ကြားရစ ပြုလာပြီဖြစ်၏။ သတင်းဌာနတစ်ခုမှ ကြေညာချက်အရ ၂၀၂၀ ပြည့်နှစ်၏ ပထမသုံးလပတ်ဖြစ်သည့် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လအတွင်း မီးလောင်မှုဖြစ်ပွားခြင်းကြောင့် ဆုံးရှုံးရသည့် ငွေကြေးပမာဏမှာ ငွေကျပ်သန်းပေါင်း ၃၅၀၀ ကျော်ရှိပြီး ယင်းပမာဏသည် ၂၀၁၉ ခုနှစ် ပထမသုံးလပတ်ထက် ကျပ်သန်း ၁၆၀၀ ကျော် ပိုသည်ဟု ဆို၏။ မတ်လတစ်လအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအရ မီးလောင်မှုဖြစ်ပွားသည့်အကြိမ်ရေမှာ ၃၅၀ ကျော်ရှိကြောင်း ကြားသိလိုက်ရ၏။

## မီးလောင်ခြင်းဖြစ်ပွားမှု

မီးလောင်ခြင်းဖြစ်ပွားရသည့် အရင်းခံအကြောင်းများကို ကြည့်ရှုပါက ပေါ့ဆမီး၊ ရှို့မီးနှင့် သဘာဝအလျောက် လောင်ကျွမ်းသည့် သဘာဝမီးဟူ၍ ခွဲခြားနိုင်လိမ့်မည်ဟု ထင်ပါသည်။ သဘာဝမီးဆိုသည်က သစ်တောကြီးများအတွင်း အများဆုံးဖြစ်ပွားပြီး ပူပြင်းခြောက်သွေ့သည့် ရာသီများ၌ သစ်ပင်အချင်းချင်း ပွတ်တိုက်မိရာမှစ၍ လောင်ကျွမ်းသည့်မီးဖြစ်ပါ၏။ ၂၀၁၉ ခုနှစ် နောက်ပိုင်းတွင် ဩစတြေးလျနိုင်ငံ၌ လနှင့်ချီ၍ လောင်ကျွမ်းသည့်တောမီးကို သတိထားမိကြလိမ့်မည်ထင်ပါသည်။ သဘာဝသစ်တောများ ထောင်ပေါင်းများစွာ မီးသင့်ပျက်စီးရသည့်အပြင် တောရိုင်းတိရစ္ဆာန်ပေါင်း အများအပြားသေဆုံးခဲ့ရသည်။ တောမီးများ လောင်ကျွမ်းသည့်အခါ ဆိုးရွားသည့်အချက်ကား မီးငြိမ်းသတ်ရန်ခက်ခဲပြီး မီးလောင်သည့် ကာလရှည်ခြင်းပင်။ တောမီးများသည် သဘာဝအလျောက် လောင်ကျွမ်းသည် ဆိုသော်လည်း သစ်တောများအတွင်း မီးဖိုပြီး စနစ်တကျ မငြိမ်းသတ်ခဲ့ခြင်းနှင့် ဆေးလိပ်မီးကဲ့သို့သောမီးစများကို စည်းကမ်းမဲ့စွာ စွန့်ပစ်တတ်သည့် လူအချို့၏ ပေါ့ဆမှုကြောင့် တောမီးလောင်ကျွမ်းရသည်မျိုးလည်း ရှိပါ၏။

## ရှို့မီး

ရှို့မီးဆိုသည်က လူတို့၏ပယောဂဖြင့် မီးလောင်ကျွမ်းစေရန် ဖန်တီးထားခြင်းမှအစပြု၍ လောင်ကျွမ်းရသည့်မီးဖြစ်သည်။ မိမိတို့ ငယ်ရွယ်စဉ်အချိန်က မြို့အသီးသီးရှိ ဈေးကြီးများ၌ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းဟု ခေါ်ဝေါ်သောပပကအစိုးရဆိုင်များ ရှိပါ၏။ စာရင်းစစ်ဝင်ချိန်၌ ထိုပပကဆိုင်အချို့တွင် စာရင်းဖျောက်ရန်အတွက် ဆိုင်အတွင်း လောင်စာများ ဖန်တီးထားရှိကာ မီးလောင်စေရန် လုပ်ဆောင်ထားတတ်ပါသည်။ ထိုအချိန်အခါမျိုး၌ မီးသတ်ဝန်ထမ်းများက အထူးကြပ်မတ်၍ စစ်ဆေးကြရသည်ကို သတိရမိပါ၏။

သူတစ်ပါး အတိဒုက္ခရောက်စေရန် ရည်ရွယ်ပြီး လူနေထူထပ်သည့် ရပ်ကွက်များအတွင်း



**လူတစ်ဦး၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားပါက ထိုလူတစ်ဦးတည်းသာ ဆုံးရှုံးရသည်မဟုတ်ဘဲ အများစုပါ အတိဒုက္ခရောက်ကြရပါသည်။ မီးလောင်ကျွမ်းမှုသည် ကိုယ်ဖြစ်ကိုယ်ခံမဟုတ်ဘဲ ကိုယ်ဖြစ်လျှင် အများပါ ရောနှောပြီးခံရမည့် ယခုကာလတစ်ကမ္ဘာလုံး၌ ကျရောက်နေသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုးသဖွယ်ပင် ဖြစ်ပါသည်။ အိမ်တစ်အိမ်၌ သူခိုးဝင်၍ခိုးလျှင် အနည်းဆုံးတော့ တချို့တစ်ဝက် ကျန်ကောင်းကျန်မည်ဖြစ်သော်လည်း မီးလောင်ပါကမူ အဝတ်စုတ်မျှပင် ကျန်တော့မည်မဟုတ်ပေ။**

မီးကွင်းပစ်ခြင်းသည်လည်း ရှို့မီးအမျိုးအစားတွင် ထည့်သွင်းရမည် ဖြစ်ပါသည်။ ၎င်းအပြင် လင်မယားချင်းရန်ဖြစ်၍ နေအိမ်ကိုမီးရှို့ခြင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ စိတ်ဝေဒနာကြောင့်သော်လည်းကောင်း နေအိမ်အဆောက်အအုံများကို မီးတင်ရှို့ခြင်းသည်လည်း ရှို့မီးအမျိုးအစားပင် ဖြစ်ပါ၏။

မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများ၌ အကြိမ်ရေအများဆုံးမှာ မီးပေါ့ဆ၍ လောင်ကျွမ်းရသည့် ပေါ့ဆမီးအမျိုးအစားဖြစ်ပါ၏။ ရာခိုင်နှုန်းအားဖြင့် တွက်ပါက ၈၀ ရာခိုင်နှုန်းအထက်ရှိမည်ဟု ထင်ပါသည်။ ဖယောင်းတိုင်မီး၊ မီးခွက်မီး၊ မီးသွေးမီးဖို၊ ထင်းမီးဖိုနှင့် လျှပ်စစ်မီးဖိုများ အသုံးပြုထားပြီး အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းသတ်ရန် မေ့လျော့သွားရာမှ လောင်ကျွမ်းရသည့်မီးမှာ ပေါ့ဆမီးအမျိုးအစားဖြစ်ပါ၏။ ဘုရားမီးထွန်းသည့် ဖယောင်းတိုင်မှ ကူးစက်သောမီးနှင့် ဖယောင်းတိုင်ထွန်း စာဖတ်ရင်း အိပ်ပျော်သွားရာမှ လောင်သည့်မီး၊ ကလေးသူငယ်များ ထမင်းဟင်းချက်ပြုတ်ရာမှတစ်ဆင့် လောင်သောမီးတို့သည်လည်း ပေါ့ဆမီးများ ဖြစ်ကြပါသည်။

ယခုနောက်ပိုင်း၌ လျှပ်စစ်ဓာတ်အားအသုံးများလာကြသည်ဖြစ်ရာ ရေခဲသေတ္တာ၊ ပန်ကာ၊ အဲကွန်းစသည်တို့တွင် အပူလွန်ကဲပြီး မီးလောင်ကျွမ်းတတ်ပါသည်။ နေအိမ်များ၌ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ သုံးစွဲမှုများပြားလာသည်နှင့်အမျှ သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများ၏ ခံနိုင်ဝန်အားကို သတိမမူဘဲ ရေစက်မောင်း၊ ထမင်းဟင်းချက်၊ အဲကွန်းအသုံးပြုမှုများကို တစ်ပြိုင်နက် လုပ်ဆောင်ကြရာ မီးကြိုးများလိုင်းပူးကာ ဝိုင်ယာရှော့ ဖြစ်ရာမှ အစပြု၍ မီးလောင်ကျွမ်းမှု အများဆုံးဖြစ်လေ့ရှိပါသည်။

ယခုကာလ၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများမှာ တောရွာမြို့ပါ ပိုမိုများပြားလာသည့်အလျောက် လျှပ်စစ်မီးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များကို ဗဟုသုတအနေဖြင့် ဆည်းပူးထားသင့်ကြပါသည်။ ပထမအဆင့်အနေဖြင့် မိမိတို့နေထိုင်ရာဒေသ၏ လျှပ်စစ်ဓာတ်အားပေးဌာနနှင့် ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များကိုလည်းကောင်း၊ ရပ်ကွက်အလိုက်၊ လမ်းအလိုက် တာဝန်ကျသည့် လျှပ်စစ်ဌာနဝန်ထမ်း (Line man) များ၏ ဖုန်းနံပါတ်ကိုလည်းကောင်း ရယူထားသင့်ပါသည်။

မိမိအတွေ့အကြုံအရ မိမိတို့နေအိမ်၌ လျှပ်စစ်မီးနှင့်ပတ်သက်၍ သံသယရှိပါက သက်ဆိုင်ရာဌာနနှင့် ဆက်သွယ်ပါ။ ဝန်ထမ်းများအလျင်အမြန်ရောက်ရှိလာကာ ကြည့်ရှုပြင်ဆင်ပေးပါသည်။ အိမ်သွယ် လျှပ်စစ်မီးသုံးစွဲပုံစနစ်နှင့် ဆောင်ရန်၊ ရှောင်ရန်များကို စစ်ဆေးပေးခြင်း၊ ပညာပေးပြောကြားချက်များ ဆောင်ရွက်ပေးပါသည်။ ဥပမာအားဖြင့် ဝိုင်ယာကြိုးများ တစ်စုံတစ်ရာ ရှော့ဖြစ်၍ ရုတ်တရက်မီးထလောင်ပါက မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ခြင်း၊ ရေဖြင့်ပက်မည့်အစား ရေစိုအဝတ်ဖြင့် ခပ်လုံလုံလုံမှ အုပ်ပေးခြင်းဖြင့် မီးငြိမ်းသတ်ရမည်ဖြစ်ကြောင်း စသည်တို့ကို ရှင်းပြပေးပါသည်။

## မီးခိုးတော့အပြုတ်နံ့

မီးသတ်ဦးစီးဌာန၏ ပညာပေးဆောင်ပုဒ်များတွင် "သင့်ကြောင့် မီးမလောင်ပါစေနှင့်"၊ "လူခိုးတော့ အစုတ်ကျန် မီးခိုးတော့ အပြုတ်နံ့" စသည်များကို လူတိုင်းလိုလို ဖတ်ဖူးကြပါလိမ့်မည်။ လူတစ်ဦး၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားပါက ထိုလူတစ်ဦးတည်းသာ ဆုံးရှုံးရသည်မဟုတ်ဘဲ အများစုပါ အတိဒုက္ခရောက်ကြရပါသည်။ မီးလောင်ကျွမ်းမှုသည် ကိုယ်ဖြစ်ကိုယ်ခံမဟုတ်ဘဲ ကိုယ်ဖြစ်လျှင် အများပါ ရောနှောပြီး ခံရမည့် ယခုကာလတစ်ကမ္ဘာလုံး၌ ကျရောက်နေသော ကိုဗစ် – ၁၉ ကပ်ရောဂါဆိုးသဖွယ်ပင် ဖြစ်ပါသည်။ အိမ်တစ်အိမ်၌ သူခိုးဝင်၍ခိုးလျှင် အနည်းဆုံးတော့ တချို့တစ်ဝက် ကျန်ကောင်းကျန်မည်ဖြစ်သော်လည်း မီးလောင်ပါကမူ အဝတ်စုတ်မျှပင် ကျန်တော့မည်မဟုတ်ပေ။ ယခုခေတ်ကာလ၌ အိမ်တစ်လုံးအဖြစ် ပြန်လည်ထူထောင်ဖို့ အရာသည် မည်မျှခက်ခဲသည်ကို တွေးကြည့်ရုံနှင့်ပင် သိနိုင်ပါ၏။ သို့ဖြစ်ပေရာ မီးလောင်ကျွမ်းမှု အလွယ်တကူဖြစ်ပွားသွားနိုင်သည့်၊ ကဲကဲဆတ်ဆတ် မခံသည့် ယခုလို ပူပြင်းခြောက်သွေ့သောရာသီမျိုး၌ သင်၏ပေါ့ဆမှုကြောင့် မီးမလောင်ပါစေနှင့်ဟု အလေးထား သတိပေးလိုက်ရကြောင်းပါဗျာ။ ။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၆**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

## ဆက်ကပ်လှူဒါန်း

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ရှိ ကျောင်းတိုက်များမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ (၅/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၅/၂၀၂၁) ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်နှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ ပဉ္စမကြိမ်မြောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများအားလုံး၊ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများအားလုံး၊ အထောက်အကူပြုပုဂ္ဂိုလ်များအားလုံး၊ မြန်မာအသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနှင့် အွန်လိုင်းက ကြည့်ရှုနေကြသည့် မိဘပြည်သူများအားလုံးရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆန္ဒပြုလုပ်ပါကြောင်း ပြောကြားသည်။

**ပြောကြား**

ယနေ့သတင်းစာရှင်းလင်းပွဲတွင် အဓိကပြောကြားသွားမည့် အကြောင်းအရာများမှာ နံပါတ်(၁)အနေဖြင့် မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍဆိုင်ရာ လုပ်ဆောင်ချက်များ၊ နံပါတ်(၂)အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဧပြီလအတွင်း လုပ်ဆောင်ချက်များ၊ နံပါတ်(၃)အနေဖြင့် NUG , CRPH တို့ကို အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခဲ့သည့်ကိစ္စ၊ နံပါတ်(၄)အနေဖြင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများ ဖော်ထုတ်ရရှိမှု၊ နံပါတ်(၅)အနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာကိစ္စရပ်များဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောရေးဆိုခွင့်ရှိသူက ရှင်းလင်းတင်ပြပြီးနောက် ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာကိစ္စရပ်များကို မေးမြန်းနိုင်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ဆက်လက်ရှင်းလင်းဖြေကြားသွားမည်ဖြစ်ကြောင်းနှင့် မိမိမှအမေးအဖြေကဏ္ဍများကို ဖြေကြားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပထမဦးစွာ မိမိတို့နိုင်ငံအနေဖြင့်ပညာရေးဆိုင်ရာလုပ်ဆောင်ချက်များကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ "ဘဝဆိုတာတိုက်ပွဲ" လို့ လူ့ဘဝနှင့်ပတ်သက်ပြီး ဆိုရိုးစကားတစ်ခုရှိပါကြောင်း၊ မိမိတို့အသက်ရှင်နေထိုင်ရေး၊ ဘဝအဆင့်မီမီနေနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့စဉ်နှင့်အမျှကြိုးစားရပါကြောင်း၊ ရုန်းကန်လှုပ်ရှားရပါကြောင်း၊ လူတစ်ဦးချင်း ဘဝ၊ မိသားစုဘဝအတွက်ကိုပင် ယခုလို တင်စားခေါ်ဝေါ်ကြပါကြောင်း၊ တစ်ဦးချင်းဘဝ၊ မိသားစုဘဝပင် ယင်းသို့ဆိုပါက နိုင်ငံတစ်နိုင်ငံ၏ဘဝ၊ မိမိတို့နိုင်ငံ၏ဘဝဆိုလျှင် ဆိုဖွယ်မရှိပါကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံရေရှည်တည်တံ့ခိုင်မြဲရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေရ၊ ယှဉ်ပြိုင်နေရ၊ တိုက်ပွဲဝင်နေကြရပါကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက ၎င်းတို့၏အားသာချက်အသီးသီးကို ကိုင်ဆွဲပြီး အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ဆောင်ကြပါကြောင်း၊ မည်သို့ပင်ဖြစ်စေ အားလုံးက လက်ခံထားသည်မှာ နိုင်ငံတိုင်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် အဓိကအရင်းအမြစ်သည် လူသားအရင်းအမြစ် (Human Resources) ဆိုသည်ကို လက်ခံကြပါကြောင်း၊ လူသားအရင်းအမြစ်ဆိုသည်မှာ "ပညာ" အပေါ် အဓိကမူတည်သည်ကို သိကြသဖြင့် နိုင်ငံသူနိုင်ငံသားအားလုံး၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ကြကြောင်းကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ပညာရေး ရင်းနှီးမြှုပ်နှံမှုကို အဓိကထားလုပ်ဆောင်ကြပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ပညာရေးနှင့်ပတ်သက်ပြီး အမျိုးသားလူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျ ထိရောက်ပီပြင်စွာ ပြုစုပျိုးထောင်နိုင်ရန်အတွက် အခြေခံပညာရေးကဏ္ဍကို အနှစ် (၃၀) နှစ်ရှည်စီမံကိန်း ချမှတ်ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှသည် ၂၀၃၀-၂၀၃၁ ပညာသင်နှစ်အထိ ဖြစ်ပါကြောင်း၊ ယင်းနှစ် ၃၀ နှစ်ရှည်စီမံကိန်းတွင်ပဲ အစိုးရအဆက်ဆက်က နှစ်တိုစီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့်အစိုးရလက်ထက်တွင်လည်း ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၅ နှစ်စာကို ချမှတ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍအတွက် ဥပဒေမူဘောင်ဆိုင်ရာ အခြေခံတစ်ရပ်ကို ချမှတ်ထားပါကြောင်း၊ ပုဒ်မ ၂၈ အရ "နိုင်ငံတော်သည်-

(က) ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်။

(ခ) ပြည်သူများ၏ပညာရေးနှင့်ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများ ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရမည်။

(ဂ) အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်။

(ဃ) ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တ ကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်"ဟု ပြဋ္ဌာန်းထားပါကြောင်း။

အခြေခံဥပဒေ ပုဒ်မ ၃၆၆ အရ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ -

(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။

(ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်။

(ဂ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာ ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားပါကြောင်း။

**အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့**

မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသည့် ပြောင်းလဲမှုအဖြစ် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အမျိုးသားပညာရေးဥပဒေကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ထိုဥပဒေပိုမိုခိုင်မာစေရန်အတွက် ၂၀၁၅ ခုနှစ်တွင် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထိုဥပဒေများအရ နိုင်ငံသားတိုင်း၏ အခြေခံပညာဆည်းပူးနိုင်သည့် အခွင့်အရေးနှင့် အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို အသိအမှတ်ပြုထားခြင်း၊ ပညာအရည်အသွေး အာမခံစနစ်တစ်ရပ်တည်ထောင်ရန် ပြဋ္ဌာန်းသတ်မှတ်ခြင်း၊ အခြေခံပညာသင်ကာလကို ၁၃ နှစ် (Kg+12) အထိ တိုးမြှင့်ထားခြင်း၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို သင်ယူရာတွင် အထောက်အပံ့ပေးခြင်း၊ ပညာရေးစနစ်ကို ဗဟိုမှချုပ်ကိုင်မှုလျှော့ချရေးကို ဦးတည်ခြင်း စသည့် အကျိုးကျေးဇူးများရခဲ့ပါကြောင်း၊ လက်ရှိမိမိတို့ကျင့်သုံးနေသည့် စနစ်များသာဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံအနေဖြင့် COVID-19 ကမ္ဘာ့ကပ်ရောဂါကာလတွင် ကမ္ဘာ့နိုင်ငံများနည်းတူ စာသင်ကျောင်းများ ပိတ်ထားရပါကြောင်း၊ ကျောင်းသား၊ မိဘ၊ ဆရာ ဆရာမ၊ နိုင်ငံတော် လေးဦးလေးဖလှယ် နစ်နာရပါကြောင်း၊ ကာယကံရှင်ကျောင်းသား ကျောင်းသူများ တစ်နှစ်ပညာသင်ခွင့်၊ တစ်နှစ်လုပ်ငန်းခွင်ဝင်ခွင့် နောက်ကျသကဲ့သို့ မိဘများအနေဖြင့်လည်း တစ်နှစ် အချိန်နောက်ကျပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း တစ်နှစ်ပညာသင်ပေးခွင့်၊ မိမိကိုယ်တိုင်မျှဝေခွင့် နစ်နာခဲ့သလို နိုင်ငံတော်အနေဖြင့်လည်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးနောက်ကျရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန် စတင်ယူချိန်မှစပြီး စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းခဲ့ပါကြောင်း၊ ယခုဆိုလျှင် ပြီးခဲ့သည့် ၅ ရက်နေ့ကစပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံ ပါရဂူဘွဲ့၊ မဟာဘွဲ့နှင့် နောက်ဆုံးနှစ်သင်တန်းများ စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ အခြေခံပညာကျောင်းများကို နောက်လ ဇွန်လ ၁ ရက်နေ့တွင် ပုံမှန် စာသင်နှစ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ယခုလ မေလ ၂၄ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ထားပါကြောင်း၊ ကျောင်းအပ်နှံရေးအတွက် "မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့မေတ္တာရပ်ခံချက်"၊ "ကျောင်းအပ်နှံရေးအစီအစဉ်"၊ "ဆရာ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့် အချက်များ"ကို နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များ၊ သတင်းစာများတွင် နေ့စဉ် ဖော်ပြလျက်ရှိပါကြောင်း၊ အရေးပါသည့်အချက်များကို ထုတ်နုတ်ပြောကြားလိုပါကြောင်း၊ ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း၊ လက်ခံခြင်းမပြုရန်၊ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေး အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်၊ အဆိုပါအချက်သည် အရေးကြီးသည့်အချက်တစ်ခုဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးနှင့်ပတ်သက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် စတင်ထမ်းဆောင်စဉ်ကတည်းက ပညာရေးနှင့် ပတ်သက်ပြီး မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်သားများ ပညာရည်မြင့်မားရေး၊ တပ်မတော်သားမိသားစုဝင်များ ပညာရည်မြင့်မားရေး ဆောင်ရွက်ခဲ့သလို နှစ်စဉ်ပညာရည်ထူးချွန်ဆုများ ချီးမြှင့်ပေးရာတွင် မြန်မာနိုင်ငံ၌ နှစ်စဉ် ကျောင်းထွက်နှုန်းများပြားမှုများကို မူလတန်းမှ အလယ်တန်းကို ကူးပြောင်းသည့်အခါ မည်မျှသာ တက်ရောက်ကြောင်း၊ အထက်တန်းကို ထပ်မံကူးပြောင်းသည့်အခါ မည်မျှသာ တက်ရောက်ခဲ့ကြောင်းနှင့် တက္ကသိုလ်ပညာဝင်ခွင့်လျှောက်ထားသည့်အခါ မည်မျှသာ တက်ရောက်နိုင်ခဲ့ကြောင်းကို ရာခိုင်နှုန်းအလိုက် ကျသွားသည့် ဆယ်နှစ်တာ သုံးသပ်ချက်များကို အမြဲတမ်းထည့်သွင်းပြောကြားလေ့ရှိကြောင်း၊ **စာမျက်နှာ ၁၇ သို့**

❍ စာမျက်နှာ ၁၆ မှ

မိမိတို့မြန်မာနိုင်ငံတွင် ကျောင်းထွက်မှုနှုန်း မြင့်မားနေခြင်းကြောင့် အဆိုပါ စည်းမျဉ်းစည်းကမ်းများကို တိုက်တွန်းရခြင်းဖြစ်ကြောင်း၊ COVID-19 စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်၊ ကျောင်းအပ်နှံရာတွင် အခမဲ့ထောက်ပံ့မည့် အတန်းစဉ်အလိုက် ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ Mask နှင့် Face Shield တို့ကို အသေးစိတ်ဖော်ပြထားပါကြောင်း ပြောကြားသည်။

### ပညာတတ်များ လိုအပ်

စိတ်မကောင်းစရာတစ်ခုမှာ ကျောင်းများမဖွင့်လှစ်နိုင်ရေး၊ ကျောင်းသား ကျောင်းသူများ ကျောင်းမတက်စေရေး အဖျက်သမားများ၊ ဆူပူအကြမ်းဖက်သမားများ၊ နိုင်ငံရေးအစွန်းရောက်လှုံ့ဆော်သူများက လှုံ့ဆော်နေမှုများ၊ ပညာရေးမှူးရုံးများ၊ စာသင်ကျောင်းများကိုမီးရှို့၊ မိုင်း၊ လက်လုပ်ဗုံးများပစ်ပြီး ခြိမ်းခြောက်နေမှုများကို တွေ့နေရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၆/၂၀၂၁)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က “ကျောင်းများပိတ်ထားရသည့်အတွက် ကျောင်းသား၊ မိဘနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသဖြင့် ကျောင်းများအမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသားများ ပညာတတ်ဖြစ်စေရန်အတွက် ကျွမ်းကျင်သည့် ဆရာ ဆရာမများက လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ယခုအခါ ကျောင်းမတက်ရန်အတွက် အချို့သူများက ခြိမ်းခြောက်ဆောင်ရွက်ပြီး အဖျက်လုပ်ငန်းများလုပ်ဆောင်နေမှုသည် နိုင်ငံအား ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်များပေါ်များလာမည်ကို နိုင်ငံရေးလုပ်စားသူများက မလိုလားဘဲ ပြည်သူများဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ပြီး မိုက်မဲသည့်လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊ ယခုသင်ကြားနေသည့် ပညာရပ်များသည် ယခင်အစိုးရများမှ ချမှတ်ထားသည့် အမျိုးသားပညာရေးမူဝါဒအတိုင်းသာ သင်ကြားပေးနေခြင်းဖြစ်ကြောင်း” ပြောကြားခဲ့ပါကြောင်း၊ ကမ္ဘာတွင် အုပ်ချုပ်သူအစိုးရကို မကျေနပ်သဖြင့် ပညာရေးကို တိုက်ခိုက်ခြင်းကို မရှိခဲ့၊ မတွေ့ခဲ့ရပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ပိတ်ပင်တားဆီးမှုများ၊ သင်ကြားရေးနှင့်ပတ်သက်၍ CDM လုပ်ဆောင်နေခြင်းများသည် တိုင်းဖျက် ပြည်ဖျက်လုပ်ငန်းများသာဖြစ်ပါကြောင်း ပြောကြားသည်။

ဆူပူအကြမ်းဖက်အဖျက်သမားများ လှုံ့ဆော်နေသည့် လက်ကိုင်စကားမှာ “ စစ်ကျွန်ပညာရေးစနစ်” ဖြစ်ကြောင်း၊ မည်သည့်အချက်အလက်၊ မည်သည့်သင်ခန်းစာ၊ မည်သည့်ပို့ချချက်များကို ရည်ညွှန်းပြီး စစ်ကျွန်ပညာရေးဟု စွပ်စွဲခြင်းဖြစ်ပြီးရှိလျှင် ထောက်ပြရန်၊ အချက်အလက်နှင့် ပြောပါဟု ပြောလိုကြောင်း၊ တပ်မတော်က ပြည်သူလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်အပေါ် ခိုင်ခိုင်မာမာ အာမခံသည်ဟု ပြောပြီးဖြစ်ပါကြောင်း၊ ယနေ့ မိမိတို့ကလေးများ သင်ကြားမည့် အခြေခံပညာ သင်ရိုးညွှန်းတမ်းစာအုပ်များကို မိမိတို့တတ်နိုင်သလောက်လေ့လာကြည့်ပါကြောင်း၊ အချို့ကို ထုတ်နုတ်တင်ပြလိုပါကြောင်း၊ သူငယ်တန်း(KG) ကလေးများသင်ရမည့် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ အက္ခရာစုံကဗျာများ သင်ခန်းစာစာအုပ်တွင်ပါသော “ သူငယ်ချင်း ” ဆိုသည့် ကဗျာ၊ “ ပင်လုံ ” ဆိုသည့် ကဗျာ၊ "တာဝန်ကိုယ်စီ "ဆိုသည့် ကဗျာများကို စောစောက စစ်ကျွန်ပညာရေးဟု ပြောခဲ့သည့်သူများ ဖတ်ကြည့်စေလိုကြောင်း၊ ဥပမာ " ပင်လုံ" ဆိုသည့် ကဗျာတွင် (လွတ်လပ်ပန်းကို ဘယ့်နှယ် ဆွတ်တယ်၊ တို့ညီညွတ်လို့ ဆွတ်နိုင်တယ်၊ ရှမ်း ချင်း ကရင် ကချင်များနဲ့ ရခိုင် ကယား အသွယ်သွယ်၊ ပင်လုံမြို့မှာ အတူဆုံကြလို့၊ တို့ပြည်မနဲ့တို့ပြည်နယ်၊ သားချင်းညီနောင် တည်ထောင်မှုနဲ့ ပြည်ထောင်စုကြီး ပေါ်လာတယ်၊ အမိနိုင်ငံတာဝန်များကို ကိုယ်အားဉာဏ်အား ထမ်းကြမယ်။ ထမ်းမယ် ထမ်းမယ်။) ဆိုသည့် ကဗျာဖြစ်ကြောင်း၊ စစ်ကျွန်ပညာရေးဟု ပြောသည့်သူများအနေဖြင့် ထိုကဗျာများကို ဖတ်ကြည့်စေလိုကြောင်း၊ ၎င်းတို့ လေလုံးထွားနေသည့် ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်စနစ်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများကို သူငယ်တန်းကလေးကစပြီး သင်ကြားပေးနေခြင်းကို တွေ့ရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဖတ်ကြည့်စေလို

အလယ်တန်းအဆင့်နှင့်ပတ်သက်ပြီး အနည်းငယ် ပြောပြလိုကြောင်း၊ ဆဋ္ဌမတန်း စာရိတ္တနှင့်ပြည်သူ့နီတိ ကျောင်းသုံးစာအုပ်ထဲတွင်ပါသည့် လူမှုကျင့်ဝတ်၊ အခွင့်အရေးနှင့်တာဝန်၊ စည်းကမ်းနှင့်ဥပဒေ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း စသည်တို့ကိုသာ ဖတ်ကြည့်စေလိုကြောင်း၊ ထိုအထဲတွင်ပါသည့် အချို့စကားများကို သဘောကျ၍ မှတ်ထားသမျှ ဖတ်ပြလိုကြောင်း၊ အခွင့်အရေးနှင့် တာဝန်သင်ခန်းစာတွင် “လူသားတစ်ယောက်အနေဖြင့် လူ့အခွင့်အရေးများကို မည်သူကမျှ ပိတ်ပင်တားဆီးခွင့်မရှိဘဲ ဘဝတစ်လျှောက်လုံးတွင် ခံစားပိုင်ခွင့်ရှိသည်။ လူ့အခွင့်အရေးများကို သိရှိထားသင့်သကဲ့သို့ အခွင့်အရေးကိုခံစားပြီး တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်ကြရမည်”ဟု သင်ကြားပေးပါကြောင်း၊ ကျောင်းသား ကျောင်းသူ၊ နိုင်ငံသားများ၏ ပညာသင်ခွင့်ကို ပိတ်ပင်နေသည်မှာ မည်သူနည်းဟု မေးလိုပါကြောင်း၊ မည်သူများက လှုံ့ဆော်နေသည်ကို မေးလိုပါကြောင်း၊ “ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း” သင်ခန်းစာတွင် “ကျောင်းသားများသည် ငြိမ်းချမ်းရေးကို မြတ်နိုးတတ်ပြီး ငြိမ်းချမ်းရေးကို တန်ဖိုးထားထိန်းသိမ်းတတ်သူများဖြစ်စေရန် လေ့ကျင့်သင်ယူရမည်၊ အိမ်တွင်ဖြစ်စေ၊ ကျောင်းတွင်ဖြစ်စေ၊ ရပ်ရွာတွင်ဖြစ်စေ အငြင်းပွားမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် လေ့ကျင့်သင်ယူကြရမည်” ဟု ပို့ချပေးပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး အကျင့်ကောင်းများ၊ အငြင်းပွားသည့်အခါ ငြိမ်းချမ်းစွာမည်ကဲ့သို့ ဖြေရှင်းပေးရမည့်အချက်များကို ငယ်စဉ်ကတည်းက အခြေခံကျကျ သင်ကြားပေးခြင်းဖြစ်ကြောင်း။

အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းတွေထဲမှလည်း သိသာအောင် ထုတ်နုတ်ပြောလိုပါကြောင်း၊ ဥပမာ သင်ရိုးသစ် Grade 11 ရဲ့ ဘောဂဗေဒပြဋ္ဌာန်းစာအုပ်တွင် ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုသည့် သင်ခန်းစာများကို အခြေခံထည့်သွင်းထားသည်ကို တွေ့နိုင်ပါကြောင်း၊ ဥပမာ “ တိုင်းပြည်ဝင်ငွေ”၊ “ငွေကြေးနှင့်ဘဏ်လုပ်ငန်း(Money and Banking) ”၊“ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်သွယ်မှုများ ” (International Economic Relations) တို့ကို လေ့လာကြည့်လျှင် တွေ့နိုင်ပါကြောင်း၊ မိမိတို့ပြောနေသည့် ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီစနစ်များကို ကလေးများအား အခြေခံသိအောင် သင်ပေးနိုင်ခြင်းကို တွေ့ရကြောင်း၊ဒသမတန်း စာရိတ္တနှင့်ပြည်သူ့နီတိ သင်ခန်းစာ စာအုပ်တွင် အခွင့်အရေးနှင့်တာဝန်အခန်း၌ ဒီနေ့ ဒီမိုကရေစီအမည်ခံ လုပ်စားနိုင်ငံရေးသမားများ၏ လက်သုံးစကားဖြစ်သော “ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ” (Universal Declaration of Human Rights – UDHR)၊ CEDAW ဟုပြောသည့် “အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေး ဆိုင်ရာကွန်ဗင်းရှင်း”၊ “ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ”၊ “ရွေးကောက်ပွဲဆိုင်ရာသိမှတ်စရာများ” စသည်တို့ကို သင်ကြားပေးထားသည်ကို တွေ့ရပါကြောင်း၊ အခန်း ၄ တွင် ငြိမ်းချမ်းရေး၏ အခြေခံသဘောတရားများ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆောင်ရွက်ကြသူများတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းအကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ စည်းလုံးညီညွတ်ရေးစကား၊ မဟတ္တမဂန္ဒီ၏စကားများ ထည့်သွင်းသင်ကြားပေးသည်ကိုတွေ့ရပါကြောင်း ပြောကြားသည်။

မိမိအနေဖြင့် မေးခွန်းထုတ်လိုသည်မှာ ယနေ့ ကျောင်းသား ကျောင်းသူ၊ မိမိတို့ သား၊ သမီး၊ တူ၊ တူမ၊ ညီ၊ ညီမများသင်မည့် သင်ခန်းစာများတွင် စစ်ကျွန်ဖြစ်စေမည့် သင်ခန်းစာပါပါက အချက်အလက်နှင့် ထောက်ပြစေလိုကြောင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ နိုင်ငံကြီးသားပီသမှု၊ ဖွံ့ဖြိုးတိုးတက်ရေး ရနံ့သင်းနေသည့် သင်ခန်းစာများသာဖြစ်ပါကြောင်း၊ မှိုင်းတိုက်နေခြင်းသာ ဖြစ်ပါကြောင်း၊ ပညာမတတ်မှသာ နိုင်ငံတကာ၏ ကျွန်ဖြစ်မှာဖြစ်ပါကြောင်း၊ မိမိ ပြောလိုသည်မှာ ဆရာ ဆရာမအများစုအနေဖြင့် အာစရိယဂိုဏ်းဝင်ပီပီ မိမိတပည့်၊ကလေးများ ပညာတတ်မြောက်စေရေး မွန်မြတ်သည့်စိတ်နှင့် ကျောင်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေခြင်းရှိပါကြောင်း၊ ၎င်းတို့ကို နည်းမျိုးစုံနှင့် ခြိမ်းခြောက်နေမှုများလည်း တွေ့ရပါကြောင်း၊ မိမိတို့ လုံခြုံစိတ်ချရအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများကို ကျေးဇူးတင်ကြောင်း ဒီနေရာက ပြောလိုပါကြောင်း၊ တာဝန်သိ ပြည်သူလူထုအနေနှင့်လည်း ဆရာ ဆရာမများကို ဝိုင်းဝန်းကြပါဟု ပြောလိုပါကြောင်း ပြောကြားသည်။

### စဉ်းစားဆင်ခြင်မှုကို ဦးစားပေး

မိဘပြည်သူများအနေဖြင့် ယခုကဲ့သို့ မဟုတ်မဟတ်၊ လုပ်ကြံဇာတ် ဖန်တီးသွေးထိုးလှုံ့ဆော်နေသည့် အဖျက်သမား၊ တိုင်းဖျက်ပြည်ဖျက်၊ မိမိတို့သားသမီးများ၊ နိုင်ငံ့အနာဂတ်ကလေးငယ်များကို ဖျက်ဆီးမည့်သူများ၏ အန္တရာယ်ကို မြင်ကြပါဟု မေတ္တာရပ်ခံလိုပါကြောင်း၊ မိမိတို့နိုင်ငံသား၊ ပြည်သူလူထုအများစုသည် စဉ်းစားဆင်ခြင်နိုင်စွမ်းရှိသည့် ဉာဏ်နှင့် ပြည်စုံကြသူများ ဖြစ်ပါကြောင်း၊ မိမိတို့ယဉ်ကျေးမှု အခြေခံမှာကတည်းက စဉ်းစားဆင်ခြင်မှုကို ဦးစားပေးလေ့ရှိပါကြောင်း၊ မိမိတို့ ယဉ်ကျေးမှုတွင် တရားတော်များ နာယူခြင်းလည်းရှိကြပါကြောင်း၊ ဝိပဿနာ ခန္ဓာဉာဏ်ရောက် တရားတော်များ နာကြားရာတွင် အများစုကြားဖူးသည့် စကားကိုသာ ရည်ညွှန်းပြောဆိုလိုကြောင်း၊ “ နားက တရားနာပါ”၊ “ ဉာဏ်က ခန္ဓာလှည့်ပါ ” ဆိုသည့်စကားဖြစ်ကြောင်း၊ ဆိုလိုသည်မှာ မိမိတို့ နားများက ပြောစကားများ၊ တရားများကို နားထောင်မှတ်သားကြောင်း၊ ထိုသို့ တရားနာယူရသည်ကို မိမိကိုယ်တိုင် မိမိခန္ဓာတွင် ဖြစ်ပျက်နေသည့် သဘောတရားများနှင့် နှိုင်းယှဉ်ချိန်ထိုး လေ့လာဆန်းစစ်ကြပါဟူ၍ မှတ်သားဖူးပါကြောင်း၊ ယနေ့သတင်းခေတ်ကြီး၌ သတင်းမျိုးစုံ၊ အပြောမျိုးစုံကြားရပါကြောင်း၊ ထို့ကြောင့် နားထောင်ပြီးလျှင် စိစစ်စရာ၊ ချိန်ထိုးနိုင်စရာများ မိမိတို့အားလုံး၌ ရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင်မေ့နေခြင်းဖြစ်ခြင်းကြောင့် လက်တွေ့စိစစ်ကြည့်စေလိုကြောင်း၊ ထို့ကြောင့် “ နားက နားထောင်လိုက်ပါ၊ ဉာဏ်က ဟုတ်၊ မဟုတ်ဆန်းစစ်ပါ ” ဟုသာ မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*





တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဖွင့်လှစ်သင်ကြားနေမှုကို တွေ့ရစဉ်။

**❂ ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသားများ ပညာတတ်ဖြစ်စေရန်အတွက် ကျွမ်းကျင်သည့် ဆရာ ဆရာမများက လေ့ကျင့်သင်ကြားပေးရန်လို**

**❂ ကမ္ဘာတွင် အုပ်ချုပ်သူအစိုးရကို မကျေနပ်သဖြင့် ပညာရေးကို တိုက်ခိုက်ခြင်းကို မရှိခဲ့၊ မတွေ့ခဲ့ရ**

**❂ ပညာရေးနှင့်ပတ်သက်၍ ပိတ်ပင်တားဆီးမှုများ၊ သင်ကြားရေးနှင့်ပတ်သက်၍ CDM လုပ်ဆောင်နေခြင်းများသည် တိုင်းဖျက် ပြည်ဖျက် လုပ်ငန်းများသာဖြစ်**

# မြောက်ဥက္ကလာပမြို့နယ်ရှိ DENKO ဆီဆိုင်၌ အကြမ်းဖက်သူများက လက်လုပ်မိုင်းဖောက်ခွဲမှုကြောင့် မီးလောင်မှုဖြစ်ပွား၊ အမျိုးသားငါးဦးနှင့် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ DENKO ဆီဆိုင်၌ အကြမ်းဖက်သူများက လက်လုပ်မိုင်းဖောက်ခွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အမျိုးသားငါးဦးနှင့် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် ခေမာသီလမ်းရှိ DENKO ဆီဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွား၍ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့ပြီး အဆိုပါ ပေါက်ကွဲမီးလောင်မှုကြောင့် ဆီဆိုင်ရှိ





ဆီပန့်အမှတ်(၄)၊ ဘေးတွဲဆိုင်ကယ်တစ်စီး၊ ဆိုင်ကယ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ပြီး ဆီဆိုင်ဝန်ထမ်းနှစ်ဦးနှင့် ဆီလာဖြည့်သည့် အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦးတို့တွင် မီးလောင်ပေါက်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။

အဆိုပါ မီးလောင်ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆီဆိုင်ရှိ CCTV မှတ်တမ်းများအား ကြည့်ရှုစစ်ဆေးခဲ့ရာ ညနေ ၄ နာရီ ၆ မိနစ်ခန့်တွင် အကြမ်းဖက်သူ အမျိုးသားနှစ်ဦးသည် ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဆီဖြည့်ဟန်ဆောင်၍ လက်လုပ်မိုင်းဟု ယူဆရသော Bluetooth Speaker Box တစ်လုံးအား ဆီပန့်အမှတ် (၄)တိုင်ခြေတွင် ချထားကာ ပြန်လည်ထွက်ခွာသွားခဲ့သည်။ ငါးမိနစ်ခန့်အကြာတွင် အဆိုပါနေရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း လိုက်လံစုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မြို့နယ်အချို့၌ ပြည်သူလူထုက လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် မေ ၁၆**

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုက ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသောလက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိကြောင်း သိရသည်။

ထိုသို့အပ်နှံရာတွင် မေ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဇရပ်စမ်းကျေးရွာမှ ပြည်သူတစ်ဦးက လက်လုပ်လေသေနတ်တစ်လက်အားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ ခမောက်ကြီးမြို့အမှတ်(၄)ရပ်ကွက်နှင့် ကျေးရွာများမှ လက်လုပ်လေသေနတ် ၁၃ လက်၊ လက်လုပ်တူမီးသေနတ်ခုနစ်လက်၊ လက်လုပ်ဂက်စ်သေနတ်သုံးလက်၊ တူမီးသေနတ်ပြောင်းလေးချောင်းနှင့် ပြောင်းတိုက်တံသုံးချောင်းတို့အား လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ တူမီးသေနတ် ၁၄၅ လက်၊ လက်လုပ်လေသေနတ်ကိုးလက်တို့အား လည်းကောင်း ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုက လာရောက်အပ်နှံသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျသိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် သစ်ပင်လဲကျမှုများဖြစ်ပွား

**နေပြည်တော် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ကျောင်းစုရပ်ကွက်ရှိ ရုပ်စုံဘုန်းကြီးကျောင်း၌ မေ ၁၅ ရက် နံနက်ပိုင်းတွင် ကျောင်းဝိုင်းအတွင်းရှိ လုံးပတ် လေးပေ၊ အမြင့်ပေ ၃၀ ခန့်ရှိသော တမာပင်သည် အပင်အမြစ်ခြေမှ ကျွတ်ထွက်၍ ယာယီတဲပေါ်သို့ ပြိုကျခဲ့ရာ ညောင်ဦးမြို့ နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဝေယံဖြိုးနှင့် တပ်ဖွဲ့ဝင်များက မီးသတ် အထောက်အကူပြုယာဉ်တစ်စီးဖြင့် ကူညီရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက်တွင် မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် ရန်ကုန် – မော်လမြိုင် လမ်းမကြီး မိုင်တိုင်အမှတ် (၁၇၃/၁) အနီးရှိ လုံးပတ်နှစ်ပေ၊ အမြင့်ပေ ၃၀ ခန့်ရှိသော စိန်ပန်းပင်လဲကျ၍ လမ်းပိတ်ဆို့နေမှုကို ပေါင်မြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးငြိမ်းကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ်တစ်စီးဖြင့် ကူညီရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့် ကာလများတွင် မြို့နယ်များရှိသောက်သုံးရေများလိုအပ်လျက်ရှိသော သာသနိကကျောင်းများနှင့် ရပ်ကွက်/ ကျေးရွာများအတွက် သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများအား ဖြန့်ဝေလှူဒါန်းလျက်ရှိရာ မေ ၁၅ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် ပုဂံနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ကြပ်ကြီး နေလင်းထွန်းနှင့် တပ်ဖွဲ့ဝင်များသည် မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် ပုဂံမြို့သစ် တာမဏေအုပ်ဘုန်းတော်ကြီးကျောင်းသို့သောက်သုံးရေဂါလန် ၁၆၀၀ ခန့်အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **အောင်မျိုး**

## မိုးညိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

**မိုးညို မေ ၁၆**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့ နံနက် ၇ နာရီခွဲတွင် ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခဲ့သည်။



မိုးညိုမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့နှင့် ဆရာ ဆရာမများ၊ ဇေတိကရပ်ကွက် ဥက္ကဋ္ဌနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက ကျောင်းပြန်လည်ဖွင့်လှစ်ချိန်၌ သန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်များ၊ အမှိုက်သရိုက်များ ရှင်းလင်းပြီး ကျောင်းအတွင်းကိုလည်း သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **ခင်လတ်(မိုးညို)**


## လပွတ္တာမြို့နယ်၌ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ခြံစည်းရိုးအုတ်တံတိုင်းများတွင် နိုင်ငံတော်ဆန့်ကျင်ရေးရုပ်ပုံနှင့် စာသားများ လိုက်လံရေးဆွဲနေသူ အမျိုးသားတစ်ဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီး

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများဖြစ်ပေါ်စေရေးအတွက် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက်အမှောင့်ဆောင်ရွက်လိုသူအချို့ကလည်း နိုင်ငံတော်ဆန့်ကျင်ရေးစာသားများအား အများပြည်သူသုံးလမ်းမကြီးများ၊ နိုင်ငံတော်ပိုင်နှင့် အများပြည်သူပိုင်အဆောက်အအုံများပေါ်တွင်ရေးသားခြင်း၊ ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းစများ၊ ပိုစတာများ၊ စာရွက်များ ချိတ်ဆွဲခြင်း၊ လမ်းများပေါ်တွင် ဖြန့်ကြဲခြင်းတို့ဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ အမှတ်(၁)ရပ်ကွက်နေ စိုးဝဏ္ဏထွဋ်(၂၁)နှစ် (ဘ) ဦးမြတ်တိုးသည် စည်ပင်သာယာလမ်း လမ်းဘေးခြံစည်းရိုး၌ နိုင်ငံတော်ဆန့်ကျင်ရေးရုပ်ပုံနှင့် စာသားများ မှုတ်ဆေးအနက်ရောင်ဖြင့် လိုက်လံရေးဆွဲနေသည်ကို တွေ့ရှိရသဖြင့် ထိန်းသိမ်းစစ်ဆေးခဲ့ရာ ၎င်းထံမှ နိုင်ငံတော်ဆန့်ကျင်ရေးရုပ်ပုံနှင့် စာသားများပါ ခါတ်ပုံစတေကာများနှင့် အနက်ရောင်မှုတ်ဆေးဘူး တစ်ဘူးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ စိုးဝဏ္ဏထွဋ်အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သောင်းကျန်းသူများက လုံခြုံရေးတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်


**နေပြည်တော် မေ ၁၆**
တိုင်းဒေသကြီး/ပြည်နယ်အချို့၌ မြို့နယ်အချို့ရှိ လုံခြုံရေးတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် ည ၈ နာရီ ၃၅ မိနစ်ခန့်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့ မြို့မ(၂)ရပ်ကွက်ရှိ ကန်ပက်လက် မြို့မရဲစခန်းအား လက်နက်ကိုင် သောင်းကျန်းသူများက ရဲစခန်း၏ အရှေ့မျက်နှာစာနှင့် မြောက်ဘက်တို့မှလည်းကောင်း၊ ည ၁၂ နာရီ ၅ မိနစ်ခန့်တွင် ရဲစခန်း တောင်ဘက်မှလည်းကောင်း အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ လက်နက်ကိုင် သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ပစ်ခတ်မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ မေ ၁၆ ရက်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ်ဆိပ်ကမ်း၌ ရပ်တန့်ထားသော "ပင်လုံ" သင်္ဘောသည် ရွှေကူဆိပ်ကမ်းမှ ဗန်းမော်မြို့သို့ နံနက် ၄ နာရီ ၃၅ မိနစ်ခန့်တွင် ထွက်ခွာလာခဲ့ရာ နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် နောင်မိုးကျေးရွာအနီးသို့အရောက်၌ လက်နက်ကိုင်သောင်းကျန်းသူများက မြစ်ကမ်းပေါ် ဝဲ၊ ယာ နှစ်ဖက်မှနေ၍ လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အဆိုပါသင်္ဘောတွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ လက်နက်ကိုင် အကြမ်းဖက်သူများပစ်ခဲ့သည့် လက်နက်ကြီးကျည် သင်္ဘောပေါ် ကျရောက်ပေါက်ကွဲခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ဖုံးသီးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့စခန်းများအား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင် သောင်းကျန်းသူများအား ရှင်းလင်းသွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကန်ပက်လက်မြို့မရဲစခန်းအား လက်နက်ကိုင်သောင်းကျန်းသူများက လာရောက်တိုက်ခိုက်မှု

# ချမ်းမြသာစည်မြို့နယ်၌ အဖျက်အမှောင့်လုပ်ငန်း လုပ်ဆောင်ရန် လက်လုပ်မိုင်းယူဆောင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်အား ဆက်လက်စိစစ်ခဲ့ရာ ဖောက်ခွဲရေးပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၆**
မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ အဖျက်အမှောင့်လုပ်ငန်းလုပ်ဆောင်ရန် လက်လုပ်မိုင်းယူဆောင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသား တစ်ဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်အား ဆက်လက်စိစစ်ခဲ့ရာမှ ဖောက်ခွဲရေးပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မေ ၁၅ ရက် ညနေ ၄ နာရီခွဲခန့်တွင် ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအနီးလမ်းပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးပွားခုံးကျော်တံတားအတိုင်း အောင်မြေသာစံမြို့နယ် မြောက်ပြင်အကွက်(၃၆) ဆရာစံဈေး မြောက်ပေါက်နေ မြတ်မင်းဦး(ဘ) ဦးသစ်တင်ဦး မောင်းနှင်ပြီး ဘခက်(စိစစ်ဆဲ) စီးနင်းလာသော ဆိုင်ကယ်သည် အဖျက်အမှောင့်လုပ်ငန်း ပြုလုပ်ရန်အတွက် လက်လုပ်မိုင်း တစ်လုံး သိုဝှက်ယူဆောင်ခဲ့ပြီး မောင်းနှင်လာစဉ် အဆိုပါနေရာအရောက် ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဘခက်၏ ဝဲဒူးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ထွက်ပြေးသွားခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ မြတ်မင်းဦးကို ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးရမိသူ မြတ်မင်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ဓာတ်ခဲလေးလုံး၊ ဆိုင်ကယ် ဘက်ထရီအိုး နှစ်လုံး၊ အချိုရည်ဘူးဖြင့် ပြုလုပ်ထားသော စနက်တံပါ လက်လုပ်မိုင်း ရှစ်လုံး၊ Keypad ဖုန်းအဟောင်း လေးလုံး၊ Tablet ဖုန်းအဟောင်း ခြောက်လုံး၊ ဝိုင်ယာကြိုးအပိုင်းအစများ၊ စားပွဲတင်နာရီ တစ်လုံး၊ Laptop တစ်လုံးနှင့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းတစ်ခုတို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ထွက်ပြေးတိမ်းရှောင်သွားသူ ဘခက်(စိစစ်ဆဲ)အား ဖမ်းဆီးရမိနိုင်ရေးနှင့် ဖမ်းဆီးရမိသူ မြတ်မင်းဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၆**
လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို ဆက်လက်ဖော်ထုတ် သိမ်းဆည်းလျက်ရှိသည်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းလျက်ရှိရာ မေ ၁၅ ရက် ညနေ ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကံသာယာ(တ) ကျေးရွာနေ ရန်အောင်(ဘ)ဦးဝင်းမောင်၏ နေအိမ်မှ မီးစာတပ်ဆင်ထားသည့် ဓာတ်ဆီပုလင်း ကိုးလုံး၊ ဂျင်ကလိ ငါးချောင်း၊ ဖဲထီး သံချောင်းဖြင့်ပြုလုပ်ထားသည့် မြားတံ ၁၀ ချောင်း၊ ဝါးမြားတံ ၂၀၊ သံပိုက် ၁၀၊ သံချောင်း ၁၀၊ စက်ဘီးဘောစေ့ ၁၀၀၊ ခဲသီး ငါးလုံး၊ ခဲသီးပြုလုပ်ရာတွင် အသုံးပြုသည့် ပုံစံခွက် တစ်ခု၊ ခဲချောင်း ၃၀၊ လေးခွ တစ်လက်၊ ဓားမ တစ်ချောင်း၊ ဟန်းစပီကာ တစ်ခုနှင့် အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရွာသစ်ရပ်ကွက် မြို့မမြောက်ရပ်ကွက် သဘာဝရိပ်သာ သီလရှင်ကျောင်းဝင်းအတွင်းရှိ အဆောက်အအုံတစ်လုံးအတွင်းမှ ရုံးဆိပ်ကျွန်းကျေးရွာနေ ထွန်းလင်းသူ(၃၀)နှစ်ပါ အမျိုးသား ငါးဦးအား သံပိုက်ဖြင့်ပြင်ဆင်ထားသည့် စနက်တံမပါ လက်လုပ်ဗုံး ၄၀၊ သံပိုက်ဖြင့်ပြုလုပ်ထားသည့် စနက်တံပါ လက်လုပ်ဗုံး ၁၅ လုံး၊ ကတ်ထူစက္ကူဖြင့်ပြုလုပ်ထားသော လက်လုပ်ဗုံး နှစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကသဲအုပ်စု ကမ္ဘာအေးရပ်ကွက်နေ ဇေယျာသိန်း (ဘ)ဦးစိုးပိုင်အား လက်လုပ်မိုင်း နှစ်လုံး၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ ည ၈ နာရီ မိနစ် ၂၀ တွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အမှတ်(၁)ရပ်ကွက် မြို့ရှောင်လမ်း၌ ရွှေသာကုန်းကျေးရွာနေ ဇော်မိုး(၄၆)နှစ် (ဘ)ဦးသိန်းရွှေမောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ အရိုး/အသွားကိုးလက်မခန့်ရှိ စကေဘာ တစ်ချောင်း၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းအား အကြမ်းဖက်သူများက မီးရှို့

**နေပြည်တော် မေ ၁၆**
ချင်းပြည်နယ် ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းအား ယနေ့နံနက် ၆ နာရီ ၂၅ မိနစ်ခန့်တွင် အကြမ်းဖက်သူများ၏ မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



မီးလောင်မှုဖြစ်ပွားရာသို့ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် စာသင်ဆောင် နှစ်လုံးနှင့် ပရိဘောဂ ပစ္စည်းများ မီးလောင်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်းလိုက်လံစုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ကော့သောင်းခရိုင် လုပ်ငန်းရှင်များအားတွေ့ဆုံ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကော့သောင်း မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့်အဖွဲ့ဝင်များသည် မေ ၁၃ ရက် နံနက် ၈ နာရီက ကော့သောင်းမြို့ မဇ္ဈူသကခန်းမ၌ ကော့သောင်းခရိုင်အတွင်းရှိ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းကဏ္ဍအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် ကုန်ကြမ်းထုတ်လုပ်မှုအဆင့်မှသည် ကုန်ချောထုတ်လုပ်သည့်အဆင့်သို့ကြံစည်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့တိုင်းဒေသကြီးအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း များစွာရှိပါကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်လာရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ကမ်းနီး ငါးလုပ်ငန်းဇုန်အတွင်း တည်ဆောက်ပြီးစီးနေသည့် FOB ငါးလုပ်ငန်းစစ်ဆေးရေးတံတားသို့ သွားရောက်ပြီး ငါးဖမ်းငါးသယ်လှေများ ဆိုက်ကပ်ရပ်နားစစ်ဆေးရာတွင် အဆင်ပြေလွယ်ကူစေရေး၊ နိုင်ငံတော်အတွက် ထိုက်သင့်သည့်အခွန်ဘဏ္ဍာများ တိုးမြှင့်ရှာဖွေပေးနိုင်ရေးနှင့် တံတားရေရှည်တည်တံ့ရေးပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ အလေးထားဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ လေးမိုင်ရွှေတော်ဝင်တစ်သျှူးကုန်ချောထုတ်စက်ရုံနှင့် သောက်ရေသန့်စက်ရုံ၊ သီရိမြိုင်ရပ်ကွက်၊ ငါးမန်းဖြူသောက်ရေသန့် ပုဂ္ဂလိကစက်ရုံများသို့ရောက်ရှိပြီး ကုန်ကြမ်းပစ္စည်းများ အသုံးပြုကာ ကုန်ချောထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကော့သောင်းမြို့ ဘုရင့်နောင်ရုပ်တုကုန်းမြေနှင့် ဘုရင့်နောင်အငူသို့ရောက်ရှိပြီး ရုပ်တုကုန်းမြေ စိမ်းလန်းစိုပြည်ရေးနှင့် မြို့၏ အဓိကပြယုဂ်အဖြစ် သမိုင်းဝင် ဘုရင့်နောင်အငူပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကော့သောင်းမြို့ မြို့မဆိပ်ကမ်းတံတားသို့ရောက်ရှိပြီး စက်လှေများဆိုက်ကပ်ရာတွင် အန္တရာယ်မဖြစ်ပေါ်စေရေး၊ တံတားကြံ့ခိုင်မှုလုပ်ငန်းများ သတိပြုဆောင်ရွက်ကြရေး တာဝန်ရှိအဖွဲ့အစည်းများအား မှာကြားကာ ညနေပိုင်းတွင် သူဌေးကျွန်းပေါ်ရှိ ဂရင်းအက်ဒမန် သူဌေးကျွန်းအပန်းဖြေဟိုတယ်နှင့် ရတနာကျွန်းပေါ်ရှိ ရတနာကျွန်းအပန်းဖြေဟိုတယ်တို့သို့ရောက်ရှိကာ လာမည့်ပွင့်လင်းရာသီတွင် ခရီးသွားလုပ်ငန်းပြန်လည်ဖွံ့ဖြိုးလာချိန် ဟိုတယ်များ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေနှင့် သူဌေးကျွန်းပေါ်ရှိ ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းခွင်သို့ သွားရောက်ကာ ပုစွန်မွေးမြူရေးလုပ်ငန်းခွင်နှင့် နိုင်ငံခြားပို့ကုန်အဖြစ် ရေချိုပုစွန် တင်ပို့ရောင်းချနိုင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်မှုပြုခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# တက္ကသိုလ် ကောလိပ်များ၌ ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်စရိတ်များ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား မေ ၁၆**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် ပြည်နယ်ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁၅ ရက် နံနက် ၈ နာရီခွဲတွင် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စုအတွင်း ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး တက္ကသိုလ်ကောလိပ်များရှိ ပညာသင်ယူနေကြသော ကျောင်းသား ကျောင်းသူများအား နေထိုင်စားသောက်မှု အဆင်ပြေစေရေး စားသောက်စရိတ်ထောက်ပံ့မှုများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စု နောင်နန်းကျေးရွာ မလိခကျေးရွာခန်းမဆောင်၌ ကျေးရွာများမှ ပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိတို့ကျေးရွာများ တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် ဖွံ့ဖြိုးရေးကို ဦးတည်၍ ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ မကြာမီကာလအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် မိမိတို့၏သားသမီးများ၏ အနာဂတ်အတွက် မဖြစ်မနေပညာသင်ကြားနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံပြီး တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေကြသော အဆောင်နေကျောင်းသား ကျောင်းသူ ၇၀ အတွက် ထောက်ပံ့ငွေကျပ် ၁၁၇၆၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

အလားတူ မြစ်ကြီးနားပညာရေးဒီဂရီကောလိပ်၌လည်း ပညာရေးဒီဂရီကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့တွင် တက်ရောက်ပညာသင်ယူနေကြသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြစ်ကြီးနားပညာရေးဒီဂရီကောလိပ်ရှိအဆောင်နေကျောင်းသား ကျောင်းသူ ၁၂၀ အား ထောက်ပံ့ငွေကျပ် ၂၀၁၆၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီးမီးလောင်မှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် တာဝန်ရှိသူများသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီး မီးလောင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချသူ ပြည်သူများအား နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရွှေဘိုမြို့ရှိ ပြည်ရွှေဘိုရိပ်သာတွင် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဈေးကော်မတီဝင်များ၊ ဈေးရောင်းချသူပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် မြို့မိမြို့ဖများ၊ ဈေးကော်မတီဝင်များနှင့် ဈေးရောင်းချသူပြည်သူများက ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီး မီးလောင်မှုအခြေအနေနှင့် ဈေးပြန်လည်ဖွင့်လှစ်ရောင်းချမည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီး အမြန်ပြန်လည်ဖွင့်လှစ် ရောင်းချနိုင်ရေးနှင့် ဈေးကော်မတီဝင်များ၊ ဈေးရောင်းချသူ ပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီးသည် မေ ၁၅ ရက် နံနက် ၂ နာရီ ၂၀ မိနစ်တွင် စတင်မီးလောင်မှုဖြစ်ပွားခဲ့ရာ နံနက် ၅ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ ဆိုင်ခန်းပေါင်း ၁၅၉၁ ခန်းရှိသည့်အနက် ဆိုင်ခန်း ၉၀၁ ခန်း မီးလောင်ဆုံးရှုံးခဲ့သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကျောက်စီမြေထိန်းတမံတည်ဆောက်နေမှုကြည့်ရှု ဆရာ ဆရာမများနှင့် တွေ့ဆုံ

**မော်လမြိုင် မေ ၁၆**

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မေ ၁၅ ရက် နံနက် ၇ နာရီခွဲက ရေးမြို့နယ် ရေး-ထားဝယ် ကားလမ်းတံတားအနီး ရေးမြစ်အနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း Gabion Box ကျောက်စီမြေထိန်းတမံတည်ဆောက် နေမှုအား ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ထို့သို့ ကွင်းဆင်းကြည့်ရှုရာတွင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေကျပ်သန်း ၃၂၀ ဒသမ ၁၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသော ရေးမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း Gabion Box ကျောက်စီမြေထိန်းတမံ (အလျားပေ ၇၀၀) တည်ဆောက်နေမှုလုပ်ငန်းအခြေအနေအား ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ရေးမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ဆရာ ဆရာမများအနေဖြင့် ပညာရေးနှင့် ပတ်သက်၍ မိမိတို့ပြည်နယ်/မြို့နယ် တိုးတက်အောင် အဓိကထားပြီးဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ပြည်နယ်အတွင်းရှိ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတပည့်များကို ယဉ်ကျေးလိမ္မာပြီး စာတော်စာကြိုးစားသည့်ကလေးများဖြစ်လာအောင် အဓိကထားပြီးသင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရေးမြို့နယ်ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသနေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ လူနာများအား အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရေးမြို့သမိုင်းဝင် ကျုံးတော်ကြီး ပြန်လည်တူးဖော်မှုလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး တောင်ဘုံကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် တောင်ဘုံကျေးရွာကုန်ထုတ်လမ်းအခြေအနေအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးမြိုင်မြို့၏ မှီခိုအားထားရသော တင့်ဆန်းချမ်းသာမြသီတာ သောက်သုံးရေကန်အား တူးဖော်ဆယ်ယူ

**မြိုင် မေ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့၏ မှီခိုအားထားရသော တင့်ဆန်းချမ်းသာမြသီတာ သောက်သုံးရေကန်အား မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်ကာ မေ ၁၃ ရက်မှစတင်၍ မြေသားတူးဖော်ဆယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

မြိုင်မြို့ရေပေးဝေရေးစနစ်တွင် မြေအောက်ရေတွင်းများသာမက တင့်ဆန်းချမ်းသာမြသီတာ သောက်သုံး ရေကန်ကိုလည်း မှီခိုအားထားခဲ့ရာ ယခင်နှစ် မိုးရွာသွန်းမှုနည်းပါးသောကြောင့် ကန်အတွင်းရေဝင်မှု နည်းပါးခဲ့ရပြီး ရေခန်းခြောက်မှုများကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် မိုးဦးကာလ မိုးရွာသွန်းချိန်တွင် ရေသိုလှောင်မှု ပမာဏ ပိုမိုဝင်ဆံ့နိုင်ရန် အဆိုပါကန်အား အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် မြေသား တူးဖော်ဆယ်ယူခြင်းဖြစ်သည်။



ထိုသို့ ပြန်လည်ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြိုင်မြို့နယ်ဖွား ဦးတင်ဆန်းမိသားစုမှ လှူဒါန်းမတည်ငွေကျပ်သိန်း ၅၀ နှင့် အလှူရှင်များစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၁၀၀ ဖြင့် မြေသားလုပ်ငန်း ၁၅၀၀၀ကျင်းအား မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီမံ၍ စက်၊ ယန္တရားများဖြင့် တူးဖော်ဆယ် ယူလျက်ရှိကြောင်း သိသည်။

**သူရ(ပုံတောင်)**



**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် အောင်မြေလမ်း၌ မြို့နယ်လျှပ်စစ် ဝန်ထမ်းများက မေ ၁၅ ရက်တွင် လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာခတ်အားလိုင်းကြိုးများကို လဲလှယ်နေစဉ်။**

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# ကျောက်ဆည်မြို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်မှုများဆောင်ရွက်

**ကျောက်ဆည် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီက အမှတ်(၁၆)အခြေခံပညာ မူလတန်းကျောင်းတွင် ဆရာ ဆရာမများ၊တပ်မတော်သားများနှင့်ကျောင်းအကျိုးတော်ဆောင်များစုပေါင်း၍ ကျောင်းဝင်းသန့်ရှင်းရေးနှင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိသည်။

ကျောင်းများပြန်လည်ဖွင့်လှစ်ပါက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၈၆ ကျောင်းရှိပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံမှုများကို မေ ၂၄ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြုလုပ်သွားမည်ဖြစ်ကာ ကျောင်းအပ်လက်ခံရာတွင် အခကြေးငွေတစ်စုံတစ်ရာကောက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# သုံးခွမြို့ပေါ်ရပ်ကွက်များ၌ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတိုးချဲ့တည်ဆောက်

**သုံးခွ မေ ၁၆**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း သုံးခွမြို့နယ်လျှပ်စစ်မန်နေဂျာရုံးက လတ်တလောတွင် ပြည်သူများ လျှပ်စစ်မီးအား ပြည့်ဝစွာရရှိသုံးစွဲနိုင်ရေးအတွက် အမှတ်(၃) (၅)(၁၂)ရပ်ကွက်တို့တွင်၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးစီတိုးချဲ့ တည်ဆောက်ခဲ့ရာ (၁၂) ရပ်ကွက် နှင်းဆီလမ်းတွင်တပ်ဆင်ပြီးစီးခဲ့၍ မေ ၁၂ ရက်မွန်းလွဲပိုင်းက ဓာတ်အားပို့လွှတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အမှတ် (၃) ရပ်ကွက်ကြိုက်ဟုန်းလမ်း၊ အမှတ် (၅) ရပ်ကွက်၊ ဝိဇ္ဇောဒယဘုန်းတော်ကြီးကျောင်းလမ်းတို့တွင်၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးစီ အထိုင်ကျတပ်ဆင်ပြီးစီးနေပြီဖြစ်ကာ လိုအပ်သောHT လိုင်းကြိုးနှင့်၊ကွန်နက်ရှင်ကြိုးများ တပ်ဆင်ပြီး မကြာမီ ဓာတ်အားပို့လွှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ဥက္ကံဝဓာတ်အားခွဲရုံ၊ ဒေါင့်ကြီးဓာတ်အားခွဲရုံ၊ ညောင်လန်းကုန်း ဓာတ်အားခွဲရုံ သုံးရုံရှိပြီး ထရန်စဖော်မာ ၁၈၆လုံးရှိကာ ဒစ်ဂျစ်တယ် လျှပ်စစ်မီတာ အလုံးရေ ၁၇၀၄၂လုံး တပ်ဆင် အသုံးပြုလျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်မောင်ထွေးက ပြောကြားခဲ့သည်။

**ကိုကျော်(သုံးခွ)**

# လွိုင်လင်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး စုပေါင်းသန့်ရှင်း

**လွိုင်လင် မေ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ပေါ်ရှိ အမှတ်(၁)၊အမှတ်(၂)၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများ၊ ပင်လုံမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် မိုင်းပွန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း ဥပဓိရုပ် ကောင်းမွန်ရေးအတွက် မေ ၁၅ ရက် နံနက် ၇ နာရီက ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းမြက်ပင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ လွိုင်လင်မြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ စုပေါင်းကာ ဝိုင်းဝန်းရှင်းလင်းကြသည်။



မကြာမီ ကျောင်းများဖွင့်လှစ်တော့မည်ဖြစ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စည်းကမ်းချက်များနှင့်အညီ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ကျောင်းတက်နိုင်ရေးအတွက် ကျောင်းဝင်းအတွင်း ကျောင်းခန်းမများ၊ စာသင်ခုံများကိုလည်း သန့်ရှင်းရေးပြုလုပ်ပေးကြသည်။

လွိုင်လင်မြို့ပေါ်ရှိ အထက်တန်းကျောင်းများအပြင် ပင်လုံမြို့နှင့် မိုင်းပွန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတို့ကိုလည်း ဥပဓိရုပ်ကောင်းမွန်ရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။ **နန်းဦးခမ်း(လွိုင်လင်)**

# ဒလမြို့နယ်၌ ကျောင်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံ ပညာကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်သီရိဇေယျနော်ရထာခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးယဉ်ထွေးက ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားပြီး ဒလတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်က လုံခြုံမှုရှိစေရေးအတွက် ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ် ဆရာ၊ ဆရာမများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မိဘဆရာအသင်းဝင်များ၊ကျောင်းအကျိုးတော်ဆောင်များက ကျောင်းများကြိုတင်ပြင်ဆင်နိုင်ရေးနှင့် လုံခြုံရေးတို့အတွက် လိုအပ်သည်များကို မေးမြန်းကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဝန်းသို မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀စီထောက်ပံ့ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း၂၂ ရွာ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာများအနက် မော်နိုင်းအုပ်စု နောင်ကွင်းကျေးရွာတွင် ရွာတွင်းလမ်းများချောင်းသဲကျောက်ခင်းခြင်း အရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မခင်းခြင်းလုပ်ငန်းနှင့် ပုတိမ်ကုန်းကျေးရွာတွင် ရွာတွင်းလမ်းများ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထို့ပြင် အဆိုပါကျေးရွာများတွင် ရွာတွင်းလမ်းများ ချောင်းသဲကျောက်ခင်းခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများမှာ ၇၅ ရာခိုင်နှုန်းထိ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ရာနှုန်းပြည့်ဆောင်ရွက်ပြီးပါက နောင်ကွင်းကျေးရွာရှိ အိမ်ခြေ ၅၅အိမ်၊ လူဦးရေ၂၈၄ဦး၊ ပုတိမ်ကုန်းကျေးရွာရှိ အိမ်ခြေ ၈၄ အိမ်၊ လူဦးရေ ၄၃၀ တို့အတွက် လမ်းပန်းဆက်သွယ်ရေး ယခင်ကထက် ပိုမိုချောမွေ့ လွယ်ကူလာတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင်**



## ဒေသထွက်သီးနှံတစ်မျိုးဖြစ်သည့် ဒူးရင်းသီးများအထွက်နည်းသော်လည်း ဈေးကောင်းရ

**မြိတ် မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မြိတ် ကျွန်းစု တနင်္သာရီမြို့နယ်တို့မှထွက်ရှိသော ရာသီစာ သီးနှံတစ်မျိုးဖြစ်သည့် ဒူးရင်းသီးများအထွက်နည်း သော်လည်း ဈေးကောင်းရနေသောကြောင့် ဒူးရင်း သီးရောင်းချနေသူများ အဆင်ပြေလျက်ရှိကြောင်း ရှမ်းချောင်းလမ်းမကြီးနံဘေး ဒူးရင်းသီးရောင်းချနေ သူများထံမှ သိရသည်။

"ဒူးရင်းသီးတွေကတော့ မနှစ်ကထက် ဒီနှစ်က အထွက်နည်းပါတယ်။ အထွက်နည်းပေမယ့်လို့ ဈေးကောင်းရတော့အဆင်ပြေတာပေါ့။ မနှစ်ကဝါထပ် တဲ့ နှစ်ဖြစ်တော့ အထွက်ပိုများပါတယ်။ မနှစ်က ဒူးရင်းသီးအကြီးတစ်လုံးကို ကျပ် ၃၀၀၀၊ အသေး တစ်လုံးကို ကျပ် ၅၀၀ လောက်ပဲရောင်းရပါတယ်။ ဒီနှစ်ကတော့ ဒူးရင်းသီးအကြီးတစ်လုံးကို ၅၀၀၀/ ၆၀၀၀၊ အလတ်တစ်လုံးကို ကျပ် ၃၀၀၀/၄၀၀၀၊ အသေးတစ်လုံးကိုကျပ် ၁၀၀၀/၁၅၀၀၊ အလုံး အကြီး အသေးအရွယ်အစားပေါ်မူတည်ပြီး ရောင်းနေရပါ တယ်။ အရင်နှစ်ကထက် ဒီနှစ်က ဒူးရင်းရောင်းချသူ ပိုများလာပါတယ်။ ဝယ်သူစားသုံးသူလည်းများ တော့ပိုအဆင်ပြေပါတယ်။ ဒီနှစ်ကတော့ ရောင်းသူနဲ့ ဝယ်သူ စည်ကားနေပါတယ်" ဟု ရှမ်းချောင်းလမ်းမ ကြီး နံဘေး၌ ဒူးရင်းသီးရောင်းချသူ ဦးလွင်အေးက ပြောကြားသည်။

အဆိုပါဒူးရင်းသီးများမှာ ယခင်နှစ်ကအထွက်များ သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးသွားလာ သူများ၊ လမ်းသွားလမ်းလာသူများနှင့် ဈေးဝယ်သူ များ အပြင်ထွက်သူနည်းသည့်အတွက်ကြောင့် လာ ရောက် ဝယ်ယူသူနည်းပါးသော်လည်း ယခုနှစ်တွင် ဒူးရင်းသီးများမှာ အထွက်နည်းသော်လည်း ဝယ်ယူ စားသုံးသူများပြား၍ဈေးကောင်းရရှိနေသောကြောင့် ဒူးရင်းသီးရောင်းချနေသူများ အဆင်ပြေလျက်ရှိပြီး မြိတ်ကမ်းနားလမ်းတစ်လျှောက်နှင့် ရှမ်းချောင်း လမ်းမကြီးတို့တွင် ဒူးရင်းသီးရောင်းချနေသူများနှင့် ဝယ်ယူစားသုံးသူများဖြင့် စည်ကားနေကြောင်း သိရသည်။

မြိတ်ကျွန်းစုကမ်းရိုးတန်းဒေသသည် ရေလုပ်ငန်း နှင့် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်နေ ကြသည့် ဒေသတစ်ခုဖြစ်သောကြောင့် ရေလုပ်ငန်း လုပ်ကိုင်သူများနှင့် ဥယျာဉ်ခြံလုပ်ငန်းအများဆုံး လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြု နေထိုင်ကြ ရာ ကမ္ဘာ့ကူးစက်မြန်ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ရေလုပ်ငန်းထွက်ကုန်များနှင့် စိုက်ပျိုးရေး ထွက် ကုန်များ၊ အသီးအနှံများလည်း တင်ပို့ရောင်းချရာတွင် အခက်အခဲတချို့ရှိကြောင်း သိရသည်။

" ဒီနှစ်က ဒူးရင်းသီးဝယ်ယူစားသုံးရတာ တန်ပါ တယ်။ စားပြီးသားအစေ့ကို လွှင့်ပစ်စရာမလိုဘူး၊ အစေ့ကို ထိုင်းနိုင်ငံဘက်ကနေ တစ်ပိဿာကိုငွေကျပ် ၆၀၀၀ နဲ့ လာရောက်ဝယ်ယူတာရှိတဲ့အတွက် အစေ့ တွေကိုသိမ်းထားပြီး ပြန်ရောင်းတော့ ပိုအဆင်ပြေပါ တယ်"ဟုရှမ်းချောင်းရပ်မှ ဒူးရင်းသီးဝယ်ယူစားသုံးသူ အမျိုးသားတစ်ဦးက ပြောကြားသည်။

ယခင်နှစ်ကထက် ယခုနှစ်တွင် ဒူးရင်းသီးများ အထွက်နည်းသော်လည်း မြိတ်၊ ကျွန်းစု၊ တနင်္သာရီ မြို့နယ်များရှိ ကျေးရွာများမှထွက်ရှိသော ဒူးရင်းသီး များ ဈေးကွက်အတွင်း တစ်ပြိုင်တည်းဝင်ရောက် လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မင်းဘူး(စကု) မြို့နယ်၌ မေမြို့ပန်းစိုက်သူများ ရောင်းအားကောင်း

**မင်းဘူး မေ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာတွင် မေမြို့ပန်းစိုက် တောင်သူများသည် ပန်းများလှိုင်လှိုင်ပေါ်ပြီး ရောင်း အားလည်းကောင်းသဖြင့် အဆင်ပြေကြကြောင်း ကျောက်တန်းကျေးရွာ ပန်းစိုက်တောင်သူများထံမှ သိရသည်။

မေမြို့ပန်းကိုငါးလလောက် အချိန်ယူစိုက်ပျိုးရပြီ ထွန်ယက်ခ၊ ပေါင်းဆွဲခ၊ ပျိုးပင်များပြန်လည်စိုက်ပျိုး ခနှင့်ဆိုလျှင် တစ်ဧကကျပ် သုံးသိန်းဝန်းကျင်ခန့် ကုန်ကျကြောင်းလည်း သိရသည်။ ပန်းများကိုရေဖျန်း ခြင်းမဟုတ်ဘဲ ရေသွင်းစနစ်ဖြင့် စိုက်ပျိုးပြီးမြေကြီး အစိုအခြောက်အပေါ် မူတည်၍ ငါးရက်တစ်ခါ ခုနစ် ရက်တစ်ခါ စသည်ဖြင့် ရေသွင်းပေးရသည်။

ပန်းများပေါ်သည့် အချိန်တွင် တစ်ပြိုင်တည်း လှိုင်လှိုင်ပေါ်သည့်အတွက် နေ့စဉ်ရက်ဆက် ရောင်း ချနေရပြီး မေမြို့ပန်းတစ်ပင် ကျပ် ၈၀ သုံးပင်စည်း တစ်စည်းလျှင်ကျပ် ၂၀၀ ရပြီး လှိုင်လှိုင်ရောင်းချနေရ သဖြင့် စိုက်ပျိုးသူများအဆင်ပြေကြောင်း မင်းဘူး (စကု)မြို့နယ် ကျောက်တန်းကျေးရွာနေ မေမြို့ပန်း စိုက်တောင်သူ ဒေါ်မြကြည်ထံမှ သိရသည်။

**ဇေယျာထက် (မင်းဘူး)**



## ဇီးကုန်းမြို့နယ်၌ နွေစပါးစတင်ရိတ်သိမ်း

**ဇီးကုန်း မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်း မြို့နယ်တွင် တောင်ညိုဆည်မှရရှိ သော ဆည်ရေဖြင့် စိုက်ပျိုးသော ၂၀၂၂ ခုနှစ် နွေစပါးများကို ရိတ်သိမ်းလျက်ရှိရာ အထွက်နှုန်း ကောင်းမွန်ကြောင်း သိရသည်။

ဘုရားကြီးကုန်းကျေးရွာအုပ်စု နှင့် ရွှေကြို့ပင်ကျေးရွာအုပ်စုတို့ တွင် မေ၁၃ရက် နံနက်က ရိတ် သိမ်းခဲ့ရာ တစ်ဧကလျှင် ၈၄ ဒသမ ၃၄ (အခြောက်တင်း) ထွက်ရှိ ကြောင်းနှင့် မေလဆန်းမှ စတင် ကာ တောင်သူများ စတင်ရိတ်သိမ်း လျက်ရှိကြောင်း၊ ဇီးကုန်းမြို့နယ် တွင် နွေစပါးစိုက်ဧကများအနက် ၃၅ ရာခိုင်နှုန်းခန့် ရိတ်သိမ်းပြီးစီး လျက်ရှိကြောင်းနှင့် အထွက်နှုန်း ကောင်းမွန်ကြောင်းသိရသည်။

ဇီးကုန်းမြို့နယ်တွင် တောင်သူ လယ်သမားများသည် ဇန်နဝါရီလ ပထမပတ်မှစတင်၍ ဆည်ရေ သောက်စနစ်ဖြင့် နွေစပါး ၃၃၆၂ ဧကကို စတင်စိုက်ပျိုးခဲ့ရာ ရတနာတိုးစပါး၊ ဆင်းသုခစပါး၊ ပြည်တော်ရင်စပါးနှင့် GW-11 စပါးမျိုးများကို အများဆုံးထည့် သွင်းစိုက်ပျိုးကြကြောင်းနှင့် နွေ စပါးစိုက်တောင်သူများအထွက် နှုန်း တိုးတက်ကောင်းစေရန် ဇီးကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာနအနေဖြင့် မျိုးစေ့ချကိရိယာ အခမဲ့ငှားရမ်းပေးခြင်း၊ စိုက်ပျိုးရေး နည်းပညာနှင့် အထွက်နှုန်း ကောင်း မျိုးကောင်းမျိုးသန့်စပါး များ ဖြန့်ဖြူးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးဦးလှမိုးထံမှ သိရသည်။ **တင့်ဆွေ(ပြန်/ဆက်)**

## ကသာမြို့၌ ရာသီစာအစားအစာ ဆောက်မှိုများရောင်းအားကောင်း

**ကသာ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း ရှိကျေးရွာများမှ မိမိတို့ဒေသအတွင်းထွက်ရှိ သော ရာသီစာအစားအစာဖြစ်သည့် ဆောက်မှို များကို ကသာမြို့ပေါ်ရှိ ဈေးများအတွင်း၌ ရောင်းချကြရာ ရောင်းအားကောင်းလျက်ရှိ ကြောင်း သိရသည်။

ရာသီပေါ်အစားအစာဖြစ်သည့် ဆောက်မှို များကို တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၊ မှိုတွဲတစ်တွဲလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ရောင်းချရပြီး စားသုံးသူများလည်း ကြိုက် နှစ်သက်စွာ ဝယ်ယူစားသုံးနေကြသည်။

"ဒီဆောက်မှိုတွေက ဒီလိုမိုးဦးကျကာလ တွေမှာသာ ပေါက်တာ၊ ပေါက်ရင်လည်း များများ မပေါက်ဘဲ တစ်နေရာမှာ အနည်းငယ်သာ ပေါက်တယ်။ မှိုများများရရင်တော့ ရွာကနေ မြို့ပေါ်ရှိဈေးတွေမှာ လာရောင်းတယ်။ ရောင်းရ တဲ့ငွေက များများမရပေမယ့် မိသားစုအတွက် တော့ဝင်ငွေရရှိတာပေါ့"ဟု ဆောက်မှိုရောင်းချ သူ တစ်ဦးထံမှ သိရသည်။

ဆောက်မှိုများသည် မိုးဦးကျကာလတွင် ပေါက်ရောက်တတ်ပြီး တောင်သပြေပင်တန်း အောက်၊ စမ်းချောင်းနံဘေး၊ လျှိုမြောင်များနှင့် ချုံနွယ်ပင်များကြားတွင် အများဆုံးပေါက်ရောက် လေ့ရှိကြောင်း၊ အဆိုပါ ဆောက်မှိုများကို ဒေသခံပြည်သူများအနေဖြင့် ရာသီစာဖြစ် သည့်အတွက် ကြိုက်နှစ်သက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မိုင်းယောင်း၌ နာနတ်သီးဝယ်ယူစားသုံးသူပိုများ စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**မိုင်းယောင်း မေ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် နာနတ်သီးများကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကာ စီးပွားရေးအဆင်ပြေနေကြကြောင်း သိရသည်။

မိုးဦးရာသီ၌ ယခုကဲ့သို့ ရာသီဥတုပူပြင်းသည့်အရှိန်ကြောင့် ဆေးဖက် ဝင်ပြီး ဝမ်းအေး၊ ဝမ်းမှန်စေသည့် ရာသီစာ နာနတ်သီး အရောင်းအဝယ် လုပ်ငန်းမှာ အဆင်ပြေနေလျက်ရှိကြောင်း၊ နာနတ်သီးတစ်လုံး လျှင် ကျပ် ၅၀၀ မှ ကျပ် ၂၀၀၀ အထိ ရောင်းရကြောင်း တစ်ပိုင်တစ်နိုင် နာနတ်သီး စိုက်ပျိုးရောင်းချသည့် အမျိုးသမီးတစ်ဦးထံမှ သိရ သည်။

မိုင်းယောင်းဒေသက ထွက်သည့် နာနတ်သီးများသည် ဒေသမျိုးကို သဘာဝအတိုင်း စိုက်ပျိုးထားသဖြင့် အန္တရာယ်ကင်းပြီး အနံ့အရသာနှင့် ပြည့်စုံကောင်းမွန်ခြင်းကြောင့် ရာသီဥတု ပူပြင်းမှုနှင့်အတူ မိုးဦးရာသီ တွင် နာနတ်သီးဝယ်ယူစားသုံးသူ ပိုများလာပြီး ယခုရက်ပိုင်းတွင် နာနတ်သီးရောင်းချသူများ အဆင်ပြေနေကြကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# မေ ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၆ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁၆ – ၅ – ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၅-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉၁၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၀၁,၇၇၀)ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၄၃,၀၆၅)ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၅) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၁၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၆၉၆၁၀၈ | ၂၇၀၉၈၆၂၀ | ၅၉၉၈၆၄ |
| ၂။ | အိန္ဒိယ | ၂၄၆၈၄၀၇၇ | ၂၀၇၉၅၃၃၅ | ၂၇၀၃၁၉ |
| ၃။ | ဘရာဇီး | ၁၅၅၉၀၆၁၃ | ၁၄၀၆၂၃၉၆ | ၄၃၄၈၅၂ |
| ၄။ | ပြင်သစ် | ၅၈၆၃၈၃၉ | ၅၀၈၀၃၄၄ | ၁၀၇၅၃၅ |
| ၅။ | တူရကီ | ၅၁၀၆၈၆၂ | ၄၉၃၂၈၃၈ | ၄၄၅၃၇ |
| ၆။ | ရုရှား | ၄၉၄၀၂၄၅ | ၄၅၅၆၀၇၃ | ၁၁၅၈၇၁ |
| ၇။ | ဗြိတိန် | ၄၄၄၈၈၅၁ | ၄၂၇၅၅၀၂ | ၁၂၇၆၇၅ |
| ၈။ | အီတလီ | ၄၁၅၃၃၇၄ | ၃၆၉၆၄၈၁ | ၁၂၄၀၆၃ |
| ၉။ | စပိန် | ၃၆၀၄၇၉၉ | ၃၂၉၇၃၄၀ | ၇၉၃၃၉ |
| ၁၀။ | ဂျာမနီ | ၃၅၉၅၈၇၂ | ၃၂၈၆၄၀၀ | ၈၆၆၆၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၇၃၉၇၅၀ | ၁၆၀၀၈၅၇ | ၄၈၀၉၃ |
| ၂။ | ဖိလစ်ပိုင် | ၁၁၄၃၉၆၃ | ၁၀၆၉၈၆၈ | ၁၉၁၉၁ |
| ၃။ | မလေးရှား | ၄၇၀၁၁၀ | ၄၂၆၃၁၉ | ၁၉၀၂ |
| ၄။ | မြန်မာ | ၁၄၃၀၆၅ | ၁၃၂၁၁၅ | ၃၂၁၂ |
| ၅။ | ထိုင်း | ၁၀၁၄၄၇ | ၆၅၈၀၃ | ၅၈၉ |
| ၆။ | စင်ကာပူ | ၆၁၅၈၅ | ၆၁၀၆၂ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၂၂၁၈၄ | ၁၂၁၂၀ | ၁၅၀ |
| ၈။ | ဗီယက်နမ် | ၄၁၇၅ | ၂၆၆၈ | ၃၆ |
| ၉။ | လာအို | ၁၅၉၁ | ၅၇၄ | ၂ |
| ၁၀။ | ဘရူနိုင်း | ၂၃၂ | ၂၂၀ | ၃ |



# ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဒေသခံတောင်သူများ ရောင်းချရန် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည့် ရာသီသီးနှံများ တပ်မတော်က ဆက်လက်ဝယ်ယူ



နေပြည်တော် မေ ၁၆

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သွားလာမှုများ ရပ်ဆိုင်းကာ သီးနှံများဝယ်ယူသူနည်းပါးပြီး ဒေသခံတောင်သူများ အနေဖြင့် ရောင်းချရန် အခက်အခဲဖြစ်ပေါ်လျက်ရှိကာ သီးနှံများ ပျက်စီးဆုံးရှုံးနိုင်သည့် အခြေအနေများ ဖြစ်ပေါ်နေသောကြောင့် နယ်မြေခံတပ်မတော်သားများက စိုက်ခင်းများသို့ သွားရောက်၍ ဒေသခံတောင်သူများ ရောင်းချပေးနိုင်သည့် ဈေးနှုန်းဖြင့် ရာသီသီးနှံများအား ဝယ်ယူပေးလျက်ရှိသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများ၏ စိုက်ခင်းများသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံတောင်သူများ ရောင်းချပေးနိုင်သည့် ဈေးနှုန်းဖြင့် ကြက်သွန်နီ ၂၈၂၇၆ ပိဿကို ဝယ်ယူပေးခဲ့ပြီး ဒေသခံတောင်သူများ၏ အခက်အခဲများအပေါ် မူတည်၍ သီးနှံများကို ဆက်လက်ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၂ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန်အတွက် ပျိုးပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်ထားရှိ

ပွင့်ဖြူ မေ ၁၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနမှ ယခု ၂၀၂၀ - ၂၀၂၂ ခုနှစ် မိုးရာသီတွင် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး၊ သဘာဝတောများ ကောင်းမွန်စေရေးနှင့် သစ်တောပြုန်းတီးမှုကြောင့် ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတု အပူဒဏ်ကာကွယ်နိုင်ရေးအတွက် စိုက်ပျိုးရန် ပျိုးပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်ထားရှိကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် နှစ်စဉ် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် သစ်တောပြုန်းတီးမှုကြောင့် ကြုံတွေ့ရသည့် ရာသီဥတုပြောင်းလဲမှုဂေဟစနစ်များ မျှတကောင်းမွန်စေရန်၊ ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးသည့် သဘာဝတောများ ပြန်လည်ကောင်းမွန်စေရန် ရည်ရွယ်၍ ယူကလစ်၊ ကျွန်း၊ ကံ့ကော်၊ ရှား၊ တမာ၊ ဝါး၊ မဲဇလီ၊ ကုက္ကို၊ ရေတမာ၊ ခရေ၊ ပိန္နဲ၊ ကဗွီး၊ မန်ဂျန်ရှား စသည့် အရိပ်ရပျိုးပင်များကို ပြုစုပျိုးထောင်၍ အကောင်အထည်ဖော်စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျေးလက်ဒေသစိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပျိုးပင်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းကာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ မုန်းချောင်းကမ်းပြိုကာကွယ်ရေး ဗာတီဗာမြက်မျိုးများ စိုက်ပျိုးခြင်း၊ သဘာဝဘေးကြောင့် ပျက်စီးသည့် သစ်တောသစ်ပင်များ ကောင်းမွန်ရေးအတွက် ရေဝေရေလဲစိုက်ခင်းများ အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးရာသီတွင်လည်း မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အကောင်အထည်ဖော်စိုက်ပျိုးရန်အတွက် လူထုဖြန့်အနေဖြင့် ကျွန်း၊ ယူကလစ်၊ ဝါး၊ ခရေ၊ တမာ၊ မဲဇလီ၊ သစ်စိမ့် စသည့် အရိပ်ရပျိုးပင်ပေါင်း လေးသောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်စိုက်ပျိုးရန် ယူလစ်၊ ကျွန်း၊ လျှော်ဖြူ စသည့် အရိပ်ရပျိုးပင်ပေါင်း ၁၀၅၀၀၀၊ အထူးစိမ်းလန်းစိုပြည်ရေးအတွက် မျှင်ဝါး၊ ကုက္ကို၊ တမာ၊ မဲဇလီ၊ ရေတမာ၊ ကံ့ကော်၊ ခရေ၊ ပိန္နဲ၊ ကဗွီး၊ ကျွန်း၊ မန်ဂျန်ရှား စသည့် အရိပ်ရပျိုးပင် ၂၂၀၀၊ ပွင့်ဖြူမြို့နယ် ရွှေစက်တော်ကြိုးဝိုင်းအတွင်း အကွက်အမှတ်(၉)တွင် ရေဝေရေလဲစိုက်ခင်း ဧက(၃၀) တွင် စိုက်ပျိုးရန် မြန်မာကုက္ကို၊ ရှား၊ လျှော်ဖြူ စသည့် အရိပ်ရပျိုးပင် ၆၀၀၀၊ မုန်းချောင်းအနီးရှိ ကျေးရွာနေပြည်သူများ မုန်းချောင်းကမ်းပြိုကာကွယ်ရေးအတွက် စိုက်ပျိုးရန် ဗာတီဗာမြက်ပျိုးပင် ၆၀၀၀ စုစုပေါင်း အရိပ်ရပျိုးပင် ၁၁၉၂၀၀ အား အကောင်အထည်ဖော် စိုက်ပျိုးရန်အတွက် ပြုစုပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မော်က ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

***** **ကျောဖုံးမှ**

လာကြပါတယ်။ အခုလည်း ကိုဗစ်-၁၉ စည်းကမ်းနဲ့အညီ အပန်းဖြေလာရောက်လေ့လာလို့ ရပါတယ်" ဟု မိုးယွန်းကြီးအင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ပြောသည်။

**နိုင်ငံတိုင်းမှကာကွယ်စောင့်ရှောက်**

ထိုဘေးမဲ့အင်းသို့ ဆောင်းခိုငှက်များ အောက်တိုဘာလမှ မတ်လထိ နှစ်စဉ် လာရောက်ဆောင်းခိုလေ့ရှိပြီး ကမ္ဘာ့မြောက်ခြမ်း၌ ရေအေးခဲချိန်၊ နေ့တာတို၍ ညတာရှည်ချိန် အစာရေစာရှားပါးမှုကြောင့် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသသို့ လာရောက်ဆောင်းခိုခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ဧပြီလထိ ဆောင်းခိုငှက်များ မိုးယွန်းကြီးဘေးမဲ့တောတွင် နေထိုင်လေ့ရှိပြီး ယခုဆောင်းခိုရာသီတွင် ဆောင်းခိုငှက်သစ်တစ်မျိုးဖြစ်သော Shear water ငှက်အသစ်ရောက်ရှိလာသောကြောင့် မှတ်တမ်းဝင်စာရင်း ပြုစုထားသည်။ ထိုသို့ ဆောင်းခိုငှက်များကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် သက်ဆိုင်ရာနိုင်ငံတို့ရှိ ရေဝပ်ဒေသတို့တွင် ပြည်တွင်း ပြည်ပခရီးသွားတို့ လေ့လာကြည့်ရှုနိုင်သော အခြေခံခရီးသွားလုပ်ငန်းကို မြှင့်တင်ဖော်ဆောင်လျက်ရှိရာ အပန်းဖြေလေ့လာရာနေရာတစ်ခုအဖြစ် ဝင်ငွေရရှိသောကြောင့် နိုင်ငံတိုင်းတွင် ထိုဆောင်းခိုငှက်တို့ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်။



မိုးယွန်းကြီးအင်းတွင် ဆောင်းခိုငှက်ဖြစ်သော ကြိုးကြာခေါင်းနီငှက်ကို တွေ့ရစဉ်။

**နှစ်စဉ်ဝင်ငွေရရှိ**

ဧပြီလမှစ၍ မိုးယွန်းကြီးဘေးမဲတောတွင် ဌာနေရေပျော်ငှက်များဖြစ်သော မယ်ညို၊ ငှက်စလူ၊ ရေဘဲ၊ ဗျိုင်း၊ အော်ရော်ငှက် အပါအဝင် ရေပျော်ငှက်များ အများဆုံးတွေ့ရှိရပြီး တစ်နှစ်ပတ်လုံး ကျက်စားနေထိုင်လျက် ရေဝပ်ဧရိယာဖြစ်သောကြောင့် သစ်ပင်ကြီးများမရှိဘဲ မြက်တော၊ ဒိုက်တောနှင့် ကြာမျိုးစုံ ပေါက်ရောက်လျက်ရှိသည်။ မိုးယွန်းကြီးဘေးမဲ့တောဧရိယာမှာ ဧက ၁၅၆၀၀ (စတုရန်းမိုင် ၄၀) ကျယ်ဝန်းပြီး သစ်တောဦးစီးဌာနမှ ဧက ၃၆၀ အကျယ်တွင် ရွှေပြည်အေးကုမ္ပဏီထံ နှစ်ရှည်ငှားရမ်း၍ အပန်းဖြေစခန်း၊ ကြာမျိုးစုံနှင့် ရေပျော်ငှက်တို့ကို ကြည့်ရှုရန် စက်လှေဖြင့် ဝန်ဆောင်မှုပေးထားသောကြောင့် ထိုငှားရမ်းမှုမှ ဌာနအတွက် နှစ်စဉ်ဝင်ငွေရရှိသည်။

**ဖွင့်လှစ်ထား**

ကိုဗစ်-၁၉ ရောဂါမတိုင်မီက ပြည်တွင်း ပြည်ပလာရောက်လေ့လာမှုများသော နေရာတစ်ခုဖြစ်ခဲ့ပြီး တစ်နှစ်လျှင် ခရီးသွား ၈၀၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့သည်။ ပြည်ပခရီးသွားအနေဖြင့် နိုင်ငံခြားခရီးသွားနှင့် ငှက်ဝါသနာရှင်များ လာရောက်လေ့ရှိပြီး ပြည်တွင်းခရီးသွားများလည်း အပန်းဖြေလေ့ရှိသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးစည်းကမ်းနှင့်အညီ လာရောက်လေ့လာအပန်းဖြေသူများရှိပြီး ဧပြီလက ခရီးသွား ၂၈၀၀ ခန့် လာရောက်လည်ပတ်ခဲ့ကာ မိုးယွန်းကြီးအင်းဘေးမဲ့တော ဝင်ကြေးတစ်ဦးလျှင် ကျပ် ၁၀၀၀ ဖြစ်သည်။ ညအိပ်ခရီးစဉ်အနေဖြင့် လည်ပတ်နိုင်ပြီး ပဲခူးမြို့မှ ၄၂ မိုင်အကွာ ပျဉ်ပုံကြီးအလွန် ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေး၌ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ဖွင့်လှစ်ထားသည်။

**ဂုဏ်ယူဖွယ်ဖြစ်**

ပဲခူးတိုင်းဒေသကြီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုအဖွဲ့ (Wildlife Conservation Society – WSC)မှ ပူးတွဲသုတေသနပြုလုပ်စဉ် လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်က မျိုးတုံးပျောက်ကွယ်ပြီဟု ယူဆခဲ့သော Jerdon's babbler ဟုခေါ်သည့် ရှားပါးစာကလေးငှက်တစ်မျိုးကို တွေ့ရှိမှတ်တမ်းတင်ခဲ့ရာ မိုးယွန်းကြီးအင်းဘေးမဲ့တော ရမ်ဆာရေဝပ်ဒေသစားကျက်မြေတွင် နေထိုင်ကျက်စားမှုသည် ကမ္ဘာ့ရှားပါးငှက်များ နားခိုရာနေရာတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ဖြစ်သည်။

**အပန်းဖြေခရီးစဉ်နှင့် ငှက်ဝါသနာရှင်တို့ ကြည့်ရှုလေ့လာနိုင်ရန်**

မြန်မာနိုင်ငံတွင် မျိုးတုံးလုနီးပါးဖြစ်သော ငှက်မျိုးစိတ်တို့ကို အင်းတော်ကြီးအိုင်၊ အင်းလေးကန် အပါအဝင် ရေဝပ်ဒေသတို့၌ ကျက်စားသည့်နည်းတူ ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းဘေးမဲ့တောတွင်လည်း ဌာနေငှက်များအဖြစ် နေထိုင်လျက်ရှိရာ ထိုအင်းသို့ ကမ္ဘာ့မြောက်ခြမ်းမှ ဆောင်းခိုငှက်များ နှစ်စဉ် လာရောက်ကျက်စားနားခိုခြင်းကြောင့် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ထားသော မိုးယွန်းကြီးဘေးမဲ့တောတွင် မျိုးတုံးလုနီးပါး ငှက်မျိုးစိတ်အပါအဝင် ဌာနေရေပျော်ငှက်နှင့် ဆောင်းခိုငှက်မျိုးစိတ်ပေါင်း ၁၇၂ မျိုး ရှင်သန်ကျက်စားလျက် အပန်းဖြေခရီးစဉ်နှင့် ငှက်ဝါသနာရှင်တို့ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်း-ညိမ်းသူ၊ ဓာတ်ပုံ-ကနူး**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းကျော် ကုသပေးနိုင်ခဲ့



**နေပြည်တော် မေ ၁၆**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိက အကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များ စုစည်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၀၆၂၅၂ ဦးနှင့် အတွင်းလူနာပေါင်း ၆၃၂၃၅ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၉၆၄၇ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၄၈၉၉ ဦး စုစုပေါင်း ၁၄၅၄၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၄၉၈၈ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၇၃၄၆ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၂၃၃၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး



**နေပြည်တော် မေ ၁၆**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀)မြို့နယ် အဆောင်၌ အသွားအလာကန့်သတ်ထားရှိခဲ့သည်။

ထိုသို့ အသွားအလာကန့်သတ်ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၀၁ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်မတော်ဆေးရုံမှဆေးကုသရေးအဖွဲ့က ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၆၉၀၉ ဦးကို စစ်ဆေးပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) နောက်ထပ်လှိုင်း တစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက်(၃)

ကိုရိုနာဗိုင်းရပ်စ်(COVID-19)ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိရာ ရောဂါကူးစက်ဖြစ်ပွားသူဦးရေ(၁၅၆.၇)သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ (၃.၂)သန်းကျော်ရှိပြီဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ရောဂါသည် အရှိန်အဟုန်ဖြင့် ကူးစက်ဖြစ်ပွားလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ဝင်ရောက်၍ ကူးစက် ပြန့်ပွားခြင်းမရှိစေရန် အောက်ဖော်ပြပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **“ကိုရိုနာဗိုင်းရပ်စ် ရောဂါမိမိကစ၍ ကာကွယ်ပါ”** ဟူသည့်ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေလိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည်-

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျတပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield)ကို တွဲဖက်တပ်ဆင်ပါ၊
(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်လုပ်ကိုင်ပါ၊
(၃) လူစုလူဝေးရှောင်ပါ၊
(၄) လက်ကို စက္ကန့်(၂၀)ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊
(၅) အလုံပိတ်အခန်းများ၊ အဲကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ၊
(၆) အိမ်ပြင်သို့ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံးစသည့်...နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊
(၈) ပါးစပ်နှင့်နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊
(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊
(၁၀) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊
(၁၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊
(၁၂) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း ရုတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



○ ချယ်လ်ဆီးအသင်းမှ

လက်စတာစီးတီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပေးခဲ့တဲ့ တီယယ်လီမန်ဟာ အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တဲ့ တတိယမြောက် ဘယ်လ်ဂျီယံနိုင်ငံသား ကစားသမားဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်းက အေဒင်ဟာဇက်ဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ဂိုးသွင်းယူနိုင်ခဲ့ကာ ၂၀၁၉ ခုနှစ်အတွင်းက ကီဗင်ဒီဘရိုင်းဟာ မန်စီးတီးအသင်းနဲ့အတူ ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာဟာ နည်းပြဖာဂူဆန်နောက်ပိုင်း အင်္ဂလန် အက်ဖ်အေဖလားနဲ့ စကော့တလန် အက်ဖ်အေဖလားပြိုင်ပွဲတို့မှာ ဖလားနှစ်ခုစလုံးရယူနိုင်ခဲ့တဲ့ ပထမဆုံးနည်းပြလည်း ဖြစ်လာခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းဟာ လက်စတာစီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်ကို နှစ်ရာသီဆက်တိုက် တက်လှမ်းခွင့်ရရှိခဲ့ပြီး နှစ်ရာသီစလုံးမှာ ရှုံးနိမ့်ကာ အက်ဖ်အေဖလားကို လက်လွှတ်ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ တစ်ပတ်အတွင်းမှာ နှစ်ကြိမ်ထိပ်တိုက်တွေ့ဆုံနေပြီး မေ ၁၈ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ် ၃၇ ကို ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ လက်စတာစီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ လက်ရှိမှာ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် ၄ စာရင်းဝင်အသင်းတွေ ဖြစ်ပေမယ့် အဲဒီပွဲစဉ်မှာ အနိုင်ရရှိတဲ့အသင်းဟာ လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ ပိုမိုသေချာသွားမှာဖြစ်ပါတယ်။

ငွေကြယ်

❒

● ၂၀၂၂ အာရှဖလားမှ

အရှေ့ အာရှဇုန်အုပ်စု ငါးခုတွင် ငါးသင်း နှစ်အုပ်စုနှင့် လေးသင်း သုံးအုပ်စု၊ အနောက်အာရှဇုန်အုပ်စု ခြောက်ခုတွင် လေးသင်းစီပါဝင်မည်ဖြစ်သည်။ အနောက်အာရှဇုန် Pot-1 တွင် ဆော်ဒီအာရေဗျ၊ ဥဇဘက်ကစ္စတန်၊ ဆီးရီးယား၊ ဂျော်ဒန်၊ ယူအေအီး၊ အီရန်၊ Pot-2 တွင် အီရတ်၊ ကာတာ၊ ဘာရိန်း၊ တာဂျစ်ကစ္စတန်၊ အိုမန်၊ ပါလက်စတိုင်း၊ Pot-3 တွင် ဘင်္ဂလားဒေ့ရှ်၊ အာဖဂန်နစ္စတန်၊ လက်ဘနွန်၊ ကူဝိတ်၊ တာ့ခ်မင်နစ္စတန်၊ ယီမင်၊ Pot-4 တွင် အိန္ဒိယ၊ ကာဂျစ္စတန်၊ နီပေါ၊ မော်လ်ဒိုက်၊ သီရိလင်္ကာနှင့် ဘူတန်၊ အရှေ့အာရှဇုန် Pot-1 တွင်တောင်ကိုရီးယား၊ ဩစတြေးလျ၊ ထိုင်း၊ မြောက်ကိုရီးယား၊ ဗီယက်နမ်၊ Pot-2 တွင် ဂျပန်၊ တရုတ်၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ Pot-3 တွင် ဟောင်ကောင်၊ အင်ဒိုနီးရှား၊ လာအို၊ တီမော၊ ကမ္ဘောဒီးယား၊ Pot-4 တွင် တရုတ်တိုင်ပေ၊ မွန်ဂိုလီးယား၊ ဖိလစ်ပိုင်၊ မကာအို၊ ဘရူနိုင်း၊ မြောက်မာရီယာနာကျွန်းစု၊ ဂူအမ်အသင်းတို့ ပါဝင်နေသည်။ ခြေစစ်ပွဲကျင်းပမည့် ပုံစံအရအုပ်စု ၁၁ ခုမှ ထိပ် ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး လေးသင်း စုစုပေါင်း ၁၅ သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် အကြိမ်တိုင်း ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုံးကျင်းပသည့် ၂၀၁၄ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရခဲ့သော်လည်း ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၂၀ ပြိုင်ပွဲတို့တွင် ခြေစစ်ပွဲမအောင်ခဲ့ပေ။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲပြီးပါက ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲနှစ်ခုအတွက် ပြင်ဆင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသား ပိုပေ့ါဗ်က ကိုင်တွယ်မည်ဖြစ်သည်။ **ကိုညီလေး**

❖ အာဆီယံမှ

သို့သော် ယင်းပြိုင်ပွဲပုံစံအတိုင်း ကျင်းပနိုင်ရန် အာဆီယံဒေသတွင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ရန် လိုအပ်နေပြီး ရောဂါအခြေအနေအပေါ် မူတည်၍ ပြိုင်ပွဲကျင်းပမည့်ပုံစံအား ပြန်လည်အတည်ပြုသွားမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ကို ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် အကြိမ်တိုင်း ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးရပ်တည်မှုအဖြစ် ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ကာ ကျန်ပြိုင်ပွဲများတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နှစ်လယ်ပိုင်းတွင် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နှစ်ကုန်ပိုင်းတွင်လည်း ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စတင်ကျင်းပ

အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခင်က တိုက်ဂါးဖလားပြိုင်ပွဲ၊ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲအမည်များဖြင့် ကျင်းပခဲ့ကာ ၂၀၀၈ ခုနှစ်မှစ၍ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအမည်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ထိုင်းအသင်းက ချန်ပီယံဆုငါးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကာ စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

ကိုညီလေး





## ၁။ ဆေးလိပ်၊ ကွမ်းယာရှောင်ကြဉ်ပါ

ဆေးလိပ်၊ ကွမ်းယာတွင် ပါဝင်သော ဆေးရွက်ကြီးသည် အောက်ပါရောဂါများကို ဖြစ်ပွားစေပါသည်။

- ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး
- နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း
- အဆုတ်ပွရောဂါ၊ ပြင်းထန်သွေးတိုးရောဂါ
- ခြေပုပ်လက်ပုပ်ရောဂါ
- ပန်းသေ ပန်းညှိုးရောဂါ

အဆိုပါရောဂါများသည် ကိုယ်တိုင်ဆေးလိပ်သောက်သူသာမက သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရသူများကိုလည်း အလားတူဖြစ်ပွားစေသဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



**ကမ္ဘာ့အပူချိန်**

**လျှော့ချဖို့**

**အိုဇုန်းလွှာ**

**ကာကွယ်မှုနဲ့အတူ**

**ဆက်လက်**

**ဆောင်ရွက်စို့**


**မော်တော်ယာဉ်အမှတ် YGN 7D/5562 HONDA INSIGNT ZE2 (အဖြူရောင်)နှင့်ပတ်သက်၍ အများသိစေရန်**

အဆိုပါ မော်တော်ယာဉ်ကို ပိုင်ရှင်ဖြစ်သူ ဦးလင်းအောင်[၁၂/ကမရ(နိုင်)၀၁၂၀၁၉]က မမျိုးအင်ကြင်း[၁၂/စခန(နိုင်)၀၆၂၄၈၇](ရွှေဂျိုးကူ ကားငှားဝန်ဆောင်မှု) အမှတ်(၇၉၀)၊ လောပိတလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံ(မြောက်)ထံသို့ ငှားရမ်းထားစဉ် မမျိုးအင်ကြင်းမှ အဆိုပါကားကို အလွဲသုံးစားပြုလုပ်ထားကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ယင်းမော်တော်ယာဉ်အား လက်ခံထားရှိသူသည် ကျွန်ုပ်နှင့်ဆက်သွယ်၍ ဤကြော်ငြာစာပါသည့်နေ့မှ (၁)ပတ်အတွင်း ပြန်လည်ပေးအပ်ပါရန်နှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ပြန်လည်ပေးအပ်ခြင်းမပြုပါက မော်တော်ယာဉ်လက်ခံထားသူကိုပါ ဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၅၂၀/၂၂-၁၁-၂၀၁၂)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**Ph:09-5181820,09-965181820**

**ဦးသောင်းမြင့်[၁၂/ပဘတ(နိုင်)၀၀၇၃၁၃]မှ ၁၀-၅-၂၀၂၁ရက်စွဲပါ ကြေးမုံသတင်းစာ၏ ဒေါ်ဝေဝေမြင့်[၁၂/ရကန(နိုင်)၀၂၇၀၅၅]နှင့် အများသိစေရန် ကြော်ငြာခဲ့ခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း**

ကျွန်မ ဒေါ်နုနုရင်[၁၂/ဗတထ(နိုင်)၀၀၇၀၉၆]၊ အမှတ်(၁၂)၊ (၄)လွှာ၊ (၈၇)လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေထိုင်သူက အောက်ပါအတိုင်း ရှင်းလင်းကြော်ငြာအပ်ပါသည်။

ကျွန်မနှင့် ဦးသောင်းမြင့်တို့မှာ တရားဝင်အကြင်လင်မယားများဖြစ်ကြပါသည်။ ဦးသောင်းမြင့်သည် ရှေ့နေများမှတစ်ဆင့် ကြေးမုံသတင်းစာကြော်ငြာ၌ "၁-၆-၂၀၂၀ရက်တွင် ဒေါ်နုနုရင်နှင့်ဒေါ်ဝေဝေမြင့်တို့ချုပ်ဆိုခဲ့သော "နှစ်ဦးသဘောတူတိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"သည် ငွေကြေးပြဿနာများအတွက် တိုးရင်းငွေကို တိုက်ခန်းတန်ဖိုးသတ်မှတ်ပြီး ရောင်းပေါင်အဖြစ် ဟန်ဆောင်ချုပ်ဆိုထားသော စာချုပ်ဖြစ်ကြောင်းသိရှိခဲ့၍"ဟု ဖော်ပြချက်သည် မှန်ကန်မှုမရှိပါ။ ကျန်အကြောင်းအရာများမှာလည်း လွဲမှားစွာဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ ကျွန်မခင်ပွန်းဖြစ်သူ ဦးသောင်းမြင့်၏သတင်းစာတွင် လွဲမှားစွာဖော်ပြကြော်ငြာခဲ့ခြင်းသည် ဒေါ်ဝေဝေမြင့်၏ ကိုယ်၊ စိတ်နှစ်ပါးဆင်းရဲကာ ဂုဏ်သိက္ခာကျဆင်းခဲ့ရပါသည်။ ကျွန်မအနေဖြင့် ခင်ပွန်းဖြစ်သူ ဦးသောင်းမြင့်ကိုယ်စား အနူးအညွတ်တောင်းပန်အပ်ပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်နုနုရင်[၁၂/ဗတထ(နိုင်)၀၀၇၁၉၆]**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုရတနာလမ်းမကြီး၊ အခန်း(6A)၊ အမှတ်(၇၅)နေ ဦးဟန်မင်းထွန်း[၁၂/ဒလန(နိုင်)၀၃၆၁၄၃]၊ ဒေါ်တင်တင်ယု[၁၂/တတန(နိုင်)၁၆၆၂၈၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြို့မ(၂)ရပ်ကွက်၊ ဈေးလမ်း၊ မြေကွက်အမှတ်(၁၅၄၈)၊ အိမ်အမှတ်(၅၅)၊ မြေအကျယ်အဝန်း ပေ(၂၅x၅၀)၊ ဧရိယာ(၁၂၅၀)စတုရန်းပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်တင်အေး[၁၂/ဒလန(နိုင်)၀၈၆၈၈၂](CK-၀၀၁၃၇၈) အမည်ပေါက် လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသည့် မြေနှင့်အိမ်ဖြစ်၍ ကျွန်ုပ်တို့၏မိတ်ဆွေများမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေ၊ အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် (၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးအေးမော်** | **ဒေါ်အိအိခိုင်** | **ဒေါ်စီစီဝင်း** |
| **(LL.B,D.B.L,WIPO)** | **(LL.B)** | **(LL.B)** |
| **(စဉ်-၇၆၀၇)** | **(စဉ်-၁၆၀၇၅)** | **(စဉ်-၂၂၇၃၆)** |

**(တရားလွှတ်တော်ရှေ့နေများ)** **(အထက်တန်းရှေ့နေ)**
**အမှတ်(၄၉)၊ အခန်း(၅)၊ လမ်း(၄၀)(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Star Flower Law Firm Ph:09-250326644, 09-254405798**

**ဦးဇော်ကိုကိုဝင်း (ဘ) ဦးဝင်းကြည် [၁၄/မမန(နိုင်)၁၈၉၁၆၁]နှင့် အများသိစေရန် အသိပေးကြေညာခြင်း**


ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၅)၊ လူနေရပ်ကွက်(၆၅)ရပ်ကွက်၊ ဇောတိကလမ်း၊ မြေကွက်အမှတ် (၅၇၅)၊ ဧရိယာ(၄၀ပေx၆၀ပေ) အကျယ်ရှိမြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ငွေကျပ်သိန်း(၁၂၀၀)နှင့် ရောင်းချရန်အတွက် ဦးဇော်ကိုကိုဝင်းမှဦးစိုးမိုးနိုင်ကို ကမ်းလှမ်းခဲ့ပါသည်။ အဆိုပါကမ်းလှမ်းချက်ကို ဦးစိုးမိုးနိုင်မှ လက်ခံပြီးအဆိုပါတန်ဖိုးငွေဖြင့် ဝယ်ယူရန်အတွက် ဦးစိုးမိုးနိုင်မှဦးဇော်ကိုကိုဝင်းအား ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကျပ်သိန်း (၉၀၀)ပေးချေထားပြီးဖြစ်ပါသည်။ ကျန်ငွေကျပ်သိန်း (၃၀၀)အား (၃၀-၄-၂၀၂၁)ရက်တွင် ပေးချေရန်နှစ်ဖက်သဘောတူသည့်အလျောက် (၃၀-၄-၂၀၂၁) ရက်တွင် ကျန်ငွေကိုပေးချေပြီး အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ဦးစိုးမိုးနိုင်မှ ဦးဇော်ကိုကိုဝင်းအား ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း ဦးဇော်ကိုကိုဝင်းမှ ရှောင်တိမ်းနေခဲ့သည့်အပြင် ဖုန်းဖြင့်ဆက်သွယ်သော်လည်း ဖုန်းလက်ခံဖြေကြားခြင်းမရှိပါ။

ဦးစိုးမိုးနိုင်မှ လူမှုရေးအရစောင့်ဆိုင်းပြီး အပြီးသတ်ငွေချေရန်နှင့် အရောင်းအဝယ်စာချုပ်ကိုပြီးဆုံးအောင်ချုပ်ဆိုနိုင်ရန် စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း ယနေ့ချိန်ထိ ဆက်သွယ်၍မရခဲ့ပါ။ အဆိုပါဖြစ်ရပ်မှန်များကို ထိမ်ချန်၍ဦးဇော်ကိုကိုဝင်းမှ အပြီးသတ်ငွေချေမည့်နေ့တွင် ဦးစိုးမိုးနိုင်မှ ကျန်ငွေမချေသည့်အတွက် ပေးထားသောစရန်ငွေ ဆုံးရှုံးသွားပြီဖြစ်ကြောင်း (၁၁-၅-၂၀၂၁) ရက်စွဲဖြင့်ရှေ့နေမှတစ်ဆင့် နို့တစ်စာပေးပို့ခဲ့ပါသည်။ ဦးဇော်ကိုကိုဝင်း၏ ဆောင်ရွက်ချက်များမှာဦးစိုးမိုးနိုင်၏ငွေကို မတရားဆုံးရှုံးစေရန်အကြံဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးဇော်ကိုကိုဝင်းအနေဖြင့် ဤသတင်းစာကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ဦးစိုးမိုးနိုင်ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ဆက်သွယ်၍ကျန်ငွေကိုလက်ခံပြီး အရောင်းအဝယ်စာချုပ်အား ဆက်လက်ချုပ်ဆိုပေးပါရန်နှင့် လိုက်နာဆောင်ရွက်မှုမရှိပါက ဦးစိုးမိုးနိုင်၏ဆန္ဒအရတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာတရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇော်ကိုကိုဝင်းနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးမိုးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မျိုးမမစိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၁၇၃)**
**အမှတ်-၁၉၀၊ စိန်ပန်းမြိုင်လမ်း၊ ၁၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၆၁၈၁၈၁၈၀**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် [illegible] ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါရန်နှိုးဆော်ခြင်း








[illegible]



[illegible]



[illegible]



[illegible]




[illegible]



[illegible]

[illegible]



# မိုးယွန်းကြီးအင်းဘေးမဲ့တော အများပြည်သူအပန်းဖြေလေ့လာရန် ဖွင့်လှစ်ထား

ရန်ကုန် မေ ၁၆

**မြန်မာနိုင်ငံတွင် မျိုးတုံးလုနီးပါးရေပျော်ငှက်များနှင့် ဆောင်းခိုငှက်မျိုးစိတ် ၁၇၂ မျိုးနားခိုရာ ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းဘေးမဲ့တောကို အများပြည်သူ လေ့လာအပန်းဖြေရန် ဖွင့်လှစ်ထားကြောင်း သိရသည်။**

အဆိုပါ မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ဌာနေရေပျော်ငှက် ၁၃၀ခန့်နှင့် ဆောင်းခိုငှက်မျိုးစိတ် ၄၀ ကျော် ကျက်စားသောကြောင့် ရေဝပ်ဒေသဘေးမဲ့တော၌ ငှက်မျိုးစိတ်ပေါင်း ၁၇၂ မျိုးကို မှတ်တမ်းတင်ထားပြီး ယခုလမှစ၍ ဆောင်းခိုငှက်များ နေရပ်ဒေသသို့ ပြန်ချိန်တွင် ဌာနေရေပျော်ငှက်မျိုးစိတ်တို့ နေထိုင်ကျက်စားလျက်ရှိသည်။ “မိုးယွန်းကြီးဘေးမဲ့တောမှာ ရေပျော်ငှက်နဲ့ ဆောင်းခိုငှက်မျိုးစိတ်ပေါင်း ၁၇၂ မျိုးကို မှတ်တမ်းတင်ထားပါတယ်။ ရှားပါးငှက်မျိုးစိတ်ဆိုရင် ကြိုးကြာခေါင်းနီ၊ ငှက်ကျား၊ ခရုစုပ်ခေါင်းမည်းနဲ့ ငှက်ကြီးဝန်ပို စတဲ့ မျိုးတုံးလုနီးပါး ငှက်မျိုးစိတ်တွေကို ကာကွယ်စောင့်ရှောက်ပါတယ်။ ဒီမှာလေ့လာမှုအပြင် အပန်းဖြေနားခိုလို့ရအောင် စီမံပေးထားပြီးတော့ ကိုဗစ်-၁၉ ရောဂါမတိုင်မီက ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေ

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ✻

ကြေးမုံ ယနေ့ ဖတ်စရာ

## တရုတ်နိုင်ငံရဲ့ အာကာသဆိုင်ရာ ဖွံ့ဖြိုးမှုတွေနဲ့အတူ အင်္ဂါဂြိုဟ်ပေါ် ခြေချနိုင်ခဲ့ပြီ



စာမျက်နှာ » ၁၂

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သောင်းကျန်းသူများက လုံခြုံရေးတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်

စာမျက်နှာ » ၂၀

## အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထား

**ရန်ကုန် မေ ၁၆**

အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ဒီဇင်ဘာလတွင်ကျင်းပရန် စီစဉ်ထားသည်။ ယင်းပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။

**ကျင်းပရန် စီစဉ်ထား**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၃၁ ရက်အထိ ကျင်းပရန် စီစဉ်ထားပြီး ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ပြုလုပ်မည်ဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုအဆင့်တွင် အိမ်ရှင်နိုင်ငံ သီးခြားရွေးချယ်ခြင်းမပြုတော့ဘဲ အသင်းတစ်သင်းလျှင် အုပ်စုလေးပွဲအား အိမ်ကွင်း နှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုမူ အိမ်ကွင်း၊ အဝေးကွင်း ပုံစံကျင်းပသွားမည်ဖြစ်သည်။

**စာမျက်နှာ ၂၈ ကော်လံ ၄ သို့** ❖

## ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များ ထုတ်ပြန်

**ရန်ကုန် မေ ၁၆**

၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာနောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်သည် အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များ ထုတ်ပြန်လိုက်ပြီဖြစ်သည်။ ယင်းခြေစစ်ပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

၂၀၂၂ အာရှဖလား ယူ-၂၃ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲကို ပါကစ္စတန်အသင်းမှလွဲ၍ ကျန် ၄၆ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အရှေ့အာရှဇုန်တွင် ၂၂ သင်း၊ အနောက်အာရှဇုန်တွင် ၂၄ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အရှေ့အာရှဇုန်တွင် အုပ်စု ငါးခု၊ အနောက်အာရှဇုန်တွင် အုပ်စု ခြောက်ခု ပါဝင်မည်ဖြစ်ပြီး

**စာမျက်နှာ ၂၈ ကော်လံ ၁ သို့** ●




## ချယ်လ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး လက်စတာအသင်း အက်ဖ်အေဖလား ပထမဆုံးအကြိမ် ဆွတ်ခူး

ချယ်လ်ဆီးအသင်းနဲ့ လက်စတာစီးတီးအသင်းတို့ မေ ၁၅ ရက် ညပိုင်းက ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ လက်စတာစီးတီးအသင်းက ချယ်လ်ဆီးအသင်းကိုအနိုင်ရပြီး အက်ဖ်အေဖလားကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ လက်စတာစီးတီးအသင်းတို့ဟာ ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်ရောက်မှသာ လက်စတာစီးတီးအသင်းက တီယယ်လီမန်ရဲ့ သွင်းဂိုးရရှိခဲ့ပြီး အဲဒီတစ်လုံးတည်းသောသွင်းဂိုးနဲ့ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**စာမျက်နှာ ၂၈ ကော်လံ ၁ သို့** ○

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

# ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း

၂၀၂၁ ခုနှစ်၊ မေလ ၁၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အဆိုပါ ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်၌ မဲဆန္ဒရှင် စုစုပေါင်း ၂၁၂၉၁၆ ဦး ရှိသည့်အနက် ၁၆၂၈၅၇ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၆.၄၉ ရာခိုင်နှုန်းရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၁၂ ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
(ဂ) ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ၊
(ဃ) ကရင်အမျိုးသားပါတီ၊
(င) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊
(စ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
(ဆ) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊
(ဇ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
(ဈ) ကယန်းအမျိုးသားပါတီ၊
(ည) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(ဋ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊
(ဌ) မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ၊
(ဍ) တစ်သီးပုဂ္ဂလ။

၃။ ထိုသို့စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၁၂၉၁၆ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၁၄၀၇၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၅၅၅၂ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၉၃၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၆၆၈၀ ဦး ဖြစ်သည်။

“သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ” ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ”

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၂၃၃ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၃၈၈၀၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၂၈၄၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၅၉၅၆၊ မြေပြင်လက်ကျန် ၇၅၂၇၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၄၆၈ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၇၈၈ ဖြစ်သည်။ မြို့နယ်အလိုက်ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

၆။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | လွိုင်ကော်မြို့နယ် | ၈၁ | ၁၀၀၂၆၇ | ၉၄၅၁၂ | ၃၃၇၅ | ၆၅၈ | ၁၀၀၉၄ |
| ၂ | ဒီးမော့ဆိုမြို့နယ် | ၆၄ | ၅၆၆၇၄ | ၆၂၉၀၃ | ၂၃၉ | ၂၃၀ | ၄၇၃၈ |
| ၃ | ဖရူဆိုမြို့နယ် | ၃၇ | ၁၉၉၅၃ | ၂၃၂၉၄ | ၁၅၉ | ၃၆ | ၁၀၉၆ |
| ၄ | ရှားတောမြို့နယ် | ၉ | ၅၆၂၈ | ၅၀၈၇ | ၃၉ | ၃ | ၁၄၂ |
| ၅ | ဘောလခဲမြို့နယ် | ၁၆ | ၈၂၀၇ | ၇၈၆၇ | ၂၀ | | ၁၄၆ |
| ၆ | ဖားဆောင်းမြို့နယ် | ၁၇ | ၁၆၉၁၂ | ၁၅၈၁၄ | ၁၆၇၅ | | ၃၇၂ |
| ၇ | မယ်စဲ့မြို့နယ် | ၉ | ၅၂၇၅ | ၄၅၉၇ | ၄၅ | ၃ | ၉၂ |
| | ပြည်နယ်ချုပ် | ၂၃၃ | ၂၁၂၉၁၆ | ၂၁၄၀၇၄ | ၅၅၅၂ | ၉၃၀ | ၁၆၆၈၀ |

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | လွိုင်ကော်မြို့နယ် | ၈၁ | ၁၀၉၆၃၉ | ၇၅၇၁၈ | ၃၃၉၂၁ | ၃၃၆၂၅ | ၉၉၄ | ၆၉၈ |
| ၂ | ဒီးမော့ဆိုမြို့နယ် | ၆၄ | ၆၄၉၈၄ | ၄၆၁၁၆ | ၁၈၆၆၈ | ၁၈၁၈၈ | ၆၁၉ | ၁၃၉ |
| ၃ | ဖရူဆိုမြို့နယ် | ၃၇ | ၂၃၉၀၉ | ၁၄၆၄၃ | ၉၂၆၆ | ၉၁၉၀ | ၃၇၄ | ၂၉၈ |
| ၄ | ရှားတောမြို့နယ် | ၉ | ၆၁၅၆ | ၄၃၁၁ | ၁၈၄၅ | ၁၈၇၁ | | ၂၆ |
| ၅ | ဘောလခဲမြို့နယ် | ၁၆ | ၉၇၄၁ | ၆၉၈၇ | ၂၇၅၄ | ၂၅၇၂ | ၂၄၁ | ၅၉ |
| ၆ | ဖားဆောင်းမြို့နယ် | ၁၇ | ၁၈၄၈၄ | ၁၀၄၃၄ | ၈၀၅၀ | ၈၃၇၈ | ၂၄၀ | ၅၆၈ |
| ၇ | မယ်စဲ့မြို့နယ် | ၉ | ၅၈၉၂ | ၄၄၄၀ | ၁၄၅၂ | ၁၄၅၂ | | |
| | ပြည်နယ်ချုပ် | ၂၃၃ | ၂၃၈၈၀၅ | ၁၆၂၈၄၉ | ၇၅၉၅၆ | ၇၅၂၇၆ | ၂၄၆၈ | ၁၇၈၈ |

အချပ်ပို ၂ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**❖ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရ**

အချပ်ပို ၁ မှ

၇။ ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်

( က ) **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က)အရ** ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ ကယားပြည်နယ်၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၅၅၅၂ ဦး၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၉၃၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၆၆၈၀ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ကယားပြည်နယ်၌ မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

( ခ ) မဲရုံပေါင်း၂၃၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၃၈၈၀၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၂၈၄၉၊ ကျန်ရှိရမည့် အရေအတွက်မှာ ၇၅၉၅၆၊ မြေပြင်လက်ကျန် ၇၅၂၇၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၄၆၈၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက် ၁၇၈၈ ဖြစ်သည်။ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ်ပျောက်ဆုံးခြင်းများသည် တရားမဝင်ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

( ဂ ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆိုပါ မြို့နယ် ၇ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၁၆၂၈၅၇ ဦး၊ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၁၆၂၈၄၉ စောင်ဖြစ်၍ မဲလက်မှတ်သုံးစွဲမှုတွင် ၈ စောင် လျော့နည်းနေကြောင်း တွေ့ရှိရသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် မဲပေးသူဦးရေမှာ ၁၆၂၈၅၇ ဦး ဖြစ်ပြီး မဲရုံမဲပေးသူ ၁၂၈၇၀၀ ဦး၊ ကြိုတင်မဲပေးသူ ၃၄၁၅၇ ဦးဖြစ်သဖြင့် မဲရုံမဲပေးသူ ၇၉.၀၃ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၂၀.၉၇ ရာခိုင်နှုန်း ဖြစ်သည်။

( င ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( စ ) ကြိုတင်မဲများ၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရသည်။

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဇ ) COVID-19 ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဈ ) ပုံစံ(၁) မဲစာရင်းစာအုပ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အတည်ပြုလက်မှတ်ရေးထိုးထားမှုမရှိခြင်း၊ ရုံးတံဆိပ်ရိုက်နှိပ်ထားမှုမရှိခြင်းနှင့် မဲဆန္ဒရှင်များ လက်မှတ်ရေးထိုးခြင်း မရှိဘဲ မဲလက်မှတ်များ ထုတ်ပေးထားခြင်းတို့ကို စိစစ်တွေ့ရှိရသည်။

၈။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော မှားယွင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်-

(က) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက် ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်း တစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်း မရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်**ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်း မဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၄- ၈- ၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၇ / ၄၆၄- အထွေထွေ/ အဖရ(၂၀၂၀) ဖြင့် ညွှန်ကြားချက်အရ ကယားပြည်နယ်အစိုးရအဖွဲ့မှ ၅- ၈- ၂၀၂၀ ရက်နေ့တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ယင်းအဖွဲ့ကြောင့်ပင် လူဦးရေစာရင်းများထပ်ကာ မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်မှုများဖြစ်ပွားခဲ့ရကြောင်း စိစစ်တွေ့ရှိရသည်။ ယင်းအဖွဲ့၏ ညွှန်ကြားချက်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လူဦးရေစာရင်းများ ကျန်ရှိသေးကြောင်း ထပ်မံပေးပို့လာသည့် စာရင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများအနေဖြင့် မဲဆန္ဒရှင်စာရင်းများတွင် ထပ်မံထည့်သွင်းခဲ့ရကြောင်း တွေ့ရှိရသည်။ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရပ်ကွက်/ ကျေးရွာအုပ်စု) တို့မှ အောက်ခြေတွင် သေချာစွာ စိစစ်ခြင်းမရှိဘဲ ထပ်မံပေးပို့လာသည့် လူဦးရေစာရင်းများကြောင့် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီးသူများ ထပ်မံပါဝင်လာသဖြင့် မဲစာရင်းများ ဖောင်းပွခြင်း၊ ထပ်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

( ဂ ) အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များ ပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈- ၁၀- ၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁- ၁၀- ၂၀၂၀ ရက်နေ့တို့တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဃ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ်စိစစ်မှု မပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြု အမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ် မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည်လည်း မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

အချပ်ပို ၃ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**"ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၂- ၁၂- ၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၅၂/ ၂၀၁၇) ဖြင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ၂၃- ၁၂- ၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၅၃/ ၂၀၁၇) ဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကယားပြည်နယ်အတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၂ ခုနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၇ ခုတို့အတွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များခန့်အပ်မှု၊ အမည်စာရင်းပေးပို့မှုများအား ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် သိရှိခြင်းမရှိဘဲ ပြည်နယ်အစိုးရအဖွဲ့ (ပြည်နယ်ဝန်ကြီးချုပ်)မှ အမည်စာရင်းပေးပို့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အမာခံများ၊ ထောက်ခံသူများကို ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထည့်သွင်းခန့်အပ်တာဝန်ပေးခြင်း ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း စိစစ်တွေ့ရှိရ"**

အချပ်ပို ၂ မှ

( ၆ ) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၇- ၁၁- ၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ်(၃၂/ ၂၀၁၇) ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ယင်းနောက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၄- ၁၂- ၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၃/၂၀၁၇) ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် NLD ပါတီ အမာခံများထည့်သွင်း၍ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကြေညာချက်ကို ထပ်မံထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကြေညာချက်တွင် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များမှ ခန့်အပ်လိုသူများအား ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း တွေ့ရှိရပြီး ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ပတ်သက်ဆက်နွှယ်မှုများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

| | | | |
|---|---|---|---|
| ( ၁ ) | ဦးသန်းစိုး | ဥက္ကဋ္ဌ | (၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကယားပြည်နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အောင်နိုင်ရေးအဖွဲ့ အဖွဲ့ဝင် ပါတီအမာခံ) |
| ( ၂ ) | ဒေါ်ချိုချိုသန်း | အဖွဲ့ဝင် | (၎င်း၏ခင်ပွန်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအောင်နိုင်ရေးအဖွဲ့ အဖွဲ့ဝင်၊ စည်းရုံးရေးတာဝန်ခံ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကြီးသူ) |
| ( ၃ ) | ဒေါ်နွဲ့နွဲ့ခင် | အဖွဲ့ဝင် | (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီထောက်ခံသူ) |
| ( ၄ ) | ဦးတင်စိုး | အဖွဲ့ဝင် | (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီထောက်ခံသူ) |

( ၈ ) ထို့ပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၂- ၁၂- ၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၅၂/ ၂၀၁၇) ဖြင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ၂၃- ၁၂- ၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၅၃/ ၂၀၁၇) ဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကယားပြည်နယ်အတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ၂ ခုနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၇ ခုတို့အတွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်မှု၊ အမည်စာရင်းပေးပို့မှုများအား ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် သိရှိခြင်းမရှိဘဲ ပြည်နယ်အစိုးရအဖွဲ့ (ပြည်နယ်ဝန်ကြီးချုပ်)မှ အမည်စာရင်းပေးပို့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အမာခံများ၊ ထောက်ခံသူများကို ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထည့်သွင်းခန့်အပ်တာဝန်ပေးခြင်း ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၉။ အထက်ပါ အချက်များအရ NLD ပါတီအစိုးရသည် ရရှိထားသည့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုလုပ်ကာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ယင်းတို့၏ ပါတီတစ်ခုတည်းသာ အနိုင်ရရှိရေးနှင့် အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

၁၀။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှု အခြေအနေများကို စစ်ဆေးခဲ့ရာတွင် အထက်ပါ စိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**"မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူမဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရ"**



ကယားပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ကယားပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ယခင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ နိုင်ငံသားစိစစ်ရေးကတ်မရှိသည့် မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးကိစ္စ ညွှန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

စာအမှတ်၊ ၇ /၄မြ၄-အထွေထွေ/အဖရ(၂၀၂၀)
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်

အကြောင်းအရာ။ မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ခေါင်းဆောင်
ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် နေပြည်တော်ကောင်စီဝင်

(ဂ) ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

(ဃ) အတွင်းရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ — အဖွဲ့ဝင်

(င) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

၂။ ပံ့ပိုးကူညီရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ မဲဆန္ဒရှင် စာရင်းပြုစုခြင်း၊ ဖြင့်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်းဆောင်ရွက်မှုများတွင် ပံ့ပိုးကူညီသည့် အစိုးရဌာနများ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အခက်အခဲများ ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများကို သိရှိနိုင်ရန်အတွက် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးသွားရန်၊

(ခ) စစ်ဆေးတွေ့ရှိချက်အပေါ် လေ့လာသုံးသပ်၍ လိုအပ်ချက်များ ပြင်ဆင်ပေးသက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး မဲဆန္ဒရှင်များ စာရင်းကို ပြည့်စုံမှန်ကန်စွာ ပြုစုရေးနှင့် မဲဆန္ဒရှင်များ သတ်မှတ်ရက်အတွင်း အချိန်မီ မဲပေးနိုင်ရေး ပံ့ပိုးကူညီမှုများ ဆောင်ရွက်ရန်၊

(ဂ) ပံ့ပိုးကူညီရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်။

အမိန့်အရ

ဇော်သန့်သင်း
အမြဲတမ်းအတွင်းဝန်

ဖြန့်ဝေခြင်း
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ✓
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့(အားလုံး)

မိတ္တူကို
နိုင်ငံတော်သမ္မတရုံး(စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး)
သမ္မတဦးစီးရုံး
သမ္မတရုံးဝန်ကြီးဌာန
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
ရုံးလက်ခံ
မျှောစာတွဲ

## ယခင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အား ယခင်ပြည်နယ်အစိုးရအဖွဲ့က ထပ်ဆင့်ညွှန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ကယားပြည်နယ်

စာအမှတ်၊ ၄ / ၁၀ - ၂၀(ရွေးကော်)/ ဦး ၅
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၅ ရက်

အကြောင်းအရာ။ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ ဖွဲ့စည်းခြင်းကိစ္စ

ရည်ညွှန်းချက်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏(၄ - ၈ - ၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၇ / ၄မြ၄ - အထွေထွေ / အဖရ(၂၀၂၀)

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များဖွဲ့စည်းသွားရန်ရှိမှုအား ရည်ညွှန်းပါစာဖြင့် အကြောင်းကြားထားရှိမှုအပေါ် ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးအယ်လ်ဖောင်ဆို၊ ဝန်ကြီးချုပ် ကယားပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ခေါင်းဆောင်

(ခ) ဦးတော့စ်ကိုး၊ ဝန်ကြီး၊ နိုင်ငံ့ပြုံးဆရာ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကယားပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

